တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်

သူတို့၏

# လောကအမြင်

## မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်၏ မမြင်သာသော စိန်ခေါ်မှုများ

ဖက်ဒရယ်ယဉ်ကျေးမှုစာစဉ် – ၆

JOINT PEACE FUND

PYIDAUNGSU INSTITUTE
for peace & dialogue

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသည့်ကာလ - ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ (ပထမအကြိမ်)

အုပ်ရေ - ၁၅၀၀

မျက်နှာဖုံးဒီဇိုင်း - ဝေဖြိုး

အတွင်းဒီဇိုင်း - ပေါင်းဟွမ်

ထုတ်ဝေဖြန့်ချိသူ - ပြည်ထောင်စုအင်စတီကျူ့

Publication Series - P1219PI11-A

ရေးသားပြုစုသူ - ဖမ်းခန့်ထန်၊ ခါးနူးပန်တိုင်း

သုတေသနဒါရိုက်တာ - ဒေါက်တာစိုင်းဦး

# တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များနှင့် သူတို့၏ လောကအမြင်

## မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်၏ မမြင်သာသော စိန်ခေါ်မှုများ

ဖက်ဒရယ်ယဉ်ကျေးမှုစာစဉ် – ၆

JOINT PEACE FUND

PYIDAUNGSU INSTITUTE
for peace & dialogue

သိၚ်း

ရိၚ်း

ပကတိအရိတရား

ပြည်ထောင်စုအင်စတီကျူ့၏

## တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များနှင့် သူတို့၏ လောကအမြင်

သုတေသနစာတမ်းအပေါ် မိမိ၏အမြင်

ခေတ်အဆက်ဆက် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ ဖြေရှင်းနိုင်ရန် တန်းတူရည်တူ တွေ့ဆုံဆွေးနွေးရေး နည်းလမ်း မကျင့်သုံးနိုင်ခဲ့ခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ပိုမိုခိုင်မာ အားကောင်းလာစေခဲ့သည်ကို ဤသုတေသနစာတမ်းက ဖော်ထုတ်ထားသည်။

အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့၏ နောက်ခံသမိုင်း၊ ဇစ်မြစ်၊ စံတန်ဖိုး၊ လောက အမြင်၊ အရိုတရား (သို့မဟုတ်) ရှိမှုဗေဒ၊ အနာဂတ်ကိုယုံကြည်ခြင်း၊ ၎င်းတို့ထိန်းချုပ်ရာ နယ်မြေများတွင် နှစ်ပေါင်းများစွာ စီမံအုပ်ချုပ်နိုင်မှုနှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်များအပေါ် ဒေသခံတို့၏ ယုံကြည်အားကိုးမှု၊ အသိအမှတ်ပြုမှုများသည် အဖွဲ့အစည်းဆိုင်ရာပြုပြင် ပြောင်းလဲရေးများ ပြုလုပ်ရာတွင် မလွဲမသွေ အဓိကကျသည့်အခန်းကဏ္ဍသို့ ရောက်ရှိလာမည်ဖြစ်ပြီး ထိုအခန်းကဏ္ဍ အပေါ် နားလည်ခြင်း၊ အသိအမှတ်ပြုခြင်း၊ အလေးအနက်ထည့်သွင်းစဉ်းစားခြင်းများ မပြုလုပ်နိုင်လျှင် လက်ရှိ ငြိမ်းချမ်းရေး ခရီးစဉ်သည် ပန်းတိုင်မရောက်၊ လမ်းမပေါက်ဖြစ်မည်ကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုမှ သိမြင်နားလည်လာစေရန် ဤစာတမ်းက အားထုတ်ထားသည်ဟု ရှုမြင်သုံးသပ်မိပါသည်။

လက်နက်ကိုင် အဖွဲ့အစည်းများရှိခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများရှိခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်နေသောအရာများရှိခြင်း စသဖြင့် "ရှိခြင်း" ကို အသိအမှတ်ပြုရန် လိုအပ်သည်။ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု အဆင့်ထက် ကျော်လွန်ပြီး အစိုးရတစ်ရပ်သဏ္ဍာန်ဖြင့် အုပ်ချုပ်ခြင်း၊ ထိုသို့အုပ်ချုပ်စိုးမိုးနိုင်သော နယ်မြေဒေသတစ်ခုရှိနေခြင်း၊ ဒေသခံလူထုနှင့် နယ်မြေကို ကာကွယ်ရန် လက်နက်ကိုင် တပ်ဖွဲ့များရှိနေခြင်း၊ အမျိုးသားရေး စရိုက်လက္ခဏာ ရှိခြင်းနှင့် ဒေသခံလူထုကိုယ်တိုင်က ထိုဖြစ်တည်မှုများကို လက်ခံထားမှုရှိနေခြင်း စသည့် "ရှိခြင်း"ဆိုင်ရာကို ဖော်ထုတ်ထားသည့်အပြင် လူမျိုးအလိုက် တန်ဖိုးထားမှုဆိုင်ရာများဖြစ်သည့် အာဇာနည်နေ့၊ တော်လှန်ရေးနေ့၊ အမျိုးသားနေ့ စသဖြင့်

ဂုဏ်ယူဖွယ်ရာ အတိဖြင့် တည်ရှိနေသော သမိုင်းကြောင်းဆိုင်ရာ အမှတ်အသားများ ရှိခြင်းတို့ကို ဆက်စပ်တွေးယူနိုင်မည်ဟု မျှော်လင့်ပါသည်။

"ရှိခြင်း" နှင့်အတူ တဖက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ထောက်ခံအားပေး လျက်ရှိသော ဒေသခံလူထု၏ "သိခြင်း" သည်လည်း ဗမာပြည်မတွင် နေထိုင်ကြသော ပြည်သူများနှင့် ကွဲပြားခြားနားစွာ ခိုင်မြဲနေသည်ကို "ဒေသခံလူထုသည် မိမိတို့၏ဒေသတွင် လာရောက် ထိုးစစ်ဆင်နေသော၊ နယ်မြေထိန်းသိမ်းရေး လုပ်ဆောင်နေသော အစိုးရစစ်တပ်ကို ဗမာတပ်ဟူ၍ပင် ခေါ်ဝေါ်သိမှတ်စွဲလမ်းမှုရှိသည်" ဟူသည့် ထုတ်နှုတ်မှုအရ မြင်တွေ့နိုင်မည်ဖြစ်သည်။

လက်နက်ကိုင်လမ်းစဉ် ပြောင်းလဲရေးသက်သက်ဖြင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရန် မည်မျှအခက်အခဲရှိနိုင်သည်ကို အဓိကမီးမောင်းထိုးတင်ပြထားပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသများ၏ နိုင်ငံရေးစနစ်နှင့် အုပ်ချုပ်ရေးစနစ်တို့ကိုပါ ချိန်ညှိပြောင်းလဲရန် လိုအပ်ချက်နှင့် ၎င်းဒေသများတွင်ရှိသော ဒေသခံများ၏ လူမှုဘဝလုံခြုံမှု၊ တရားမျှတမှုတို့ရရှိနေသော အခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုအပ်သော စဉ်းစားချက်၊ ပြင်ဆင်ချက်၊ ဆောင်ရွက်ချက်များ မရှိသရွေ့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကြီးမားသော အတားအဆီးများ ဖြစ်ပေါ်နေမည်ကို မြင်သာစေမည် ဖြစ်ပါသည်။

လေးစားစွာဖြင့်
ရဲဘော်မိဆူးပွင့်
ဗဟိုဦးဆောင်ကော်မတီဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
(၂) ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၉

# အကျဉ်းချုပ်မိတ်ဆက်

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မြင်သာသောအတားအဆီးများရှိသကဲ့သို့ မမြင်သာသော အတား အဆီးများလည်းရှိနိုင်ပါသည်။ မမြင်သာသောအတားအဆီးများတွင် သက်ဆိုင်ရာအုပ်စုများ၏ အသားကျနေသော စဉ်းစားမှုစနစ်သည်လည်း အဓိကအကြောင်းအရာဖြစ်နေပါသည်။ ဤစာတမ်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လောကအမြင် (world-view) ကို လေ့လာဖော်ထုတ်ထားသည့် သုတေသနစာတမ်းတစ်စောင်ဖြစ်သည့် အလျောက် နိုင်ငံရေးအမြင်၊ သဘောတရားရေးရာချဉ်းကပ်မှုထက် ပုဂ္ဂလိကအတွေ့အကြုံများကို အဓိက ဖောင်းပေးလေ့လာမှုများကို တွေ့မြင်ရမည် ဖြစ်သည်။ ဤစာတမ်းကို အပိုင်းနှစ်ပိုင်းဖြင့် ခွဲကန့် တင်ပြထားခြင်းဖြစ်၍ ပထမပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင် တစ်ဦးချင်းစီ၏ လောကအမြင်ကို အဓိကထားတင်ပြပြီး၊ ဒုတိယပိုင်းတွင် အဖွဲ့အစည်းများ ပြောင်းလဲခြင်း၊ အဖွဲ့အစည်း တစ်ရပ်၏နောက်ကွယ်တွင် ကိန်းအောင်းတည်ရှိနေသော တန်ဖိုးစနစ်များကို တင်ပြခြင်းတို့ဖြစ်သည်။ အခန်း(၁) လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၏ နောက်ခံ ရုပ်ပုံကားချပ်၊ အခန်း(၂) လောကအမြင်၊ အခန်း (၃) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း တို့၏ လောကအမြင် တို့သည် ပထမအပိုင်းဖြစ်ပါသည်။ ဒုတိယပိုင်းတွင် အခန်း (၄) အဖွဲ့အစည်း ပိုင်းဆိုင်ရာ ပြောင်းလဲမှု၊ အခန်း (၅) မြန်မာနိုင်ငံ၏အနာဂတ် လုံခြုံရေးကဏ္ဍပြုပြင် ပြောင်းလဲမှု/ ပေါင်းစည်းမှုအတွက် စိန်ခေါ်မှုများ တို့ကိုတင်ပြထားပါသည်။

အခန်း(၁) လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ နောက်ခံရုပ်ပုံကားချပ်။ ။ နိုင်ငံရေး ပြဿနာကို အခြေခံပြီး ဖြစ်တည်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ ဖြစ်ပေါ် မှု အစဉ်ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အဖွဲ့အစည်းဆိုင်ရာဖြစ်ပေါ် ပြောင်းလဲမှု ပုံစံသုံးမျိုး၊ မျိုးဆက်အလိုက် လက်နက်ကိုင်အဖွဲ့အစည်းများ တည်ရှိမှုနှင့် လက်နက် ကိုင် အဖွဲ့အစည်းများ၏ နောက်ကွယ်ရှိ ဒဿနအမြင်များသည်လည်း အချိန်ကာလ တိုက်စားမှု ကြောင့် မေးမိန်ရမည့်အစား အခြေအနေအလိုက် တည်တံ့အားကောင်းလာကြသည်ကို ဆစ်ပိုင်း လေ့လာထားပါသည်။

အခန်း(၂) လောကအမြင်။ ။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ သီးသန့်လောကအမြင်ရှိသကဲ့သို့ အုပ်စုလိုက် လောကအမြင်သည်လည်း ရှိကြသည်။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ လူမှုအုပ်စု တစ်စုက စွဲကိုင် ထားသည့် လောကအမြင်က ၎င်းတို့၏ပန်းတိုင်၊ လုပ်ငန်းစဉ်၊မိမိတို့၏ ဖြစ်တည်မှု၊ အခြားသူများနှင့် အခြားအုပ်စုများအပေါ် လွှမ်းမိုးသက်ရောက်နိုင်သည့်အထိ စွဲမြဲစူးနစ်နေသည့် စိတ်ပိုင်းဆိုင်ရာ ထင်ဟပ်မှုတစ်ခုဖြစ်ကြောင်းကို တင်ပြထားပါသည်။

အခန်း (၃) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့၏ လောကအမြင်။ ။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏လောကအမြင်ကို အရှိတရားများနှင့် ထိုအရှိတရားများ ကိုလက်ခံထားခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းရခြင်း၏ ရည်ရွယ်ချက်၊ လက်နက်ကိုင်တော်လှန်ရေးတွင် ဆက်လက်ပါဝင်စေသည့် တွန်းအားများနှင့် လုပ်ဆောင်မှုဆိုင်ရာ ဖွင့်ဆိုချက် တို့ကိုတင်ပြထားပါသည်။

အခန်း (၄) အဖွဲ့အစည်း ပိုင်းဆိုင်ရာပြောင်းလဲမှု/ ပုံသဏ္ဍာန်ပြောင်းလဲခြင်း။ ။ ရည်မှန်းချက် တစ်ခုအတွက် စနစ်တကျ လုပ်ဆောင်ကြသည့် အုပ်စုတစ်စုကို အဖွဲ့အစည်းဟူ၍ သတ်မှတ်ကြသကဲ့သို့၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကို ရှင်သန်ရပ်တည်နိုင်ရန် သို့မဟုတ် ပိုမိုသန်စွမ်းသော အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိရန် ဦးတည်၍ အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှုကို ပြုလုပ် ဆောင်ရွက်လေ့ရှိကြသည်။ အပြု သဘောကို ဦးတည်သည့် ရည်ရွယ်ချက်ဖြင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှုကို ဆောင်ရွက်ကြ သည့်တိုင်၊ အပြောင်းအလဲတိုင်းသည် ယခင် စနစ်၊ အသိုင်းအဝိုင်း၊ တန်ဖိုးတစ်ရပ်ရပ်ကို အဆုံးသတ် သွားစေသည့် သဘောလည်း သက်ရောက်တတ်ပါသည်။ အပြောင်းအလဲဟူသည် အသားကျနေ သည့် အခြေအနေဟောင်းမှ အခြေအနေသစ်တစ်ရပ်ကို သွားရောက်ရသည့် သဘောရှိသည့်အတွက် မသေချာမရေရာမှုနှင့်အတူ တည်ဆဲ၊ တည်ရှိဆဲ အဖွဲ့အစည်းနှင့်အဖွဲ့ဝင်များအတွက် တွေးပူ၊ စိုးထိတ်စရာလည်း ဖြစ်တတ်သည်ကို တင်ပြထားပါသည်။

အခန်း (၅) မြန်မာနိုင်ငံ၏ အနာဂတ်လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု/ ပေါင်းစည်းမှုအတွက် စိန်ခေါ်မှုများ။ ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် စစ်ရေးဆိုင်ရာ အဖွဲ့အစည်း တစ်ရပ်ထက် သာမက ဒေသအပိုင်းအခြားတစ်ခုအတွင်း နေထိုင်ကြသည့်လူထုအတွက် အခြေခံဝန်ဆောင်မှု၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးစနစ်တို့ကိုပါ ဆောင်ကြဉ်းပေးနေသည့် အစိုးရသဖွယ် ဖြစ်နေပါသည်။ သမိုင်းကြောင်းအရ လွတ်လပ်သောတိုင်းပြည်ဟူသော

နိုင်ငံရေးအတွေးအခေါ်အပေါ် ခိုင်မာတောင့်တင်းစွာ တည်ဆောက်လာခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းရှိသကဲ့သို့ တည်ဆဲအစိုးရ သို့မဟုတ် ဗဟိုအစိုးရထက် ဒေသခံ လူထုကို အခြေခံဝန်ဆောင်မှုကို လုံလောက်ပြည့်မီအောင် ဆောင်ကြဉ်းပေးနိုင်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများရှိနေသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အတွင်းသရုပ်အမှန်သည် လက်နက်ကိုင် စစ်ရေးအဖွဲ့အစည်း တစ်ခုထက် မက သက်ဆိုင်ရာ ဒေသခံလူထုအတွက် အခြေခံဝန်ဆောင်မှုကို ပေးစွမ်းနေသည့် အုပ်ချုပ်ရေး အဖွဲ့အစည်း၊ လူမျိုးစု၏ နိုင်ငံရေးပန်းတိုင်ကို အကောင်အထည်ဖော်ပေးမည့် နိုင်ငံရေး အဖွဲ့အစည်းဟူ၍ မျက်နှာစာများစွာတွင် တည်ရှိနေကြောင်းကို ဖော်ပြထားပါသည်။

အခန်း (၆) သုံးသပ်ချက်။ ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များ၏ လောကအမြင်ဆုံချက်များ၊ အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးစံနှုန်းများကို လေ့လာသုံးသပ်ထားပြီး၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို တင်ပြထားပါသည်။

# မာတိကာ


အမှာစာ ............... v

စာတမ်းအကျဉ်းချုပ် ............... viii

အခန်း ၁။ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏နောက်ခံရုပ်ပုံကားချပ်

နိဒါန်း ............... 5

၁၊၁။ သီးခြားနေထိုင်မှု ............... 11

၁၊၂။ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများ၏ အပြန်အလှန်ဆက်နွယ်မှု ............... 11

၁၊၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဖြစ်ပေါ်ပြောင်းလဲမှုပုံစံ (၃)မျိုး ............... 12

၁၊၃၊၁။ အဖွဲ့မပြောင်း၊ တော်လှန်ရေးမပြောင်းပုံစံ ............... 14

၁၊၃၊၂။ အဖွဲ့ပြောင်း၊ တော်လှန်ရေး မပြောင်းပုံစံ ............... 20

၁၊၃၊၃။ အဖွဲ့အစည်းဟောင်းထဲမှ အဖွဲ့သစ်ပေါ်ပေါက်လာခြင်း ............... 22

အခန်း ၂။ လောကအမြင် (Worldview)

၂၊၁။လောကအမြင်ဖွင့်ဆိုချက်များ ............... 30

၂၊၂။ လောက ............... 31

၂၊၃။ လောကအမြင်၏သဘာဝ၊ ဝိသေသများ ............... 32

၂၊၄။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များ၏ လောကအမြင် ဆိုင်ရာဝိသေသများ ............... 33

## အခန်း ၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့၏ လောကအမြင်ကိုလေ့လာခြင်း


၃၊၁။ အရှိတရားများနှင့် ထိုအရှိတရားများကို လက်ခံထားခြင်း ............... 40
၃၊၂။ လက်နက်ကိုင်တော်လှန်ရေးထဲသို့ ဝင်ရောက်ခြင်း၏ အကြောင်းတရားများ ............... 43
၃၊၂၊၁။ နိုင်ငံရေးအယူဝါဒကြောင့်လက်နက်ကိုင်တော်လှန်ရေး ထဲသို့ဝင်ရောက်ခြင်း ............... 43
၃၊၂၊၂။ နေရာဒေသနီးစပ်မှုကြောင့် လက်နက်ကိုင်အဖွဲ့အစည်းသို့ ဝင်ရောက်ခြင်း ............... 45
၃၊၂၊၃။ လူမှုအသိုင်းအဝိုင်းကြောင့် ဝင်ရောက်ခြင်း ............... 47
၃၊၃။လက်နက်ကိုင်တော်လှန်ရေးတွင်ဆက်လက်ပါဝင်စေသည့် တွန်းအားများ ............... 51
၃၊၄။ လုပ်ဆောင်မှုဆိုင်ရာဖွင့်ဆိုချက် သို့မဟုတ် အပြုအမူဗေဒ ............... 54
၃၊၅။ တူညီမှု ............... 56


## အခန်း ၄။ အဖွဲ့အစည်း ပိုင်းဆိုင်ရာပြောင်းလဲမှု/ ပုံသဏ္ဍာန်ပြောင်းလဲခြင်း(Organizational Change)


၄၊၁။ အဖွဲ့အစည်း(Organization) ............... 64
၄၊၂။အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှု(Organizational Change) ............... 64


## အခန်း ၅။ မြန်မာနိုင်ငံ၏ အနာဂတ်လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု/ ပေါင်းစည်းမှုအတွက် စိန်ခေါ်မှုများ


၅၊၁။ ဒေသခံပြည်သူများအတွက် လုံခြုံမှုနှင့် တရားမျှတမှုတို့နှင့် ပတ်သက်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခိုင်မာသော ရပ်တည်ချက်နှင့် သဘောထား ............... 74
၅၊၂။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဒေသခံများအပေါ် လုံခြုံရေးနှင့် ဝန်ဆောင်မှုများ ............... 77

၅၊၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ............... 80
တရားမျှတမှုစီရင်ရေး
၅၊၄။ သီးခြားစနစ်၊ သီးခြားအုပ်ချုပ်မှုဖြင့် ဒေသခံတိုင်းရင်းသားများ ............... 82
အတွက် လုံခြုံမှု၊ တရားမျှတမှု အပြည့်အဝရှိခြင်း
၅၊၅။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ပညာရေးစနစ် ............... 87

## အခန်း ၆။ သုံးသပ်ချက်များ

သုံးသပ်ချက်များ ............... 95

## ရည်ညွှန်းကိုးကားသည့် စာအုပ်စာရင်း

မြန်မာဘာသာ ............... 99
အင်္ဂလိပ်ဘာသာ ............... 101

## ကျေးဇူးတင်စကား

ကျေးဇူးတင်စကား ............... 103

# အတိုကောက် စကားလုံးများ

| | |
|---|---|
| AA | ရခိုင့် တပ်မတော် |
| ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရေစီတပ်ပေါင်းဦး |
| ALP | ရခိုင်အမျိုးသားလွတ်မြောက်ရေးပါတီ |
| BGF | နယ်ခြားစောင့်တပ် |
| CNF | ချင်းအမျိုးသားတပ်ဦး |
| CPB | ဗမာပြည်ကွန်မြူနစ်ပါတီ |
| DKBA (Kloh Htoo Baw) | ဒီမိုကရေစီ (ကရင်) အကျိုးပြုတပ်မတော် (ကလိုထူးဘော) |
| DKBA (Buddhist) | တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် |
| DDR | လက်နက်ဖျက်သိမ်းခြင်း၊ တပ်ပိုင်းဆိုင်ရာ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း |
| EAO | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း |
| KDA | ကချင်ကာကွယ်ရေးတပ်ဖွဲ့ |
| KIO/ KIA | ကချင်လွတ်မြောက်ရေး အဖွဲ့/တပ်ဖွဲ့ |
| KNDO | ကရင်အမျိုးသား ကာကွယ်ရေးတပ်အဖွဲ့ |
| KNLA | ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသား အစည်းအရုံး |
| KNU/KNLA (PC) | ကရင်အမျိုးသား အစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ |
| KNDP | ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ |
| KNPLF | ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး |
| KNPP | ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ |
| KNLP | ကယန်းပြည်သစ်ပါတီ |
| LDU | လားဟူ ဒီမိုကရက်တစ်အစည်းအရုံး |
| MTA | မိုင်းတိုင်းတပ်မတော် |

| | |
|---|---|
| MNDAA | မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NDAA | အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်ဖွဲ့ |
| NLD | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် |
| NDA-K | ဒီမိုကရေစီသစ်တပ်မတော် - ကချင် |
| NMSP | မွန်ပြည်သစ်ပါတီ |
| NSCN-K | နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ -ကပ်ပလန် |
| PNLO | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် |
| PSLA | ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်မတော် |
| PMF | ပြည်သူ့စစ်တပ်ဖွဲ့များ |
| RCSS/SSA | သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည်တပ်မတော် |
| SSR | လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး |
| SSNA | ရှမ်းပြည်အမျိုးသားတပ်မတော် |
| SSPP/SSA | ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် |
| SLORC | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| TNLA | တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် |
| UNFC | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ |
| UWSA | ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် |

*"These ethnic conflicts are symptomatic of Burma's incomplete state-building process"*

*"ယနေ့ တိုင်းရင်းသားလူမျိုးစုများအကြား ရင်ဆိုင်နေရသော ပဋိပက္ခများသည် ခေတ်အဆက်ဆက်အလိုက် ပြည်ထောင်စုမြန်မာနိုင်ငံကို တည်ထောင်ရာတွင် မပြီးပြည့်စုံသော (တန်းတူညီမှုမရှိသော) အနာရောဂါလက္ခဏာပင်ဖြစ်သည်။"*

*Jake Sherman*



*Credit to Pyidaungsu Institute*

# အခန်း (၁)

# လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၏ နောက်ခံရုပ်ပုံကားချပ်

လူမျိုး

တော်လှန်ရေး

နိုင်ငံရေး

## နိဒါန်း

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ပဋိပက္ခက ၁၉၄၇ ခုနှစ်တွင် စတင်ခဲ့ပြီး၊ နှစ်ပေါင်း ခုနှစ်ဆယ်ကျော် ကြာခဲ့ပြီ ဖြစ်သည်။ ဝါဒရေးရာ၊ အမျိုးသားရေးအခြေခံ၊ စီးပွားရေးရပ်တည်ရေး အခြေပြု၊ ရပ်ရွာကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်သူ့စစ် စသည့် ပုံစံအမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုးကို အခြေခံပြီး လက်နက်ကိုင် အဖွဲ့အစည်းများ ပေါ်ပေါက်လာကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သည် ဝါဒရေးရာတိုက်ပွဲကို ဦးဆောင်ပြီး နှစ်ပေါင်း လေးဆယ်ကျော်နီးပါး တရုတ်နိုင်ငံ၏ ထောက်ခံမှုဖြင့် တိုက်ပွဲဝင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြိုကွဲသွားခဲ့သည်။ တိုင်းရင်းသား လူမျိုးစုအများစုသည်လည်း အမျိုးသားတန်းတူရေးတည်းဟူသော နိုင်ငံရေး ရည်မှန်းချက်အတွက် လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲလာခဲ့ကြသည်။ ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသား အများစု၏ လက်နက်ကိုင်တော်လှန်ရေး သည် ပိုမို အားကောင်းလာခဲ့သည်။ရှမ်းပြည်တွင် လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကို ကိုင်စွဲပြီး အဖွဲ့များစွာ ပေါ်ပေါက်ခဲ့သည်။ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြေငြိမ်းရေး၊ ငြိမ်းချမ်းရေးရယူပြီး ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် ပါလီမန် ဒီမိုကရေစီခေတ် ဝန်ကြီးချုပ်ဦးနု ဦးဆောင်သည့် ဖ.ဆ.ပ.လ အစိုးရလက်ထက်၊ အာဏာသိမ်း ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်ခဲ့သည့် တော်လှန်ရေးကောင်စီအစိုးရနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အစိုးရလက်ထက်၊ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့ ဦးဆောင်ခဲ့သည့် တပ်မတော်အုပ်ချုပ်ရေးခေတ်ကာလ (၁၉၈၈-၂၀၀၉)၊ သမ္မတဦးသိန်းစိန်အစိုးရ(၂၀၁၀-၂၀၁၅)၊ လက်ရှိ NLD အစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်တွင် ကြိုးပမ်းပြီး ငြိမ်းချမ်းရေးဆွေးနွေး ပွဲများ အကြိမ်ကြိမ်၊ ပုံစံအမျိုးမျိုးနှင့်ပြုလုပ်ခဲ့သည်။

သို့သော် ပြည်တွင်းစစ်၏ အရင်းအမြစ်ပြဿနာကို ဖြေရှင်းနိုင်ခြင်း မရှိသဖြင့် ပြည်တွင်းစစ် ပြဿနာကို အဆုံးမသတ်နိုင်ခဲ့သည့်အပြင် ပြည်တွင်းစစ်သည် နာတာရှည်ရောဂါတစ်ခုဖြစ်နေပြီး၊ တိုင်းရင်းသား လူမျိုးများအကြား လက်နက်ကိုင် တော်လှန်ရေးသည် ပုံမှန်လုပ်ရမည့် လုပ်ငန်း တစ်ခု (lifestyle and tradition)၊ လူမှုဖြစ်စဉ်တစ်ခုလို (rebellion as social process)ဖြစ်တည် လာခဲ့သည်။

ဤသို့သော နှစ်ပေါင်းခုနှစ်ဆယ်ကျော် လက်နက်ကိုင်ပဋိပက္ခကို ကြိုးစားဖြေရှင်းသည့်အခါမှာ အထက်ဖော်ပြပါ ပြဿနာများကို ခရေစေ့တွင်းကျ နားလည်သဘောပေါက်မှသာလျှင် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ် ပဋိပက္ခကို ဖြေရှင်းနိုင်မည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် ထိပ်တန်းခေါင်းဆောင် ပိုင်းများကို စီးပွားရေးမက်လုံးပေးသည့် ချဉ်းကပ်ဆောင်ရွက်မှုများသည် ရောဂါ၏ ဇစ်မြစ်ကို ကုသခြင်းမဟုတ်ဘဲ၊ ရောဂါလက္ခဏာရပ်ကို ကုစားရာ ရောက်ပါသည်။ ပေါ့စေလို၍ ကြောင်ရုပ် ထိုးသော်လည်း ဆေးအတွက် လေးဆိုသကဲ့သို့၊ ခုတ်ရာတစ်ခြား ရှရာတစ်လွဲဖြစ်စေပါသည်။ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး တပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် ဦးတည်ဖိအားပေး ဆောင်ရွက်ခြင်းသည်လည်း ပြဿနာတစ်ရပ်ကို မှန်ကန်သော ချဉ်းကပ်ဖြေရှင်း ဆောင်ရွက်မှုတော့ မဟုတ်နိုင်ပေ။

နိုင်ငံရေးအရ သဘောတူညီချက်ရရှိရန် အရေးတကြီးလိုအပ်သကဲ့သို့၊ မျိုးဆက်နှင့်ချီ ကြာရှည်တည်မြဲနေသည့် လက်နက်ကိုင်တော်လှန်ရေး ပြဿနာများကိုဖြေရှင်းဖို့ ချဉ်းကပ်ရာတွင် လက်နက်ကိုင် ကိစ္စတစ်ခုတည်း မဟုတ်တော့ဘဲ ပိုမိုကျယ်ပြန့်သည့် နားလည်မှု၊ ပုံစံအမျိုးမျိုး ချဉ်းကပ်မှုများကို စနစ်တကျသိမြင်သဘောပေါက်ပြီး နိုင်ငံရေးပြဿနာ ဖြေရှင်းခြင်းနှင့်အတူ ပြဿနာများကို လူမှုဗေဒ၊ စိတ်ပိုင်းဆိုင်ရာဗေဒနှင့် အဖွဲ့အစည်းပုံသဏ္ဌာန် ပြောင်းလဲခြင်းဆိုင်ရာ ပညာရပ် များဖြင့် ချဉ်းကပ်ဖြေရှင်းရမည့် အကြောင်းအရာများ ရှိနေသည်ကို ဤစာတမ်းက တင်ပြထားပါသည်။

## သုတေသနဆိုင်ရာနည်းလမ်းနှင့် ချဉ်းကပ်မှု

ပကတိအခြေအနေ၊ အနေအထားများကို ခရေစေ့တွင်းကျ နားလည်သိရှိရန်အတွက် လက်နက်ကိုင်အဖွဲ့အစည်းမှ လူပုဂ္ဂိုလ်များ၏အမြင်၊ သဘောထား၊ အတွေ့အကြုံ ဖြတ်သန်းမှု၊ အဖွဲ့အစည်းများ၏ လုပ်ငန်း၊ သဘာဝများကို လေ့လာသိရှိနိုင်ရန် လက်နက်ကိုင် အဖွဲ့အစည်းတို့၏ ထိန်းချုပ်ရာနယ်မြေ ဆက်ဆံရေးရုံးများသို့ ကိုယ်တိုင် သွားရောက်ပြီး တစ်ဦးချင်းကို အချိန်ပေးပြီး တွေ့ဆုံမေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်းမှုမှ သိရှိလာသော အချက်အလက်များကို အခြေခံပြီး သုတေသနစာတမ်းကို ပြုစု ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၁၆) ဖွဲ့မှ ပုဂ္ဂိုလ် ၅၁ ဦး (အမျိုးသား ၃၃ ဦး နှင့် အမျိုးသမီး ၁၈ ဦး)တို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ပုဂ္ဂိုလ်များ၏ အသက်အရွယ် အပိုင်းအခြားကို လေ့လာကြည့်လျှင်လည်း လူကြီး၊ လူလတ်၊ လူငယ် စသဖြင့် အရွယ်စုံ၊ ဖြတ်သန်းမှု စုံလင်အောင် မေးမြန်းခဲ့ပါသည်။ အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ တည်ရှိရာမြို့နယ်များ၊ နယ်စပ်များသို့ သွား၍သော် လည်းကောင်း၊ ချင်းမိုင်တွင် ပြုလုပ်သည့် 4th NCA-S EAO Summit သို့ သွားရောက်ကာ တွေ့ဆုံမေးခြင်း အားဖြင့်သော်လည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း အထူးဒေသ(၄)/ မိုင်းလား ငြိမ်းချမ်းရေးနစ် (၃၀) ပြည့် အခမ်းအနားသို့ သွားရောက်လေ့လာ ခြင်းအားဖြင့် သော်လည်းကောင်း သုတေသန စာတမ်းကို အဘက်ဘက်မှ ခြုံငုံနိုင်အောင် ပြုစုထားသည်။ Research Method အဖြစ် Indepth Interview ကိုအဓိက အသုံးပြုထားပါသည်။

## သုတေသန မေးခွန်းနှင့် ရည်မှန်းချက် (AIMS)

လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ဖြစ်လာနိုင်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ခံမှုကို ခန့်မှန်းတွက်ချက်ရန်ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ခေါင်းဆောင်များ၏ လောကအမြင်(worl-dview)၊ အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု၊ အဖွဲ့အစည်းများ၏ တန်ဖိုးစနစ်များကို လေ့လာပြီး နီးကပ် အနာဂတ်တွင် ဖြစ်လာနိုင်သည့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ခံနိုင်ခြေကို ချင့်တွက်ရန်အတွက် မူဝါဒအဆိုပြုချက်များ ထုတ်ဖော်နိုင်ရန်ဖြစ်သည်။

## LIMITATION

လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးကို တွေ့ဆုံနိုင်ခွင့်မရရှိခြင်း။ ထိုအပြင် တွေ့ဆုံ ဆွေးနွေးသည့် ပုဂ္ဂိုလ်အများစုမှာ အဖွဲ့၏ခေါင်းဆောင်ပိုင်းတာဝန်ရှိသူများ ဖြစ်သောကြောင့် လုပ်ငန်းသဘောအရ ပေါ်ပေါက်သည့်ကိစ္စများသည် တွေ့ဆုံဆွေးနွေးရန် သဘောတူပြီးသည့်တိုင် တွေ့ဆုံခွင့် မရရှိသည့် ပုဂ္ဂိုလ်များလည်း ရှိခဲ့သည်။

# လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ နောက်ခံရုပ်ပုံကားချပ်

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် ဗြိတိသျှကိုလိုနီ လက်အောက်မှ လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီခေတ် (၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်)၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ် အထိ) တပ်မတော်အစိုးရလက်ထက် (၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ)၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလ (၂၀၁၁ ခုနှစ်မှ ယခုအထိ) တိုင်းရင်းသားလူမျိုးစုတော်လှန်ရေး သည် နှစ် (၇၀) ကျော် ကြာရှည်ခဲ့ပြီဖြစ်သည်။ ထိုသို့ ရာစုနှစ်ဝက်ကျော် ခန့်ကြာမြင့်ခဲ့သော ဖြတ်သန်းမှု အရ လက်နက်ကိုင် တော်လှန်ရေးသည် တိုင်းရင်းသား လူမျိုးစုတို့အတွက် ဘဝလူနေမှု ပုံစံတစ်ရပ်ဟုပြောဆို သတ်မှတ်နိုင်သည့်အထိ လက်နက်ကိုင်တော်လှန်ရေးနှင့် တိုင်းရင်းသားလူမျိုးစုဖြစ်တည်ခြင်းတို့သည် နီးနီးကပ်ကပ် ဖြစ်တည်လာသည်။[1]

လူမျိုးစုတိုင်းလိုလိုတွင် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း ကိုယ်စီရှိကြသည်မှာ မြန်မာနိုင်ငံအတွက် မထူးဆန်းလှပေ။ ယေဘုယျအားဖြင့် ပြည်နယ်ဒေသများရှိ လူမျိုးကြီး ခုနစ်မျိုးဟု သတ်မှတ်လေ့ရှိသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုး အသီးသီးတို့တွင် သက်ဆိုင်ရာ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း ရှိကြသည်။ ကချင် လူမျိုးနှင့်စပ်ဆိုင်သည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို)၊ ကယားပြည်နယ်ရှိ လူမျိုးစုနှင့် ဆက်စပ်သည့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ၊ ကရင်လူမျိုးနှင့် အဓိက ဆက်စပ်သည့် ကရင်အမျိုးသား အစည်းအရုံး (ကေအန်ယူ)၊ ချင်းလူမျိုးနှင့် ဆက်စပ်သည့် ချင်းအမျိုးသားတပ်ဦး၊ မွန်လူမျိုးနှင့်ဆက်စပ်သည့် မွန်ပြည်သစ်ပါတီ၊ ရခိုင်လူမျိုးနှင့် ဆက်စပ်သည့် ရခိုင်လွတ်မြောက်ရေးပါတီနှင့် ရက္ခိုင့်တပ်မတော်၊ ရှမ်းပြည်နယ်ဒေသရှိ လူမျိုးစုအသီးသီးနှင့် ဆက်စပ်နေသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ၊ သျှမ်းပြည်တိုးတက်ရေးပါတီ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ အစရှိသဖြင့် တည်ရှိ နေကြသည်မှာ လူမျိုးစုလက်နက်ကိုင်တော်လှန်ရေး ဝိသေသတစ်ရပ်ဖြစ်သည်။

---

1 Smith.M, Burma: Insurgency and The Politics of Ethnicity, P-90-97

ပြည်တွင်းစစ်ကို မပြီးပြတ်ခြင်းကြောင့် မြန်မာ့နိုင်ငံရေးတွင် စစ်ဘောင်က ကျယ်ပြန့်လာခဲ့သည်။ ပြည်မနိုင်ငံရေး ရေစီးကြောင်းတွင် ၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ စစ်အာဏာရှင် စနစ်သည် တော်လှန်ရေး ကောင်စီ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တည်ဆောက်ရေးအဖွဲ့ အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအစိုးရ ဟူသော အစိုးရအဖွဲ့ လေးဖွဲ့အသွင်သဏ္ဍာန် အုပ်ချုပ်လာခဲ့သည်။ စစ်တပ်နည်းတူ လူမျိုးစုတော်လှန်ရေး အဖွဲ့အစည်းများတွင် (ဝါ) တိုင်းရင်းသားနိုင်ငံရေးတွင် အရပ်ဘက်နိုင်ငံရေး အဖွဲ့အစည်းထက် စစ်ရေး သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍက ဦးဆောင်မှုနေရာတွင် ရောက်ရှိလာသည်။

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ နိုင်ငံရေးပန်းတိုင်သည် တန်းတူရေး သာ ဖြစ်ပြီးနိုင်ငံရေးအရ တန်းတူမှုမရှိခြင်းက ပြည်တွင်းစစ်၏ အခြေခံအကြောင်းတရား ပင်ဖြစ်သည်။[2] ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် တို့ကလည်း နည်းဗျူဟာ အသွယ်သွယ် ဖြင့် ချဉ်းကပ် ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သော်လည်း လက်နက်ကိုင်တော်လှန်ရေးဖြစ်စဉ်သည် အဆုံးမသတ်နိုင်ဘဲ မဆုံးနိုင်သည့် ခရီးရှည်ကို သွားနေရသည့် ခရီးသွား ပမာ ဖြစ်နေသည်။ လူမျိုးစု တော်လှန်ရေး အစုအဖွဲ့ များသည် တစ်ခါတစ်ရံ အဖွဲ့လိုက်သော်လည်းကောင်း၊ စုဖွဲ့မှုဖြင့်သော်လည်းကောင်း နိုင်ငံရေး ဆွေးနွေးမှုဖြင့် အခါအခွင့် သင့်လျှင်သင့်သလို ငြိမ်းချမ်းရေး၊ ပြည်တွင်းစစ်မီးငြိမ်းသတ် နိုင် ရေးနှင့် နိုင်ငံရေးရည်မှန်းချက် ပန်းတိုင် ရောက်ရှိရေးတို့ကို ကြိုးပမ်းကြသော်လည်း လက်နက်ကိုင် တော်လှန်ရေးသည် အဓွန့်ရှည်မြဲ ရှည်နေဆဲ ဖြစ်သည်။

2 ဆလိုင်းလျန်မှုန်း။ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှု အတွဲ -၂၊ စာ-၁၃။

## ၁၊၁။ သီးခြားနေထိုင်မှု

လွတ်လပ်ရေးရရှိပြီးခါစအချိန်ကာလကတည်းက တောင်တန်းဒေသရှိလူမျိုးစုခေါင်းဆောင်တို့၏ ရှုမြင်ချက်တွင် ဗမာပြည်မနှင့်ပတ်သက်၍ ထားရှိသည့် သဘောထားများတွင် စိုးရိမ်ပူပန်မှုအလွန် ကြီးမားခဲ့ပြီး ထိုသို့ စိုးရိမ်တွေးပူမှုသည် သမိုင်းစဉ်ဆက်ဖြစ်တည်ခဲ့သော ဖြတ်သန်းမှုကြောင့်ဆိုလည်း မမှားနိုင်ပါချေ။ အတိတ်သမိုင်းကဖြစ်စဉ်ကို မြော်မြင်တွက်ဆလျှက် တစ်ချိန်ချိန်တွင် ဗမာပြည်မသည် တောင်တန်းဒေသရှိ လူမျိုးစုတို့ကို လွှမ်းမိုးလာနိုင်မည်ဟူသောတွေးပူမှုသည် ရှိခဲ့သည်။[3] လွတ်လပ်ရေးကို ဗမာပြည်မနှင့် အတူရယူခြင်းက ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်လို့သည့် နိုင်ငံရေး စိတ်ဆန္ဒဖြစ်ပြီး၊ တစ်ဘက်ကလည်း ဗမာကြီးစိုးမှုအောက်သို့ ရောက်ရှိသွားမည်ကို စိုးရိမ်မှုလည်း ရှိခဲ့ပါသည်။[4] သမိုင်းသင်ခန်းစာကြောင့် တွေးပူမှု ရှိသကဲ့သို့ပင်၊ နဂိုကတည်းပင် လွတ်လွတ်လပ်လပ် သီးသီးသန့်သန့် နေထိုင်လိုသည့် အမြင်များလည်း တောင်တန်းဒေသနေ လူမျိုးစုတို့တွင် တည်ရှိခဲ့သည်။ ပြင်ပကမ္ဘာနှင့် ဆက်ဆံမှုမပြုလုပ်လိုသော၊ မိမိကိုယ်မိမိ အမှီအခိုကင်းကင်းဖြင့် ရပ်တည်လိုသော အမြင်များကို တောင်တန်းနေ "ဝ" တိုင်းရင်းသားတို့တွင် တွေ့ရသည်။[5] အထက်ပါအမြင်နှစ်ရပ်သည် လွတ်လပ်ရေး မတိုင်ခင်စပ်ကြား တောင်တန်းဒေသရှိ လူမျိုးစု ခေါင်းဆောင်တို့၏ အမြင်များဖြစ်သည်။ တောင်တန်းဒေသနေ လူမျိုးစုများ၏ အမြင်တွင် တွေးပူမှုနှင့် သီးခြားနေထိုင်မှု တွေ့ရသည်။

## ၁၊၂။ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများ၏အပြန်အလှန်ဆက်နွယ်မှု

ဝါဒရေးရာတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခန်းကဏ္ဍသည် အကြီးမားဆုံး ဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ပဲခူးရိုးမကို အခြေခံနယ်မြေအဖြင့် ထားလျက် တော်လှန်ရေး ဆင်နွှဲခဲ့သလို၊ ၁၉၆၀ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ တရုတ်နိုင်ငံ၏ အထောက်ပံ့ ကူညီမှုဖြင့် ဝါဒရေးရာ အခြေခံသည့်

3 ပင်လုံလက်စွဲ၊ အခန်း(၅) ပင်လုံစိတ်ဓာတ်အဓိပ္ပာယ်ဖွင့်ဆိုချက်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ၂၀၁၈ခုနှစ်၊ စာ -၅၃။ ( ၁၉၄၇ ခုနှစ်၊ ဖွန်၁၃ရက်တွင် ပြုလုပ်ခဲ့သည့် တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးတွင် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က မိန့်ခွန်းမြွက်ကြားခဲ့ရာတွင် ဟိုးရှေးရာဇဝင်က အဖြစ်အပျက်တွေကို သတိရပြီး ဗမာတွေဟာ တို့ထက်ပိုပြီး လူလည်းများတယ်။ ဉာဏ်လည်း သာတယ်။ ဒီတော့ တစ်နေ့နေ့ မှာ မတော်တဆများ တို့ကို လူမျိုးငယ်ဆိုပြီး ဖိနှိပ်စော်ကား လုပ်များနေမလားဆိုပြီး ဓမ္မတာအတိုင်းတထိတ်ထိတ် တွေးပူစိုးရိမ်လျက်ရှိကြပါတယ်ဟူ၍ ဖော်ပြ ထားသည်။

4 ယင်း၊ စာ-၅၄။

5 စည်သူကျော်၊ တော်လှန်မှုများထဲကဗမာပြည်၊ စာ- ၁၁၅။ ( Bertil Lintner ရေးသည့် Burma in Revolt ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ထိုစာအုပ်တွင် Bertil က နယ်ခြားဒေသများ စုံစမ်းစစ်ဆေးရေးကော်မတီ အစီရင်ခံစာ အပိုင်း ၂ ၊ နောက်ဆက်တွဲများ စာအုပ်၊ စာမျက်နှာ ၃၇မှ ၃၉ အထိ ကော်မရှင်လူကြီးများနှင့် ၀ တိုင်းရင်းသားခေါင်းဆောင်တို့ ၀ ပြည်၏ အနာဂတ်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းသည့် စကားအချီအချကို ပြန်လည် ကိုးကားထားခြင်းဖြစ်သည် )

လက်နက်ကိုင်တော်လှန်ရေး အားကောင်းခဲ့ပါသည်။ အရှေ့မြောက်ဒေသကို အခြေခံသည့် ဗကပပါတီ၏ ထီးရိပ်အောက်တွင် လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် ကိုးကန့်၊ "ဝ" ၊ အာခါ၊ ရှမ်း စသည့် အဖွဲ့အစည်းများ ပူးပေါင်းခဲ့ကြသည့်မျိုးရှိသလို ထီးရိပ်အောက်တွင် မရှိသော်လည်း မဟာမိတ် ဆက်ဆံရေးဖြင့် ဆက်သွယ်ဆက်ဆံခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများလည်း ရှိခဲ့သည်။

မဟာမိတ်အဖြစ် ဆက်ဆံဆက်သွယ်ခဲ့သည့် ကချင်လွတ်မြောက်ရေးအဖွဲ့သည် ကနဦးတွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် စစ်ရေးပဋိပက္ခ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် စစ်ရေးမဟာမိတ်ဖြစ် ညှိနှိုင်းဆောင်ရွက်ကာ ၎င်းထံမှ နိုင်ငံရေး၊ စစ်ရေး အကူအညီများ ရရှိခဲ့သည်။ မဟာမိတ် အဆင့်အတန်းမျိုး မဟုတ်ဘဲ ဗကပ ထီးရိပ်အောက်တွင် ရောက်ရှိလာကြသော လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများသည်၎င်းတို့၏ မူလအခြေအနေထက် နိုင်ငံရေး၊ စစ်ရေး အကူအညီ များ အတွေ့အကြုံများစွာ ရရှိခဲ့ပြီး ခိုင်မာကျစ်လျစ် အားကောင်းသည့် အဖွဲ့အစည်းအခြေ အနေသို့ ရောက်ရှိလာခဲ့သည်။[6]

## ၁၊၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှု

လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည်လည်း တစ်ဖွဲ့တည်း ရပ်တည်နေရပြီး ဆယ်စုနှစ် ပေါင်းများစွာ ရပ်တည်ခဲ့သည့် အဖွဲ့အစည်းများရှိသလို၊ အဖွဲ့အစည်းတစ်ခုပြိုကွဲပြီး နောက်တစ်ခု ထပ်မံဖွဲ့စည်းတည်ထောင်ကာ လက်နက်ကိုင်တော်လှန်ရေးကို ဆက်ပြီး သယ်ဆောင်ကာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပေါ်ပေါက်လာသည်။ လက်နက်ကိုင် အဖွဲ့ဝင်များသည်လည်း တစ်ဖွဲ့ဖွဲ့၏ အဖွဲ့ဝင်မှ နောက်တစ်ဖွဲ့၏ အဖွဲ့ဝင်အဖြစ် ဆက်လက် အသွင်ပြောင်းခြင်း သည်လည်း မထူးဆန်းသော ပုံပြင်နှင့် လူပုဂ္ဂိုလ်များ၏ ဘဝဇာတ်လမ်းများ ဖြစ်နေသည်။

လက်နက်ကိုင်တော်လှန်ရေးသည် နှစ်ပေါင်း ခုနစ်ဆယ်ကျော်လာသည့်အမျှ မျိုးဆက်များ တစ်ဆက်ပြီးတစ်ဆက် ဆက်ခံလာသည့် တော်လှန်ရေးလုပ်ငန်းစဉ် ဖြစ်ပေါ်လာနေပါသည်။ အချို့သောအဖွဲ့အစည်းများ ထဲတွင် တစ်ချို့သော မိသားစုများသည် တော်လှန်ရေးအဖွဲ့ဝင် မျိုးဆက်သုံးဆက်မှလေးဆက်အထိ ဆက်တိုက်ရှိလာသည်ကို တွေ့ရသည်။ အချို့အဖွဲ့အစည်း

6 မောင်မောင်စိုး။ တိုင်းရင်းသားလက်နက်ကိုင်များအကြောင်း တစေ့တစောင်း၊ စာ- ၃၁။

များတွင် အဖိုး၊ အဖေ၊ သား၊ မြေးစသည့်တို့ အားလုံးသည် တော်လှန်ရေးအဖွဲ့အစည်းထဲမှာ ရှိပြီး တာဝန်အသီးသီးထမ်းဆောင်ကြသည်။ တစ်ချို့ မိသားစုများတွင် သားစဉ်မြေးဆက် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများတွင် တာဝန် ထမ်းဆောင် နေကြသည်။

နှစ်ရှည်လာသောအခါ လက်နက်ကိုင်အဖွဲ့အစည်းအချို့သည် မိမိအဖွဲ့အစည်း Institution လုပ်ငန်း များကို စနစ်တကျ ဖွဲ့စည်းပြီး၊ လူထုနှင့်နီးနီးကပ်ကပ် အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး စသဖြင့် အခြေခံနိုင်ငံရေး လုပ်ငန်းများကို တည်ဆောက်လှည့်ပတ်နေကြသည်။ ဥပမာ- KNU အဖွဲ့အစည်း ကဲ့သို့ နှစ် ၇၀ ကျော် ရပ်တည်လာသည့် အဖွဲ့တွင်း လူထုအခြေပြု အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကို အစိုးရတစ်ရပ်ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ပြီး ကရင်လူထု အတွက် အဖွဲ့အစည်းအတွက် တည်ဆောက်ကာ အမျိုးသားရေးလုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်ဆောင်ရွက်ကြသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများကို လေ့လာ ကြည့်သည့်အခါ ပုံစံ (၃) မျိုးတွေ့ရပါသည်။ ပထမပုံစံမှာ အဖွဲ့မပြောင်း၊ တော်လှန်ရေး မပြောင်း ဖြစ်သည်။ ဥပမာ-ကေအန်န်ယူ၊ ကေအိုင်အို၊ ကေအန်ပီပီ စသည့် အဖွဲ့အစည်း မျိုးဖြစ်သည်။ ဒုတိယ ပုံစံမှာ အဖွဲ့အစည်းပြောင်း၊ တော်လှန်ရေးမပြောင်း ဟူ၍ဖြစ်သည်။ ဥပမာ၊ Mong Tai Army မှ အဖွဲ့ဝင်ဟောင်း အများစုဖြင့် ပြန်လည်ဦးမော့ ခေါင်းထောင်လာသည့် RCSS အဖွဲ့အစည်းဖြစ်သည်။ ခေါင်းဆောင်မှု၊ အဖွဲ့အစည်းနာမည် အမျိုးမျိုးပြောင်းလဲ သွားသော်လည်း လူမျိုးစု တော်လှန်ရေးကို သယ်ဆောင်သွားသည့် လားဟူအမျိုးသား တော်လှန်ရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် Lahu Democratic of Union (LDU) နှင့် တအာင်းတော်လှန်ရေးအဖွဲ့အစည်း ဖြစ်သည့် TNLA ဖြစ်သည်။ တတိယပုံစံမှာ အဖွဲ့ဟောင်းထဲမှ အဖွဲ့အစည်းသစ်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဗကပအဖွဲ့ ပြိုကွဲ သွားသော်လည်း ဗကပလက်အောက်ခံအဖွဲ့များသည် ကာလတစ်ရပ် ကြာမြင့်လာသည့်အခါ ခိုင်မာ တောင့်တင်းသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လာနိုင် ခြင်းမျိုးဖြစ်သည်။ ဥပမာအားဖြင့် မိုင်းလားအဖွဲ့၊ ကိုးကန့်အဖွဲ့၊ “ဝ” အဖွဲ့ တို့ပြင်၊ ကေအန်ယူအဖွဲ့မှ ခွဲထွက်ပြီး သီးခြားရပ်တည်နေသော ဒီကေဘီအေအဖွဲ့၊ ကေအန်ယူ ငြိမ်းချမ်းရေးကောင်စီ ကဲ့သို့သော အဖွဲ့အစည်းမျိုးဖြစ်သည်။

## ၁၊၃၊၁။ အဖွဲ့မပြောင်း၊ တော်လှန်ရေးမပြောင်း ပုံစံ

နိုင်ငံရေးရည်မှန်းချက်ဖြင့်လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသော လူမျိုးစုအဖွဲ့အစည်းများတွင် ကနဦးတော်လှန်ရေးကိုစတင်သည့်အချိန်ကာလမှစ၍ ယနေ့အချိန်အထိ ဖွဲ့စည်းမှုမပျက်ယွင်းဘဲ ရပ်တည်နေသည့် အဖွဲ့အစည်းများတွင် ကရင်အမျိုးသားအစည်းအရုံး၊ ကချင်လွတ်လပ်ရေးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့သည် အကောင်းဆုံးသာဓကများပင် ဖြစ်သည်။

NCA လက်မှတ်ထိုး အပစ်ရပ်အဖွဲ့များတွင်ဦးဆောင်အဖွဲ့အဖြစ် ရပ်တည်နေသော KNU ၏ နိုင်ငံရေး ရည်ရွယ်ချက်များသည် ကရင်ပြည်နယ်ရရှိရေးဖြစ်သည်။ ၁၉၄၇ ခုနှစ် ဧပြီလ ၆ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၄၈ ခုနှစ် နောက်ပိုင်းမှ စတင်၍ ကရင်အမျိုးသားတို့၏ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ် စတင်ခဲ့ပြီး ကနဦးပိုင်းတွင် အင်းစိန် ထိုမှသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်း အထိပြန့်နှံ့ ရောက်ရှိခဲ့သည်။၁၉၇၆ ခုနှစ်မှ ၂၀၁၀ နှစ်အထိ KNU ကို ဥက္ကဋ္ဌဘိုမြ က ဦးဆောင်မှုပေးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် KNU အဖွဲ့တွင်း ဘာသာရေး ပဋိပက္ခကြောင့် ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး - Democratic Karen Buddhist Army -DKBA အဖွဲ့ခွဲထွက်သွားခဲ့သည်။ ၂၀၁၀ပြည့်နှစ်မတိုင်ခင် DKBA အဖွဲ့မှ ဗိုလ်ချုပ် စောလားပွယ် ဦးဆောင်သည့် DKBA တပ်မဟာ ၅သည် မူလ DKBA ခွဲထွက်ပြီး ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် -Democratic Karen Benevolent Army ကို ဖွဲ့စည်းထူထောင်လိုက်ကြသည်။

မူလ DKBA မှာမူ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်း လိုက်ကြသည်။[7] ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် KNU ဗဟိုကော်မတီ၏ တရားဝင် ခွင့်ပြုချက်မရှိဘဲ တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှု ပြုလုပ်ခဲ့သောကြောင့် KNU တပ်မဟာ (၇) ဗိုလ်ချုပ်ထွေးမောင်ကို ထုတ်ပယ်လိုက်သည့် နောက်ပိုင်း KNU-KNLA ငြိမ်းချမ်းရေးကောင်စီဟု ထွက်ပေါ်လာသည်။[8] KNU အဖွဲ့မှ အဖွဲ့နှစ်ဖွဲ့ ခွဲထွက်သွားခြင်း ဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံး အရေးတော်ပုံဖြစ်ပွားပြီးနောက်ပိုင်း ဒီမိုကရေစီ အရေးလှုပ်ရှားသူများနှင့် ကျောင်းသား/သူများ KNU အဖွဲ့စိုးမိုးရာနယ်မြေတွင်ခိုလှုံပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး- All Burma Students’ Democratice Front (ABSDF) ကျောင်းသားအဖွဲ့ ဖြစ်ပေါ်လာသည်။[9]

---

7 ၂၀၁၅ခုနှစ် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံဖော်ခြင်း လမ်းညွှန်အကိုးအကား၊ စာ- ၁၈၈။
8 ယင်း။ စာ- ၂၄၄။
9 ယင်း။ စာ -၁၅၄။

KNU သည် ABSDF အတွက် လိုအပ်သော အကူအညီများကို ပံ့ပိုးပေးခဲ့သည့်အပြင် ဗမာပြည်မှ နိုင်ငံရေးအင်အားစုများနှင့် တိုင်းရင်းသားအရေး လှုပ်ရှား သူ အများစုသည် KNU အုပ်စိုးရာ နယ်မြေတွင် လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန် အစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် စတင်သည့် အခါ KNU အဖွဲ့ သည် ဦးဆောင်မှုအခန်းတွင် ပါဝင်ခဲ့ပြီး NCA တွင်လည်းကောင်း၊ UNFC တွင်လည်းကောင်း ဦးဆောင် မှု နေရာတွင်ရှိခဲ့သည်။

KNU သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် လက်နက်ကိုင် တိုက်ခိုက်နေပြီး အရှည်ဆုံးသော ပြည်တွင်းစစ်ကို ဆင်နွှဲနေသည့် အဖွဲ့ဖြစ်သည်။ KNU သည် အစိုးရ၏စစ်ရေးဖိအား၊ အဖွဲ့အစည်း အတွင်းသဘောထားကွဲလွဲမှု၊ အဖွဲ့အစည်းမှ အဖွဲ့ငယ်များခွဲထွက်သွားမှု စသည့် အပြောင်းအလဲ၊ အခက်အခဲများကို ကြုံတွေ့ခဲ့သော်လည်း ယခုထိတိုင် မယိမ်းမယိုင် ရပ်တည်နိုင် သည့်တော်လှန်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ကို တွေ့ရသည်။

ကချင်လူမျိုးစုလက်နက်ကိုင်တော်လှန်ရေးဖြစ်စဉ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ထက် ကနဦး စောသည့်အဖွဲ့က ဗိုလ်နော်ဆိုင်း ဦးဆောင်သည့် အမှတ် (၁) ကချင်လက်နက်ကိုင် တပ်ရင်း ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကေအန်ယူနှင့် ဗကပ တို့ကိုတိုက်ခိုက်ရန် အစိုးရထံမှ အမိန့်ညွှန်ကြားချက်ကို ဖီဆန်ပြီး၊ ကေအန်ယူနှင့်ပူးပေါင်း၍ မြို့လှ၊ ရေတာရှည်၊ တပ်ကုန်း၊ ရမည်းသင်း၊ သာစည်၊ မိတ္ထီလာတို့ကို တိုက်ခိုက်သိမ်းပိုက်ပြီး မိတ္ထီလာမှ ပြင်ဦး လွင်(ယခင်မေမြို့) လေယာဉ်နှစ်စီးဖြင့် သွားရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် ပုဂ္ဂိုလ်လည်း ဖြစ်သည်။ ထိုစဉ်က ဗိုလ်နော်ဆိုင်း၏ သဘောထားသည် ကရင်တိုင်းရင်းသားနှင့် ကချင် တိုင်းရင်းသားတို့သည် သမိုင်းတွင် ရန်ငြိုးမရှိ၊ ညီအစ်ကိုများဖြစ်သည်၊ ကရင်ပြည်တွင် ကရင်ရှိပါစေ၊ ငါတို့သည်လည်း ငါတို့ကချင်ပြည်ကို ချီတက်ရမည် ဟူ၍အမြင်ရှိခဲ့သည်။[10] ဗိုလ်နော်ဆိုင်းဦးဆောင်သည့်တော် လှန်ရေးအဖွဲ့သည် ကနဦးကာလတွင် တိုက်ပွဲအောင်မြင်မှုများ ရှိခဲ့သော်လည်း နောက်ပိုင်းတွင်မှု ကချင်နိုင်ငံရေးခေါင်းဆောင်များ၏ ထောက်ခံမှုကို မရရှိသည့်အပြင် ထိုခေါင်းဆောင် ပိုင်းများက ကချင်စစ်သားဟောင်းများကို စုစည်းကာ ပြန်လည် တိုက်ခိုက်ရန် ကြံစည်လာသည့် အတွက် ဗိုလ်နော်ဆိုင်းသည် ၁၉၅၀ ခုနှစ် ဧပြီလပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ နိုင်ငံရေးခိုလှုံခဲ့ရသည်။[11] ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် လက်တွဲကာ တော် လှန်ရေးလုပ်ငန်းစဉ်ကိုဆောင်ရွက်ခဲ့ပြီး ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလပိုင်းတွင် သေဆုံးခဲ့သည်။[12]

---

10 ရှယ်လီဆိုင်း။ ကျမနှင့် တော်လှန်ရေးခရီးစဉ်၊ စာ- ၄၁။

11 မောင်မောင်စိုး။ တိုင်းရင်းသားလက်နက်ကိုင်များအကြောင်း တစေ့တစောင်း၊ စာ- ၁၃။

12 ရှယ်လီဆိုင်း။ ကျမနှင့် တော်လှန်ရေးခရီးစဉ်၊ စာ - ၅၄။

ဗိုလ်နေဝင်းဆိုင်း၏ တော်လှန်ရေးလုပ်ငန်းစဉ်ကြောင့် ကချင်လူထုတွင် ကချင်နိုင်ငံတော်ဟူသော အိမ်မက်[13] ဟူသော နိုင်ငံရေးအိုင်ဒီယာသည် စတင်ခဲ့သည်ဟုယူဆနိုင်သည်။ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်တွင် ဝန်ကြီးချုပ်ဦးနုသည် ရွေးကောက်ပွဲကတိအတိုင်း ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတော်ဘာသာပြဋ္ဌာန်းသတ်မှတ်ရေးဆိုင်ရာအကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ဝင်များသည် မြန်မာနိုင်ငံတဝှန်း သွားရောက် လေ့လာခဲ့ရာ၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ပြင်းထန်သော ဆန္ဒပြမှုနှင့်ကြုံတွေ့ခဲ့ရသည်။[14] ခရစ်ယာန်ဘာသာဝင်အများစုဖြစ်သည့် ကချင်တိုင်းရင်းသားများအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာဖြစ်ခဲ့သည့်အပြင်၊ ထိုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကချင်ပြည်နယ်၏ အစိတ်အပိုင်းဖြစ်သော ဖီမော်၊ ဂေါလန်၊ ကမ်ဖန်ရွာ သုံးရွာကို တရုတ်ပြည်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ဦးနု အစိုးရက ပြဋ္ဌာန်း ကြေညာခဲ့သည်။[15] ထိုသို့သောဖြစ်စဉ်များက ကချင်လွတ်လပ်ရေးအဖွဲ့ကို ထူထောင်စေရန် တွန်းအားများ ဖြစ်စေခဲ့ပြီး၊၁၉၆၁ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် စတင်ထူထောင်လိုက်ကြသည်။ ၁၉၆၁ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ကေအိုင်အိုသည် အစိုးရစစ်တပ်နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ကို စစ်မျက်နှာ နှစ်ရပ်တိုက်ခိုက်နေရသည့် အခြေအနေကို ဖြတ်သန်းခဲ့ရသည်။ ၁၉၇၆ခုနှစ်တွင် ကေအိုင်အို ခေါင်းဆောင်ပိုင်း အပြောင်းအလဲဖြစ်ကာ ကေအိုင်အိုနှင့် ဗကပတို့သည် အပစ်ရပ် မဟာမိတ် တပ်ပေါင်းစု အဖြစ် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ကေအိုင်အေသည် ဗကပထံမှ နိုင်ငံရေးနှင့် စစ်ရေးအကူအညီများ ရရှိလာပြီး ခိုင်မာအားကောင်းလာခဲ့သည်။[16]

ကချင်လွတ်လပ်ရေးအဖွဲ့သည် အခြားသောအင်အားကြီးလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနည်းတူ အဖွဲ့အစည်းအတွင်း ခွဲထွက်မှုကို သုံးကြိမ်တိတိ ရင်ဆိုင်ခဲ့ရသည်။ ပထမအကြိမ်ခွဲထွက်မှုသည် ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကေအိုင်အေတပ်ရင်း ၄ ကော်လန် ၅ မှ စစ်ကြောင်းမှူး ဗိုလ်ဇခုံတိန့်ယင်း ဦးဆောင်သည် အင်အားစုနှင့် ၁၉၆၈ ခုနှစ် မတ်လတွင် ဗိုလ်လယောက်ဇလွန်း ဦးစီးသည့် အင်အားစုတို့သည် တရုတ်ပြည်တွင်းသို့ ဝင်ရောက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်း လိုက်ကြသည်။ ဗကပ ပြိုကွဲသွားသည့်အခါ ယခင်စစ်ဒေသ ၁၀၁ နေရာကို ခြေကုပ် ယူ၍ ဒီမိုကရေစီသစ်တပ်မတော် (ကချင်) ဟူ၍ တပ်မတော်အစိုးရနှင့်

13 မင်းအောင်မင်း။ ကချင် ဖြစ်တည်ခြင်းနှင့် ဖြစ်လာခြင်း၊ စာ -၁၄၈။
14 တပ်မတော်သမိုင်း၊ စတုတ္ထတွဲ၊ ၁၉၄၈-၁၉၆၂။ စာ- ၂၆၁။
15 သန်းဝင်းလှိုင်။ သူတို့တိုက်ခဲ့ရသောစစ်နှင့် သူတို့ရှာနေသော ငြိမ်းချမ်းရေး၊ စာ-၁၂၃။
16 မောင်မောင်စိုး။ တိုင်းရင်းသားလက်နက်ကိုင်များအကြောင်း တစေ့တစောင်း၊ စာ-၂၃။

ငြိမ်းချမ်းရေးရယူပြီး ဖွဲ့စည်း ခဲ့သည်။ ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် ဒီမိုကရေစီသစ် တပ်မတော် (ကချင်) ကို ဖျက်သိမ်းပြီး နယ်ခြားစောင့်တပ် အဖြစ် အသွင်ပြောင်းလိုက်သည်။[17] ဒုတိယအကြိမ် ခွဲထွက်မှုသည် နိုင်ငံရေး၊ စစ်ရေး အကျပ်အတည်းကြောင့်ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းတွင် အခြေစိုက်သည့် ကေအိုင်အေ တပ်မဟာ (၄) သည် ဗကပပြိုကွဲအပြီးတွင် ၎င်း၏အနီးအနားရှိ ရှမ်းလက်နက်ကိုင်အဖွဲ့ဖြစ်သည့် SSPP/SSA က တပ်မတော်အစိုးရနှင့် အပစ်ရပ်သွားသည်မက ၎င်း၏ မဟာမိတ်အဖွဲ့ဖြစ်သည့် ပလောင်လက်နက်ကိုင် အဖွဲ့ PSLO/PSLA သည် အင်အား ယုတ်လျော့လာသည့် အခြေအနေရှိလာသည့်အပြင်၊ ကေအိုင်အေ တပ်မဟာမှူးအသစ် ခန့်အပ်ရာတွင် ရှမ်းမြောက်ဒေသခံမဟုတ်သည့် ပုဂ္ဂိုလ်ကို ခန့်အပ်လိုက်ခြင်းကြောင့် ကေအိုင်အေ တပ်မဟာ (၄) သည် ကေအိုင်အိုမှခွဲထွက်ကာ တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး ဌာနပြည်သူ့စစ်သို့ အသွင်ပြောင်းခဲ့သည်။[18]

၂၀၀၅ ခုနှစ် တွင် ကေအိုင်အေမှ ထောက်လှမ်းရေးအရာရှိဖြစ်သူ ဗိုလ်မှူးကြီး လဆန်အောင်ဝါက ဦးစီးသည့် အာဏာသိမ်းမှုဖြစ်ပွားခဲ့သည်။ မအောင်မြင်သောကြောင့် ၎င်းအဖွဲ့သည် ပန်ဝါဒေသတွင် ခေတ္တခဏ ခိုလှုံခဲ့ပြီး တပ်မတော်အစိုးရနှင့်ဆက်သွယ်ကာ ဇေထူပြည်သူ့စစ် အဖွဲ့အဖြစ် အသွင်ပြောင်းလိုက်ကြသည်။

ကေအိုင်အို၏ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော်သည် လက်ရှိ အနေအထားအရ ဒုတိယအင်အားအကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ဖြစ်နေပြီး၊ အင်အားတစ်သောင်းနှင့် အရန်တပ်ဖွဲ့ဝင် တစ်သောင်းခန့်ရှိသည်ဟု ဖော်ပြကြသည်။ တပ်မတော်အစိုးရလက်ထက် တစ်လျှောက် အပစ်အခတ်ရပ်စဲရေးဖြင့် (၁၇) နှစ်တာ ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ပြီး နယ်ခြားစောင့်တပ် အဖြစ်အသွင်ပြောင်းရန် ငြင်းပယ်ခြင်းနှင့် ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်ရေး စီမံကိန်းအပေါ် ကန့်ကွက်မှုများကြောင့် သမ္မတဦးသိန်းစိန်အစိုးရ တက်လာပြီးနောက်ပိုင်း သုံးလအကြာတွင် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားခဲ့သည်။[19] ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်တွင် တည်ထောင်ခဲ့ပြီး၊ ကေအိုင်အိုက ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ ထိုဖယ်ဒရယ်ကောင်စီမှ ထပ်မံဖွဲ့စည်းလိုက်သည့် NCCT တွင်လည်း ကေအိုင်အေမှ

17 ယင်း။ စာ-၁၀၀။

18 မောင်မောင်စိုး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြောင်းတစေ့တစောင်း။ ၊ စာ-၁၀၁။

19 မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း။၊ စာ ၁၉၆၊

ဗိုလ်ချုပ်ဂွမ်မော်သည်လည်း အရေးပါသည့် နေရာတွင် ဆက်လက်ပါဝင်ခဲ့သည်။ သို့သော်၊ နောက်ပိုင်းတွင် UNFC မှနုတ်ထွက်ပြီး ၂၀၁၇ ခုနှစ် မြောက်ပိုင်းမဟာမိတ်အဖွဲ့တို့ ပူးပေါင်းလိုက်ကြသည်။[20]

ကေအိုင်အို၏ဖြစ်သန်းမှုသမိုင်းဖြစ်စဉ်ကို ကြည့်လျှင် ဗမာပြည်ကွန်မြူနစ်ပါတီ ရှိစဉ်က မဒညတ ဟုခေါ်သည့် အမျိုးသားဒီမိုရေစီ ညီညွတ်ရေးတပ်ပေါင်းစု၊ ၂၀၁၂ ခုနှစ်ပိုင်းတွင် ပေါ်ပေါက်လာ သည့် ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ၊ ၂၀၁၆ခုနှစ်တွင် မြန်မာပြည်မြောက်ပိုင်း မဟာမိတ်တပ်ပေါင်းစု (နောက်ပိုင်းတွင် ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုကော်မတီ) စသည့် တပ်ပေါင်းစုတွင် ပါဝင်လှုပ်ရှားမှုသုံးခုရှိခဲ့သည်။ ကေအိုင်အိုသည်လည်း ကေအန်ယူအဖွဲ့ ကဲ့သို့ သက်တမ်းအရင့်ဆုံး လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး၊ အစိုးရ၏ စစ်ရေးဖိအား၊ အဖွဲ့အစည်းအတွင်းတွင် ခေါင်းဆောင်ပိုင်းအပြောင်းအလဲများ၊ အဖွဲ့ခွဲထွက်မှုများ ကြုံတွေ့ ဖြတ်သန်းခဲ့ရသည့်တိုင် မပြိုလဲခဲ့ဘဲ ယနေ့တိုင် လူမျိုးစုလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်လပ်ရေးလှုပ်ရှားမှုကာလသို့ရောက်သောအခါ ကရင်နီနယ်သည် အနာဂတ်နိုင်ငံရေးနှင့် ပတ်သက်၍ ရွေးချယ်စရာ သုံးခုပေါ်လာသည်။ ပထမရွေးချယ်မှုသည် မြန်မာပြည်နှင့် လုံးဝပူးပေါင်းပြီး လွတ်လပ်ရေးကို ရယူရန်၊ ဒုတိယရွေးချယ်မှုသည် ကရင်ပြည်နယ် နှင့်ပူးပေါင်းရန် နှင့် တတိယရွေးချယ်မှုသည် ကရင်၊ ဗမာ၊ ရှမ်းတို့နှင့် မပေါင်းဘဲ သီးခြားလွတ်လပ်စွာ နေမည်ဟူသော ရပ်တည်မှု ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗမာပြည်မနှင့် ပူးပေါင်းလိုသော ကရင်နီ ကိုယ်စားလှယ် စပ်ဝဏ္ဏာနှင့် ဦးစိန်တို့သည် ဖ.ဆ.ပ.လ ဥက္ကဋ္ဌ ဦးနု နှင့် တွေ့ဆုံညှိနှိုင်းကာ ရှမ်းပြည်အား ပေးအပ်ထားသည့် ခွဲထွက်ခွင့်အခွင့်အရေးနှင့် ကရင်နီပြည်ကို ကာကွယ်ရန် စစ်ရဲတပ်ဖွဲ့ ဖွဲ့ခွင့်ပေးရန် ဟူသော အပေးအယူဖြင့် တောင်းဆိုခဲ့ကြသည်။[21]

ကရင်နီလူမျိုးစုတော်လှန်ရေး ဖြစ်စဉ်သည် ၁၉၄၈ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ကရင်နီ ပြည်ထောင်စုဥက္ကဋ္ဌ ဂိုဘိတူရီ ရုံးစိုက်ရာ မြလဲဒေါ်သို့ ဖ.ဆ.ပ.လ အစိုးရတပ်များ ဝင်ရောက် သိမ်းပိုက်ခြင်းမှ အစပြုရာ ဖ.ဆ.ပ.လ အစိုးရနှင့် ကရင်နီလူမျိုးစုတို့အကြား အက်ကွဲမှု စတင်ခဲ့သည်။ ၁၉၄၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကရင်နီ စုပရင်းကောင်စီကို

20 မောင်မောင်စိုး။ အသစ်မြင် မြန်မာပြည်ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သုံးသပ်ချက်၊ စာ-၅၀။

21 ခူဦးရယ်၊ အမျိုးသားရေးလှုပ်ရှားမှုနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အခန်းကဏ္ဍ တစေ့တစောင်း၊ စာ-၃၇။

ဖွဲ့စည်းကာ ဥက္ကဋ္ဌအဖြစ် စောရွှေက ဦးဆောင်ပြီး ကရင်နီလူမျိုးစု ခုခံတော်လှန်ရေးကို ဆင်နွဲခဲ့သည်။ ၎င်းကွယ်လွန်သွားသည့်အခါ ဥက္ကဋ္ဌအဖြစ် ဗနီးဖြစ်သူ ကတ်သရင်းက ယာယီတာဝန်ယူခဲ့ပြီးက ထေပလိုက ဆက်လက်ဦးဆောင်မှုပေးခဲ့သည်။ ခုခံတော်လှန်ရေးကို ဦးဆောင်မှုပေးနိုင်ရန် ဟူသောအမြင်ဖြင့် ၁၉၅၇ ခုနှစ် မေလ ၂ ရက်တွင်ကရင်နီအမျိုးသားတိုးတက်ရေးပါတီကို ထူထောင်လိုက်ပြီး ၁၉၅၇ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ပထမအကြိမ် အမျိုးသားကွန်ဂရက်ကျင်းပကာ ကရင်နီအစိုးရကို ဖွဲ့စည်းလိုက်ကြသည်။ နိုင်ငံရေးပါတီနှင့် အစိုးရကို ဖွဲ့စည်းသည့်အချိန်မှစ၍ ခေါင်းဆောင်မှု အတက်အကျနှင့် အကျပ်အတည်းကိုလည်းကောင်း၊ တော်လှန်ရေးကောင်စီအစိုးရက ဖိတ်ခေါ်သော ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖြတ်သန်းခဲ့ရသည်။ ကရင်နီတော်လှန်ရေးအဖွဲ့အစည်းသည် အမျိုးသားရေးနှင့် လူတန်းစားအရေးဟူ၍ နိုင်ငံရေး အတွေးအခေါ်နှစ်ရပ် လွန်ဆွဲမှုကိုလည်း ဖြတ်သန်းခဲ့ရသည်။ ၁၉၇၇ ခုနှစ် လူတန်းစား နိုင်ငံရေး အတွေးအခေါ်အရ ကရင်နီ အမျိုးသား ပြည်သူ့လွတ်မြောက်ရေးတပ်ဦးသည် ခွဲထွက်ခဲ့ပြီး နောင်းပိုင်း တွင် နယ်ခြားစောင့်တပ် ၁၀၀၄၊ ၁၀၀၅ အဖြစ် အသွင်ပြောင်းခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ကရင်နီ အမျိုးသားကာကွယ်ရေးတပ်သည် ခွဲထွက်ပြီး ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းသွားခဲ့သည်။[22] ထိုသို့ ကရင်နီအမျိုးသား တိုးတက်ရေးပါတီထံမှ ခွဲထွက်မှုများ ရှိခဲ့သော်လည်း ယခုအထိ ကရင်နီအမျိုးသား တိုးတက်ရေးပါတီအဖြစ် ရပ်တည်လျက်ရှိသည်။

ကရင်အမျိုးသားအစည်းအရုံး၊ ကချင်လွတ်လပ်ရေးအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့သည် သက်တမ်းအရင့်ဆုံးတော်လှန်ရေးအဖွဲ့အစည်းများဖြစ်ကြပြီး၊ ခေတ်အဆက်ဆက် အစိုးရ၏ စစ်ရေးဖိအားတိုက်ခိုက်မှုများ၊ အဖွဲ့အစည်းအတွင်းခေါင်းဆောင်ပိုင်းအပြောင်းအလဲများ၊ ခွဲထွက်သွားသည့်အဖွဲ့ငယ်များ ရှိသော်လည်း တော်လှန်ရေးစတင်သည့်အချိန်မှစ၍ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် မပြိုလဲဘဲ ယနေ့အချိန်အထိတိုင် ရပ်တည်နေသည့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ဖြစ်ကြသည်။

22 Keenan,P.By Force of Arms, P-160.

## ၁၊၃၊၂။ အဖွဲ့ပြောင်း၊ တော်လှန်ရေး မပြောင်း ပုံစံ

၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံသည် ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းဝိသေသတိုင်းနှင့် ဗမာပြည်မဟူ၍ ပြည်ထောင်ငါးခု စုစည်း၍ ဖြစ်ပေါ်လာခဲ့သည်။[23] လွတ်လပ်ရေးမတိုင်ခင်ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်၏ ပြည်ထောင်စု အုပ်ချုပ်ပုံအခြေခံစည်းမျဉ်းဥပဒေတွင် မွန်တို့၏ အခွင့်အရေးသည် တစ်လုံးတစ်ပါဒမျှဖော်ပြခြင်း မခံရသည့်အတွက် မွန်မျိုးချစ်ပုဂ္ဂိုလ်တို့သည် ဖ.ဆ.ပ.လ ကြားဖြတ်အစိုးရထံ တောင်းဆိုချက် ခုနစ်ချက်ကို တောင်းဆိုခဲ့သော်လည်း မွန်နှင့် ဗမာသည် အတူတူဖြစ်၍ သီးခြားအခွင့်အရေး ပေးစရာမရှိကြောင်း ဝန်ကြီးချုပ် ဦးနုက တုံ့ပြန်ခဲ့သည်။[24] လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် မုံဒုံမြို့နယ်၊ ဖားအောက်ကျေးရွာတွင် ညီလာခံငါးရက်တိုင်တိုင်ကျင်းပခဲ့ပြီး၊ မွန်လူမျိုးတို့ ဖိနှိပ်မှုမှ လွတ်မြောက်ရန်အတွက် မွန်ပြည်နယ်ကိုဖြစ်သည့်နည်းဖြင့် ဖော်ထုတ်ကြရန် ဟူသော အချက်အပါအဝင် ဆုံးဖြတ်ချက် ၄ ချက်ကို ချမှတ်ခဲ့သည်။[25] မွန်ပြည်နယ် ဖော်ထုတ်နိုင်ရေး အတွက် ၁၉၄၉ ခုနှစ်မှစ၍ မွန်ပြည်သူ့တပ်ဦးသည် လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။ သို့သော် ၁၉၅၈ခုနှစ် ဇူလိုင် ၂၄ ရက်တွင် မွန်ပြည်သူ့တပ်ဦးသည် ပြည်သူ့ဒီမိုကရေစီလမ်းစဉ်ကို ဥပဒေတွင်း တိုက်ပွဲအဖြစ် ဝင်ရောက်ဆောင်ရွက်ရန်၊ လူထု ထောက်ခံမှု ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရန် ဟူသော အကြောင်းပြချက်ဖြင့် လက်နက်ချခဲ့ သည်။[26] ဥပဒေတွင်းတိုက်ပွဲသည်လည်း ထင်သလောက် အောင်မြင်မှု မရသည့်အပြင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် အာဏာသိမ်းအစိုးရကြောင့် နိုင်ငံရေးပါတီများလည်း ဖျက်သိမ်းပစ် ခံရပြီးနောက်ပိုင်း မွန်ပြည်သူ့တပ်ဦး တပ်ဖွဲ့ဝင်ဟောင်းများသည် ပြန်လည်စုစည်းကာ မွန်ပြည်သစ်ပါတီသည် တကျော့ပြန် မွန်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအဖြစ် ပြန် လည်ထွက်ပေါ်လာခဲ့သည်။ မွန်ပြည်နယ်ရရှိရေးအတွက် တော်လှန်ခဲ့ကြသော မွန်ပြည်သစ်ပါတီ သည် ၁၉၇၄ အခြေခံဥပဒေအရ မွန်ပြည်နယ်ကို သတ်မှတ်ပေးလိုက်သော်လည်း တော်လှန် ရေး လုပ်ငန်းစဉ်ကို ဆက်လက်ချီတက်ခဲ့သည်။ မွန်တိုင်းရင်းသားတို့၏ သတ်မှတ်လိုသော မွန်ပြည်နယ်သည် မွန်မျိုးနွယ်စုတို့ နေထိုင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ လက်ရှိ မွန်ပြည်နယ်၊

23 ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း

24 နိုင်ပန်းသာ၊ မွန်နိုင်ငံရေးလှုပ်ရှားမှု သမိုင်းအတွေ့အကြုံ၊ စာ-၇၀။

25 ယင်း၊ စာ- ၇၈။

26 ယင်း၊ စာ -၁၄၄။

ကရင်ပြည်နယ် ဒေသအချို့နှင့် တနင်္သာရီမြောက်ပိုင်းဒေသနှင့် ဆက်စပ်ရာ နယ်မြေအချို့တို့ ဖြစ်သည်။[27] ၂၀၀၁ ခုနှစ် မွန်ပြည်သစ်ပါတီဗဟိုအဖွဲ့ဝင် နိုင်စိုးမြင့် ဦးဆောင်သော အဖွဲ့က မွန်ငြိမ်းချမ်းရေး ဟူ၍ ခွဲထွက်ခဲ့သလို[28] မွန်ငြိမ်းချမ်းရေးအဖွဲ့ (မြိတ်ဒေသ) တို့လည်း ခွဲထွက်ခဲ့သည်။ မွန်ပြည်သူ့တပ်ဦးနှင့် မွန်ပြည်သစ်ပါတီတို့သည် မွန်လူမျိုးစု လက်နက်ကိုင်တော်လှန်ရေး သမိုင်းဖြစ်စဉ်တွင် အလွန်တရာအရေးကြီးသည့် နိုင်ငံရေး အင်အားစု\နှစ်ရပ်ဖြစ်ပါသည်။ မွန်ပြည်သူ့တပ်ဦးသည် ကနဦးတော်လှန်ရေးကာလတွင် လက်နက်ကိုင်တော်လှန်ရေးကို အကောင်အထည်ဖော်ခဲ့ပြီး၊ မွန်ပြည်သူ့တပ်ဦး မရှိတော့သည့် နောက်ပိုင်းတွင် မွန်တော်လှန်ရေး လမ်းစဉ်ကို အဖွဲ့အစည်းသစ်တစ်ရပ်ဖြစ်သည့် မွန်ပြည်သစ်ပါတီက လက်ဆင့်ကမ်း ထမ်းဆောင်ခဲ့သည်ကို တွေ့ရပါသည်။ထို့ကြောင့်၊ လူမျိုးစုတစ်စု၏ နိုင်ငံ ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်မည့် အဖွဲ့အစည်းတစ်ရပ် ပြိုလဲ၊ ဖျက်သိမ်းလိုက် သည့်တိုင် အခြေအနေ တစ်ရပ်ရပ်တွင် လူမျိုးစုအသိုင်းအဝိုင်းအတွင်းမှ စတင်ကာဂုင်းတို့၏နိုင်ငံရေးရည်မှန်းချက် ကို အကောင်အထည်ဖော်မည့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းသစ်တစ်ရပ်သည် သက်ဆိုင်ရာ လူမျိုးစုအဝန်းအဝိုင်းထံမှ ပြန်လည်ပေါက်ဖွားလာသည်ကို တွေ့နိုင်ပါသည်။

ချင်းတော်လှန်ရေးအစသည် ၁၉၃၃ ခုနှစ်တွင် ချင်းအမျိုးသားအစည်းအရုံးတွင် စတင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ချင်းအမျိုးသားအဖွဲ့အစည်းဟူ၍ အမည်ပြောင်းလဲလာခဲ့သည်။ ထိုအချိန်အထိ ချင်းလူမျိုးစု လက်နက်ကိုင်တော်လှန်ရေးသည် အစမပြုခဲ့သေးပေ။ ချင်းလူမျိုးစုလက်နက်ကိုင် တော်လှန်ရေးသည် ၁၉၆၁ ခုနှစ်တွင်စတင်ခဲ့သော်လည်း တော်လှန်ရေးကောင်စီအစိုးရတက် လာပြီးနောက်ပိုင်း ၁၉၆၄ ခုနှစ် မတ်လ ၁၉ ရက်တွင် ပြည်သူပိုင်သိမ်းယူမှု၊ ၁၉၆၄ ခုနှစ် မေ ၁၇ ရက်တွင် ငွေစက္ကူ တရားမဝင်ကြေညာမှုတို့က ချင်းတောင်အမတ်များ၊ တပ်မတော်အငြိမ်းစား ချင်းအမျိုးသားများက မကျေနပ်ဖြစ်စေခဲ့သည်။ ထိုသည်မှအစပြု၍ ချင်းနိုင်ငံရေးခေါင်းဆောင် အချို့သည် Burma National Liberation Council ကိုဖွဲ့စည်းပြီး ချင်းတပ်ရင်းကို ချင်းအမျိုးသား ကာကွယ်ရေးတပ်မတော်ဟု ဖွဲ့စည်းခဲ့သည်။ ၁၉၆၄ ခုနှစ်နောက်ပိုင်းတွင် တပ်မတော်၏ စစ်ဆင်ရေး ကြောင့် အဖွဲ့ပြိုကွဲသွားခဲ့သော်လည်း ၁၉၇၁ ခုနှစ်တွင် ချင်းအမျိုးသားအဖွဲ့အစည်းကို လျှို့ဝှက် ဖွဲ့စည်းနိုင်ခဲ့ပြီး ချင်းဒီမိုကရေစီပါတီကိုလည်း ထူထောင်ခဲ့ကြသည်။ ၁၉၈၀ ခုနှစ်နှောင်းပိုင်းတွင် ဗိုလ်မှူးကြီးရမ်းနင်း ဦးဆောင်သည့် ချင်းအမျိုးသားတပ်မတော် ပေါ်ပေါက်လာခဲ့သည်။ ၁၉၈၈

27 အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုနှင့်ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းများ၊ စာ- ၁၀၉။

28 (Paul Keen၊ စာ- ၂၂၇)

ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံ ပေါ်ပေါက်လာသောအခါ ချင်းတက္ကသိုလ်ကျောင်းသားအများစု ပါဝင်သည့် ချင်းအမျိုးသားတပ်ဦးကို ၁၉၈၈ ခုနှစ် မတ် ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကိုယ်ကံကြမ္မာဖန်တီးရေး၊ တန်းတူရေးနှင့် ဒီမိုကရေစီအရေးတို့ကို ဦးတည်ပြီး လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို စတင်ခဲ့ခြင်း ဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်တွင် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှု ၁၉၉၄ ခုနှစ်စက်တင်ဘာ ၂၅၊ ၁၉၉၇ခုနှစ် ဇန်နဝါရီ ၂၅-၂၆၊ ၁၉၉၇ ခုနှစ် ဧပြီ ၂၀- ၂၁၊ ၁၉၉၇ ခုနှစ် ဇူလိုင် ၉ ရက် စသဖြင့် လေးကြိမ်တိတိ ဆွေးနွေးခဲ့ ကြခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ သမ္မတဦးသိန်းစိန် အစိုးရတက်လာပြီး နောက်ပိုင်း ၂၀၁၂ ခုနှစ်တွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဟူ၍ နှစ်ဦးနှစ်ဘက်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စာချုပ်ကို လက်မှတ်ထိုးပြီး၊ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်အဖွဲ့ ဖြစ်လာခဲ့သည်။[29] ချင်းလူမျိုးစု တော်လှန်ရေးဖြစ်စဉ်တွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များသည် တစ်ဖွဲ့ပြီး တစ်ဖွဲ့ပေါ်ပေါက်လာသည်ကို တွေ့ရပါသည်။

## ၁၊၃၊၃။ အဖွဲ့အစည်းဟောင်းထဲမှ အဖွဲ့သစ်ပေါ်ပေါက်လာခြင်း

ဝါဒရေးရာအခြေပြု လက်နက်ကိုင်အဖွဲ့အစည်းသည် ၁၉၄၈ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ပဲခူးရိုးမကို အခြေစိုက်၍ သော်လည်းကောင်း၊ ၁၉၆၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အရှေ့မြောက်ဒေသအလိုက် အိမ်နီးချင်းနိုင်ငံ၏ အထောက်အပံ့ဖြင့် သော်လည်းကောင်း ရပ်တည်နိုင်ခဲ့သည်။ အင်အား အကောင်းဆုံး ဖြစ်ခဲ့သည့် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပက်သတ်၍ နိုင်ငံရေးနှင့် စစ်ရေးအကူအညီ ရယူနိုင်ရေးပေါ် မူတည်၍ သော်လည်းကောင်း၊ စစ်မျက်နှာနစ်ဖက်ဖြင့် မဟာဗျူဟာမြောက် ဆုံးရှုံးနိုင်ခြေ များသောကြောင့် လည်းကောင်း ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်ဆံရေးတွင် တပ်ပေါင်းစု ပုံစံဖြင့် လည်းကောင်း၊ မဟာမိတ်ပုံစံဖြင့်လည်းကောင်း ထိတွေ့ဆက်ဆံမှုများရှိခဲ့သည်။

"ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ United Wa State Party (UWSP) အဖြစ် ဖြစ်ပေါ်လာမည့် အင်အားစုသည် ဗကပလက်အောက်ခံ "ဝ" တိုင်းရင်းသားတပ်ရင်းအဖြစ် ဖွဲ့စည်းမှုတွင်ပါဝင်ခဲ့သည်။ "ဝ" လူမျိုးနွယ်စုများသည် ဗမာပြည်ကွန်မြူနစ်ပါတီကြောင့် တစ်စုတစည်းတည်း ဖြစ်လာကြသည်။ ၁၉၈၉ ခုနှစ်တွင် ဗကပ ကို ပုန်ကန်တော်လှန်ခဲ့ပြီး တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကို

29 Keena,P.By Force of Arms, p.140.

ဆောင်ရွက်နိုင်ခဲ့သည်။ MTA ကို တိုက်ခိုက်ရာတွင်နှင့် RCSS ကိုတိုက်ခိုက်ရာတွင် တပ်မတော် အစိုးရနှင့် ပူးပေါင်းပါဝင်ခဲ့သည်။ အင်အားသုံးသောင်းကျော်ခန့် ရှိပြီးဖြစ်သည့် UWSA သည် တပ်မတော် အစိုးရနှင့်လည်း အတိုင်းအတာတစ်ခုအထိ ပူးပေါင်းဆောင်ရွက်မှု ရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ကူးပြောင်းရေးကို လက်မခံခဲ့သလို ယခုအချိန်အထိ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို (NCA) လက်မှတ်ထိုးရန် ချိန်ဆစဉ်းစားဆဲလည်း ဖြစ်သည်။ သို့သော် ဦးသိန်းစိန်အစိုးရ တက်လာပြီးနောက်ပိုင်းတွင် Bilateral Ceasefire ကို ပြည်နယ် အဆင့်၊ ပြည်ထောင်စုအဆင့် တို့တွင် လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ လက်ရှိတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၇ ဖွဲ့ ပါဝင်သည့် FPNCC တွင် ဦးဆောင်မှုအခန်းကဏ္ဍ ရယူထားသည့်အဖွဲ့အစည်းဖြစ်သည်။

ဗကပ ကြောင့် စစ်ဒေသ ၈၁၅ ဟူ၍ ဖြစ်တည်လာသည့် မိုင်းလားအဖွဲ့သည် ၁၉၈၉ ခုနှစ်မှာပင် UWSA နည်းတူ ခွဲထွက်ပြီး တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးယူခဲ့သည့် ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ (၄) အဖြစ် သက်မှတ်ခြင်းခံရသည်။ ၎င်းတို့ကိုယ်တိုင်ကမူ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် NDAA အမည်ဖြင့် ကင်ပွန်းတပ်ခဲ့သည်။ NDAA သည် UWSA နှင့် နိုင်ငံရေးရပ်တည်ချက် တသားတည်းဖြစ်သည်။[30] အစိုးရ၏ မဟာဗျူဟာမြောက်ဦးတည် ရန်သူဖြစ်ခဲ့သည့် ဗမာပြည်ကွန်မြူနစ် ပါတီသည် အရှေ့မြောက်ဒေသတွင် ပြိုကွဲခဲ့သော်လည်း ၎င်းတို့လက်အောက်တွင် ဖွဲ့စည်းပါဝင်ခဲ့သော လူမျိုးစုများမှာမူ အဖွဲ့အစည်းတစ်ရပ်ဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အသစ်တစ်ရပ်အဖြစ် ပြန်လည်ပေါ်ပေါက်လာသည်ကို တွေ့ရပါသည်။

စကားစဉ်ကိုပြန်ချုပ်ရလျှင် ပြည်တွင်းစစ်၏ဇစ်မြစ်သည် နိုင်ငံရေးပြဿနာကြောင့်ဖြစ်ပြီး၊ လူမျိုးစု အသီးသီးတွင် ဆိုင်ရာလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စီရှိနေကြပြီး၊ တော်လှန်ရေးသည် တိုင်းရင်းသား လူမျိုးစုအသိုင်းအဝန်းကြားတွင် ဘဝလူနေမှုပုံစံတစ်ရပ်ကဲ့သို့ အသားကျနေပြီ ဖြစ်သည်။ တောင်တန်းဒေသရှိလူမျိုးစုအများစုတွင် ပြင်ပလောကနှင့်ပတ်သက်၍ တွေးပူ ထိတ်လန့်မှုနှင့်အတူ တစ်သီးတသန့်တည်းနေလိုသည့် အမြင်များရှိသည်ကိုတွေ့ရသည်။ ပြည်တွင်းစစ် ဖြစ်စဉ်နှင့်အတူ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ပြောင်းလဲမှုပုံစံသုံးမျိုးအပြင်၊

30 မောင်မောင်စိုး။ တိုင်းရင်းသားလက်နက်ကိုင်များအကြောင်း တစေ့တစောင်း၊ စာ -၁၇၈။

လူမျိုးစုတစ်စုတည်းတွင်ပင်လျှင် တော်လှန်ရေးကို လက်နက်ကိုင်အဖွဲ့အစည်းတစ်ဖွဲ့ပြီး တစ်ဖွဲ့က လက်ဆင့်ကမ်း သယ်ဆောင်သွားခြင်း သို့မဟုတ် စင်ပြိုင်အဖွဲ့များပေါ်ပေါက်လာပြီး ‌တော်လှန်ရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့် လူမှုအုပ်စုခွဲလေ့ကို တွေ့မြင်နိုင် သည်။

“လောကအမြင်ဟူသည် ကျွန်ုပ်တို့၏ အတွေးများနှင့် လုပ်ရပ်တို့အတွက် အခြေခံအုတ်မြစ်နှင့် မူဘောင်တို့ပင်ဖြစ်သည်။ ကျွန်ုပ်တို့ပုံဖော်စဉ်းစားနေသော စိတ်ကူးထည်များအားလုံးသည် လောကအမြင်တည်းဟူသော အခြေခံ အုတ်မြစ်နှင့် မူဘောင်တို့၏ ဦးဆောင်ရာအတိုင်း ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထိုလောကအမြင်သည်လျှင် ကျွန်ုပ်တို့ တွေ့ကြုံခံစားမှုမှန်သမျှကို အနက်ဖွင့်ရန်နှင့် မည်သို့ တုံ့ပြန်ရန်တို့ကို အဓိက ပဲ့ကိုင်နေသည့် အရာလည်းဖြစ်သည်။

*Jame N.Anderson*


Credit to Pyidaungsu Institute




# အခန်း (၂)

## လောကအမြင် (*Worldview*)

လက်တွေ့

သိစိတ်

စိတ်ခံစားမှု

# အခန်း (၂)
# လောကအမြင် (*Worldview*)

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက ယနေ့အချိန်အထိ နှစ်ပေါင်းခုနစ်ဆယ်ကျော်တိုင်အောင် ပြည်တွင်းစစ်ကို အဆုံးမသတ်နိုင်သေးပေ။ သမိုင်းအရကြည့်လျှင် နှစ် (၇၀) သည် အဖိုး၊ အဖေ၊ သား စသည့်မျိုးဆက် (၃) ဆက်ပင်ရှိခဲ့ပြီး ဤမျိုးဆက်သုံးဆက်သည် ပြည်တွင်းစစ်တည်းဟူသော ပတ်ဝန်းကျင်တွင် ကြီးပြင်း လာကြသည်နှင့်အမျှ မြင်ပုံ၊ တွေးပုံ၊ သုံးသပ်ပုံ၊ သဘောထားပုံများသည် လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်၏ လွှမ်းမိုးမှုအားကြီးလာခြင်းနှင့် လက်ဆင့်ကမ်းမျိုးရိုးစဉ်ဆက် တော်လှန်ရေးမျိုးဆက် အခြေအနေအထိဖြစ်တည်ခိုင်မာစွဲမြဲလာပါသည်။

ခေတ်တစ်ခေတ်၏ကျန်ရစ်သော နိုင်ငံရေးအမွေကို နောက်သမိုင်းတစ်ခေတ်က ဆက်ခံသည့်အပြင်၊ နောင်မျိုးဆက်တွင် ကျန်ရစ်နေသော မပြီးဆုံးသေးသော ပြောင်းလဲမှုကို နောက်မျိုးဆက်တို့က ဆက်ခံသည်။ ယင်းတို့ကို "တော်လှန်ရေး"ဟု သမိုင်းဆရာတို့က မှတ်တမ်းပြုကြသည်။[31] ထိုနည်းတူပင်၊ ခေတ်တစ်ခေတ်တွင် မပြီးပြတ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအမွေကို နောက် မျိုးဆက် ဆက်ခံပြီး ဆက်လက်ချီတက် သွားသည်မှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး၏ သမိုင်းစဉ်ဖြတ်သန်းမှုတစ်ရပ် ဖြစ်သည်။ ဤသို့ သမိုင်း၏နိုင်ငံရေးအမွေကို ဆက်ခံလာသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေတ်၊ စနစ်၊ သမိုင်းဖြစ်သန်းမှု အတွေ့အကြုံတို့နှင့် ထိုဖြတ်သန်းမှုတို့က ပုံသွင်းလိုက်သော နိုင်ငံရေးအမွေတို့သည် လုံခြုံရေးပြုပြင်ပြောင်းလဲရာတွင် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့်၊ တိုင်းရင်းသား လက်နက်ကိုင် ပြဿနာသည် မျိုးဆက်နှင့်ချီပြီး ဖြစ်တည်လာသည့် တော်လှန်ရေးမျိုးဆက် ပြဿနာ ဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

31 နောင်ကျော်၊ ချိုးကူးသံကို မလွှမ်းဘူးလား အမေ၊ စာ ၃၇။

လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် လူသားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဖွဲ့အစည်းဟူသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ဖြတ်သန်းမှု၊ ယဉ်ကျေးမှု စသည်တို့ ရှိပါသည်။ ထိုအခါ အဖွဲ့အစည်းတစ်ရပ်ကို ပြောင်းလဲမှုတစ်ရပ်ရပ်ကို ဆောင်ကြဉ်းသည့်အခါ အဖွဲ့အစည်းဝင်များ၊ အဖွဲ့ဝင်များဖြစ်သည့် လူသားများ၏ အမြင်၊ ခံစားမှု၊ ခံယူချက်တို့သည် အလွန်တရာ အရေးကြီးလှပါသည်။ ထိုအဖွဲ့ဝင်များ၏ စိတ်ခံစားမှု၊ အမြင်များ၊ ခံယူချက်များပေါ် မူတည်၍ အပြောင်းအလဲတစ်ရပ် ငြင်သာမှု၊ အောင်မြင်မှု၊ ကျဆုံးမှုစသည့် ရလဒ်များကို ဦးတည် သွားနိုင်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို မည်သို့သော ပြုပြင်ပြောင်းလဲမှု တစ်ရပ်ရပ်ကို ဆောင်ရွက်သည့်အခါဖြစ်စေ အဖွဲ့ဝင်များ၏ လောကအမြင်ကို ဦးစွာပထမ လေ့လာ ရန် လိုအပ်လာပါသည်။

## ၂.၁။ လောကအမြင်ဖွင့်ဆိုချက်များ

လောကအမြင် - World View ဆိုသည့် အင်္ဂလိပ်စကားလုံးသည် ဂျာမန်ဘာသာစကားရပ် Weltanschauung မှ ဆင်းသက်လာခြင်းဖြစ်ပြီး32 လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် လူမှုအုပ်စုတစ်စု၏ ဘဝအမြင်၊ စွဲကိုင်ထားသည့် ဒဿနတစ်ရပ် ဟူ၍လည်း အနက်ဖွင့်ဆို ထားပါသည်။

လောကအမြင် (Worldview) ကို ဒဿနပညာရှင်များနှင့် ဘာသာရေးလောကတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနေသကဲ့သို့ပင် နယ်ပယ်အသီးသီးသော ပညာရှင်တို့က ဘဝဒဿန(Philosophy of life)၊ လောကဆိုင်ရာ အနုမာနမှန်းဆချက် (World hypothese)၊ ပြင်ပလောကအမြင်(world outlook)၊ မှန်းဆတည်ဆောက်ထားသော လောက (Assumptive worlds)၊ အရှိတရားဆိုင်ရာမျှော်ရည်ချက် (Visions of Reality)၊ မိမိနှင့် လောကတို့ကို ပုံဖော်ထားသောစနစ် (Self-and –world construct system)၊ ယဉ်ကျေးမှုဆိုင်ရာ အခြေခံ (Cultural orientations)၊ တန်ဖိုးဆိုင်ရာအခြေခံ (Value Orientations)၊ အသားကျနေသော အနက်ဖွင့်ဆိုမှုစနစ် (Unconscious systems of meaning)၊ အသားကျနေသော ရွေးချယ်မှု (Unconscious canons of choices)၊ ပုံဖော်ခြင်း (Configurations)၊ ယဉ်ကျေးမှုဆိုင်ရာ ရည်ရွယ်ချက် (Cultural Themes)၊ ပင်မကျောရိုးယဉ်ကျေးမှု (Core Culture) ဟူ၍အသီးသီး ဖွင့်ဆိုထားကြသည်။[33]

32 Oxford dictionaries https://en.oxforddictionaries.com/definition/weltanschauung

33 Mark E.Koltko-Rivera, The Psychology of Worldviews, p-4.

ဂျာမန်လူမှုဗေဒပညာရှင် Max Weber က လောကအမြင်ဟူသည် ယုံကြည်တန်ဖိုးထားရာ အစုအဝေး (Coherent set of values) ဖြစ်သည်ဟု ရည်ညွှန်းသည်။[34] ခရစ်ယာန်ဒဿနပညာရှင် Jame Sire က လောကအမြင်ဟူသည် ကျွန်ုပ်တို့ အခြေခံကျကျ တည်ဆောက်ထားနှင့်ပြီးသော လောကနှင့် ပတ်သက်၍ စွဲကိုင်ထားသော မှန်းဆချက်အစု (A set of presuppositions) ဟူ၍ ဖွင့်ဆိုသည်။[35] ပညာရှင် Gary Phillips နှင့် Bill Brown တို့က လောကအမြင်နှင့်ပတ်သက်၍ အဆင့်နှစ်ဆင့် ပိုင်းခြားပြီး ဖွင့်ဆိုပြသည်။ လောကအမြင်ဟူသည် ပထမတွင် လောကကြီးနှင့် ပတ်သက်၍ ကျွန်ုပ်တို့ နားလည်လက်ခံထားနှင့်သော ရှင်းလင်းမှုနှင့် ဖွင့်ဆိုမှုဖြစ်ပြီး (Explanation and interpretation of the world)၊ ထိုသို့လက်ခံထားသောအမြင်ဖြင့် လက်တွေ့ဘဝတွင် အသုံးချခြင်း ဖြစ်သည်ဟူ၍ ဖြစ်သည်။[36]

ဤစာတမ်းတွင် အသုံးပြုမည့် လောကအမြင်(worldview) ဖွင့်ဆိုချက်သည် ပညာရှင် Gray Philips နှင့် Bill Brown တို့နှင့် အတူတူပင် ဖြစ်ပါသည်။ လူမှုပတ်ဝန်းကျင်နှင့် ပတ်သက်၍ နားလည် လက်ခံထားပြီးသော ရှင်းလင်းမှုနှင့် ဖွင့်ဆိုမှုတို့ဖြစ်ပြီး၊ ထိုသို့ဖွင့်ဆိုမှုနှင့်အညီ လက်တွေ့ဘဝတွင် နေထိုင် အသုံးချခြင်းပင် ဖြစ်သည်။

## ၂၊၂။ လောက(world)

ဤစာတမ်းတွင် ရည်ညွှန်းသည့် လောကဟူသည် သက်ရှိသတ္တဝါများနေထိုင်ရာ ပတ်ဝန်းကျင်၊ သက်မဲ့အရာများတည်ရှိရာ ပတ်ဝန်းကျင်၊ အာကာသ၊ ကောင်းကင်၊ ကမ္ဘာမြေကြီး စသည့် ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကို မဆိုလိုပါ။ သိစိတ်အရ (Conigtively)၊ လက်တွေ့အရ၊ စိတ်ခံစားမှု အရ ဆက်နွယ်နေသော လူမှုပတ်ဝန်းကျင်ကို ဆိုလိုပါသည်။[37] ထိုသို့ သိစိတ်အရ၊ လက်တွေ့အရ၊ စိတ်ခံစားမှုအရဆက်နွယ် ချိတ်ဆက်နေသည့် လူမှုပတ်ဝန်းကျင်နှင့်ပတ်သက်၍ ဖွင့်ဆိုနားလည်မှုနှင့် ထိုဖွင့်ဆိုနားလည်မှုနှင့်အညီ လက်တွေ့ကျင်သုံးမှုသည် လောကအမြင်ဖြစ်သည်ဟု ဤစာတမ်းက လက်ခံဖွင့်ဆိုသည်။

34 Stephenn Kalberg,The Past and Present Influence of Word Views : Max Weber on A Neglected Socia lolgical Concept,p.140

35 James W. Sire, Worldview as a Concept, p19

36 W. Gray Philips and William E. Brown, Making sense of your world, A biblical worldview. p-8.

37 World Views From fragmentation to integration, p-8

လောကအမြင်သည် သူ့ထီးတည်းတည်းရပ်တည်ဖြစ်ပေါ်လာခြင်းလည်းမဟုတ်ပေ။ အလို အလျောက်လည်း ဖြစ်တည်လာခြင်းလည်းမဟုတ်ပြန်ပေ။ တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် ကြုံတွေ့ဖြတ်သန်းလာခဲ့ရသော အတွေ့အကြုံများစွာထဲမှ တည်ဆောက်ယူလာရခြင်းဖြစ်သည်။ လောကအမြင် တည်ဆောက်ခြင်းဟူသည် အစဉ်အလာအရလက်ခံထားသည့် ယဉ်ကျေးမှု ဆိုင်ရာ အနက်အဓိပ္ပာယ်များ(Cultural meanings)၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း လာခဲ့သော အပြုအမူများ၊ လူမှုနိုင်ငံရေးပြဿနာ ရပ်များနှင့် အစဉ်ဆက်စပ်ပြီး ဖြစ်ပေါ်လာခြင်း ဖြစ်သည်။[38]

## ၂.၃။ လောကအမြင်၏သဘာဝ၊ ဝိသေသများ

လောကအမြင်ဆိုင်ရာ ဝိသေသတွင် ကနဦးကျသည့်အရာမှာ ရှိမှုဗေဒမေးခွန်းဖြစ်သည်။ အရှိတရား ဟူသည် အဘယ်နည်း၊ ကျွန်ုပ်တို့နေထိုင်သောလောက၏ သဘာဝသည် အဘယ်သို့နည်း၊ ထိုသို့သော လောကသည် မည်သို့ဖွဲ့စည်းပြီး မည်သို့လုပ်ဆောင်သနည်းဟူသောမေးခွန်းများ ဖြစ်သည်။ ဒုတိယဝိသေသတစ်ခုမှာ ကျွန်ုပ်နေထိုင်သော စကြဝဠာ၏ အစအဦးမည်သို့မည်ပုံ စတင်ခဲ့သနည်း။ အရာခပ်သိမ်းသည် မည်သည့်ထံမှ ဆင်းသက်လာသနည်းဟူသော အမေးကို ရှင်းပြခြင်းဖြစ်သည်။

တတိယမေးခွန်းသည် ဒုတိယဝိသေသ၏အဆက်ဟုဆိုနိုင်သည်။ ကျွန်ုပ်တို့သည် မည်သည့်ထံသို့ ဦးတည်သွားသနည်း။ စကြာဝဠာထဲရှိ ဘဝများကံကြမ္မာသည် မည်သို့ဖြစ်လာနိုင်သနည်း။ ထိုသို့ အနာဂတ်ကို မေးခွန်းထုတ်ရင်း မည်ကဲ့သို့နေထိုင်အသက်ရှင်ရမည်နည်း၊ ကောင်းခြင်း၊ ဆိုးခြင်းဟူသည် အဘယ်နည်း၊ ဘဝ၏အနှစ်သာရဆိုသည်မှာ အဘယ်နည်းဟူ၍ မေးခွန်းသည် ထပ်ဆင့်ပေါ်လာခဲ့သည်။ ထိုဝိသေသမေးခွန်းက ကျွန်ုပ်တို့၏ လမ်းပြ၊ ရည်မှန်းချက်၊ ပန်းတိုင်ကို ဦးတည်လမ်းပြပေးမှုများသည် စတုတ္ထမေးခွန်းဖြစ်သည်။

တဖန်မည်ကဲ့သို့ လုပ်ဆောင်သင့်သနည်းဟူသည်မှာ ပဉ္စမဝိသေသတစ်ခုဖြစ်လာသည်။ မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်းဟူသော အဆင့်မှတဆင့် အမှန်၊ အမှားကိုခွဲခြားခြင်းဟူ၍ ဖြစ်လာသည်။ အမှန်၊ အမှား ခွဲခြားခြင်းသည် ဆဋ္ဌမဝိသေသဖြစ်သည်။ အထက်ဖော်ပြပါ လောကအမြင်ဝိသေသ

38 Ibid.p.9

များကို ပြန်ချုပ်ရသော်၊ ပုံစံနှင့်သီအိုရီ နှစ်ပိုင်းရှိနေပါသည်။ အရှိတရားကိုပုံဖော်ခြင်း (model of reality as a whole)၊ အရှိတရား၏ လာရာကိုပုံဖော်ခြင်း (model of the past) နှင့် အရှိတရား၏လားရာကို (model of the future) ပုံဖော်ခြင်းဖြစ်သည်။ သီအိုရီပိုင်းတွင် တန်ဖိုးဆိုင်ရာ ဖွင့်ဆိုချက် (theory of value)၊ လုပ်ဆောင်မှုဆိုင်ရာဖွင့်ဆိုချက် (theory of action) နှင့် သိမှုဆိုင်ရာဖွင့်ဆိုချက် (theory of knowledge) ဟူ၍ဖြစ်သည်။[39]

## ၂၊၄။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ၏လောကအမြင်ဆိုင်ရာဝိသေသများ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ၏ လောကဟူသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များကိုယ်တိုင်၏သိမှုအရ၊ လက်တွေ့အရ၊ စိတ်ခံစားမှုအရ ချိတ်ဆက်ပတ်နေသော လူမှုပတ်ဝန်းကျင်ကို ဆိုလိုပါသည်။ ထိုလူမှုပတ်ဝန်းကျင်နှင့်ပတ်သက်၍ ကောင်းခြင်း၊ ဆိုးခြင်း၊ မှန်ခြင်း၊ မှားခြင်း၊ ဓမ္မနှင့် အဓမ္မဟူသော သတ်မှတ်ဖွင့်ဆိုချက်နှင့် ထိုသို့သတ်မှတ်ဖွင့်ဆိုချက်နှင့် အညီ ပြုမူခြင်းသည် လောက အမြင်ဖြစ်သည်။ ၎င်းတို့လက်ဆင့်ကမ်းလာခဲ့သော အတွေ့အကြုံ၊ အတွေးအမြင်များ၊ ဖြတ်သန်း လာခဲ့ရသော ပညာရေးစနစ်၊ နေရာဒေသ၏လွှမ်းမိုးမှု၊ လူမှုအသိုင်းအဝိုင်း၏လွှမ်းမိုးမှုတို့ဖြင့် ၎င်းတို့ကိုယ်တိုင် သိလျက်ဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ တည်ဆောက်လာခဲ့သော ယုံကြည်မှုစနစ်သည် တဖြည်းဖြည်းခိုင်မာ ကျစ်လစ်လာသည်။

တိုင်းရင်းသားလူငယ်များသည် အဘယ်သို့သော စေ့ဆော်မှုကြောင့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းထဲသို့ ဝင်ရောက်ရသနည်းဟူသောအပိုင်းသည် လောကအမြင်၏ဝိသေသတစ်ရပ်ဟု ယူဆနိုင်သည့်အပြင်၊ လက်နက်ကိုင်တော်လှန်ရေးနယ်ပယ်တွင် လူနေမှုပုံစံတစ်ရပ်ကဲ့သို့ အသားကျကျ တည်ဆောက်သွားစေသည့် ယုံကြည်ချက်၊ ခံယူချက်တို့သည်လည်း လောက အမြင်၏ ဝိသေသထူး တစ်ရပ် ဖြစ်ပါသည်။

လောကအမြင်ဟူသည် ကျွန်ုပ်တို့၏ အတွေးများနှင့်လုပ်ရပ်တို့အတွက် အခြေခံအုတ်မြစ်နှင့် မူဘောင်တို့ပင် ဖြစ်သည်။ ကျွန်ုပ်တို့ပုံဖော်စဉ်းစားနေသော စိတ်ကူးထည်များအားလုံးသည် လောကအမြင်တည်းဟူသော အခြေခံအုတ်မြစ်နှင့် မူဘောင်တို့၏ ဦးဆောင်ရာအတိုင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုလောကအမြင်သည်လျှင် ကျွန်ုပ်တို့ တွေ့ကြုံခံစားမှုမှန်သမျှကို

39 Clement Vidal, What is Worldview?, p.4.

အနက်ဖွင့်ရန်နှင့် မည်သို့ တုံ့ပြန်ရန်ကို အဓိက ပဲ့ကိုင်နေသည့် အရာလည်းဖြစ်သည်။[40] လောက အမြင်သည် ကျွန်ုပ်တို့၏ တစ်သီးပုဂ္ဂလိက ဘဝမှသည် လူ့အဖွဲ့အစည်းရှိ အင်စတီကျူးရှင်း အသီးသီး အထိပါ ဖြာဆင်းစိမ့်ဝင် ဩဇာလွှမ်းမိုးနိုင်မှုရှိပါသည်။[41]

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ လောကအမြင်ဟူသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက ၎င်းတို့၏ သိစိတ်အရ၊ လက်တွေ့အရ၊ စိတ်ခံစားမှုအရ ချိတ်ဆက် ပတ်သက်နေသော လူမှုဝန်းကျင်နှင့် ပတ်သက်၍ နားလည်လက်ခံထားမှု၊ ဖွင့်ဆို ရှင်းပြမှု တို့ပါဝင်ပြီး၊ ထိုသို့ဖွင့်ဆို တန်ဖိုးထားသည်နှင့်အညီ လက်တွေ့ဘဝတွင် နေထိုင်ခြင်း၊ အသုံးချ ရှင်သန်ဖြင်းပင် ဖြစ်သည်။

40 James N.Anderson, What in the World is a worldview? Part 2, January 24,2014. https://www.crossway.org/articles/the-importance-of-worldview-awareness/

41 Murray Moerman,The Importance of World view, http://www.murraymoerman.com/home/importance_of_worldview.asp

" ကရင်ဖြစ်လို့ ကေအန်န်ယူကို ရွေးတယ်

(ကရင်အမျိုးသားအစည်းအရုံး၊ ဗဟိုကော်မတီဝင်တစ်ဦး)



*Credit to Pyidaungsu Institute*



# အခန်း (၃)

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့၏ လောကအမြင်ကို လေ့လာခြင်း

နီးစပ်မှု

လူမှုအသိုင်းအဝိုင်း

နိုင်ငံရေးအယူဝါဒ

Credit to Pyidaungsu Institute

# အခန်း (၃)
# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့၏ လောကအမြင်ကို လေ့လာခြင်း

လူမျိုးစုလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း၏ လောကအမြင်ကို လေ့လာရာတွင် အဖွဲ့အစည်း၏ နိုင်ငံရေးသဘောထား၊အမြင်၊ ရပ်တည်ချက်တို့ထက် တော်လှန်ရေးလမ်းစဉ်ကို ကျင့်သုံး ဆင်နွှဲခဲ့ကြ သော လူမျိုးစုအသီးသီးမှ ပုဂ္ဂိုလ်အသီးသီး၏ ပုဂ္ဂလိကလောကအမြင်သည် အလွန်တရာနက်ရှိုင်းမှု ရှိနေပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းဟူသည် လူများဖြင့် ဖွဲ့စည်းထားသည့်အတွက် လူတစ်ဦးချင်းစီ၏ တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ်ရသည့် စေ့ဆော်မှုနှင့် တော်လှန်ရေးခရီးကြမ်းတွင် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ ထိုအတွေ့အကြုံများမှတဆင့် ၎င်းတို့၏ လောကအမြင်များသည် လူမျိုးစုလက်နက်ကိုင်တော်လှန်ရေး၏ ပင်မရေသောက်မြစ်သဖွယ် ဖြစ်လာသည်ဟုယူဆရသည်။ ၎င်းတို့၏ လောကအမြင်အားဖြင့် အဖွဲ့အစည်းကို ထူထောင်လာခဲ့ခြင်း၊ အဖွဲ့အစည်းသို့ ဝင်ရောက်ခြင်း၊ အဖွဲ့အစည်းကို တည်တံ့အောင် ကြိုးပမ်းနိုင်ကြခြင်း ဖြစ်သည်ဟု ယူဆရပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ၏လောကအမြင်ကို လေ့လာရာတွင် အရိုတရားများနှင့် ထိုအရိုတရားများကို လက်ခံထားခြင်း၊ လက်နက်ကိုင်တော်လှန်ရေး ထဲသို့ဝင်ရောက်ခြင်း၏ အကြောင်းတရားများ၊ လက်နက်ကိုင် တော်လှန်ရေးတွင် ဆက်လက်ပါဝင်စေသည့် တွန်းအားများ၊ လုပ်ဆောင်မှုဆိုင်ရာ ဖွင့်ဆိုချက်၊ ဟူသည့် မူဘောင် (၄) ရပ်ဖြင့် လေ့လာသုံးသပ်သွားပါမည်။

ဤစာတမ်းက လက်ခံထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ လောကအမြင်ဟူသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ၎င်းတို့၏ သိစိတ်အရ၊ လက်တွေ့အရ၊ စိတ်ခံစားမှုအရ ချိတ်ဆက်ပတ်သက်နေသော လူမှုဝန်းကျင်နှင့် ပတ်သက်၍ နားလည်လက်ခံထားမှု၊ ဖွင့်ဆိုရှင်းပြမှု တို့ပါဝင်ပြီး၊ ထိုသို့ဖွင့်ဆို တန်ဖိုးထားသည်နှင့်အညီ လက်တွေ့ဘဝတွင် နေထိုင်ခြင်း အသုံးချ ရှင်သန်ဖြင်းပင် ဖြစ်သည်။

## ၃.၁.၁။ အရှိတရားများနှင့် ထိုအရှိတရားများကိုလက်ခံထားခြင်း (Social reality and acceptance)

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ လူမှုပတ်ဝန်းကျင်တွင် တည်ရှိနေသော ပကတိ အရှိတရားများ၏ ဖြစ်တည်ခြင်း၊ လက်ခံထားခြင်းတို့သည် လောကအမြင်၏ ဝိသေသ တစ်ရပ်လည်းဖြစ်သည်။ လက်နက်ကိုင် အဖွဲ့အစည်းနှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှု တို့သည် အဖွဲ့ဝင်များက လက်ခံထားသည့် အရှိတရားတစ်ရပ်ဖြစ်သည်။ လက်နက်ကိုင် တပ်ဖွဲ့ဝင်များအတွက် လက်နက်ကိုင် အဖွဲ့အစည်းသည်လည်းကောင်း၊ လက်နက်ကိုင် အဖွဲ့အစည်းနှင့် ဆက်စပ်နေသည့်အရာများသည် လည်းကောင်း ပကတိအရှိတရားဟု ယူဆ နိုင်ပါသည်။

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ခေတ် ကာလတွင် ရှမ်းပြည်နယ်၊ မိုင်းလားဒေသသည် ရှမ်းပြည်နယ်အထူးဒေသ (၄) အဖြစ် သတ်မှတ် ခံရချိန်၌ တပ်ပိုင်းတွင် အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့ဟူ၍တည်ရှိပြီး၊ အုပ်ချုပ်ရေးပိုင်းတွင် စစ်ရေး နှင့် ဒေသန္တရအုပ်ချုပ်ရေး ကော်မတီအဖြစ် အမည်ပေးခဲ့သည်။ ထိုနောက်မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေး ကော်မတီဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။[42] တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်း တစ်ခု၏ဒေသတွင် ထိုသို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် တည်ရှိခြင်းသည် ထိုဒေသအတွက် အရှိတရားတစ်ခုဖြစ်သည်။ ရှမ်းပြည်နယ်တွင်သာမက ကယားပြည်နယ်ဒေသရှိ ကရင်နီ တိုးတက်ရေးပါတီဝင် တစ်ဦးကလည်း ၎င်း၏တာဝန်ထမ်းဆောင်မှုကို ဖော်ပြရာတွင် KNPP အစိုးရဌာနမှာ ကာကွယ်ရေးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ပြန်ကြားရေးဌာန၊ တရားရေးဌာန အသီးသီးထဲမှာ တရားရေးဌာနမှာ တာဝန်ထမ်းဆောင် နေပါတယ်ဟု ပြောဆို ချက် ကလည်း ၎င်းတို့၏လူမှုပတ်ဝန်းကျင်တွင် အစိုးရတစ်ရပ်တည်ရှိခြင်း၏ ပြယုဂ်တစ်ခု ဖြစ် သကဲ့သို့ အရှိတရား တစ်ခုလည်းဖြစ်သည်။

၁၉၇၀ခုနှစ်၊ ညောင်လေးပင်မြို့နယ်၊ တပ်မဟာ (၃)တွင် မွေးဖွားခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း၏ အုပ်ချုပ်ရေးဌာနတွင် စတင်အမှုထမ်းခဲ့သူ ကေအန်ယူ အဖွဲ့ဝင်တစ်ဦးက မိမိတို့၏မေးမြန်းမှုတစ်ချို့တွင် ကေအန်ယူအဖွဲ့၏ စစ်ရေးဆိုင်ရာဖွဲ့စည်း

42 ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ အမြဲတမ်းကော်မတီဝင်၊ သတင်းပြန်ကြားရေးဌာနမှူး ဦးခမ်းမောင်နှင့်တွေ့ဆုံမေးမြန်းခြင်း (၂၀၁၉ ခုနှစ်၊ ဇွန်လ)

တည်ဆောက်ပုံနှင့်ပတ်သက်၍ ၎င်းက သထုံတွင် တပ်မဟာ(၁)၊ တောင်ငူတွင် တပ်မတော်(၂)၊ ညောင်လေးပင်တွင် တပ်မဟာ(၃)၊ ထားဝယ်တွင် တပ်မဟာ(၄)၊ ဖာပွန်တွင် တပ်မဟာ(၅)၊ ဒူးပလာရာခရိုင်တွင် တပ်မဟာ (၆)၊ ဘားအံတွင် တပ်မဟာ(၇)ဟူ၍ အသီးသီးရှိကြောင်း၊ အုပ်ချုပ်ရေးဌာန (၁၂)ခုနှင့် နယ်မြေလည်းရှိကြောင်း ရှင်းပြခဲ့သည်။ ထိုရှင်းပြချက်ကလည်း အရှိတရားတစ်ခုဖြစ်ပါသည်။[43]

ကရင်လူထုအတွက် ကရင်တော်လှန်ရေးနေ့သည် အမျိုးသားရေးဆိုင်ရာ အဓိပ္ပာယ်နှင့် အနှစ်သာရရှိသည့် နေ့ထူးနေ့မြတ်သည်။ စနစ်ဆိုးတစ်ခုကို တော်လှန်တွန်းကန်ပြီး စနစ်ကောင်းတစ်ရပ်ဆီသို့ ပြောင်းလဲစေချင်သည့် သဘောလည်းပါဝင်သည်။[44] ထိုသို့သော လူမျိုးစုတစ်စု၏ အမျိုးသားရေးဆိုင်ရာ အထိမ်းအမှတ်နေ့ရက်များကလည်း အမျိုးသားရေးနှင့် ဆက်နွယ်နေသည့် တော်လှန်ရေးဆိုင်ရာ လက္ခဏာရပ်များကို စဉ်ဆက်မပြတ် တွန်းနှိုးနေသည့် အရာများဖြစ်နေပါသည်။

အဖွဲ့ဝင်များလက်ခံထားသည့် အရှိတရားများတွင် လက်နက်ကိုင်အဖွဲ့အစည်းထက် ကျော်လွန်၍ အစိုးရတစ်ရပ်ဖြစ်နေခြင်း၊ အုပ်ချုပ်စိုးမိုးနိုင်သော နယ်မြေဒေသတစ်ခုရှိနေခြင်း၊ ဒေသခံလူထု နှင့်နယ်မြေကို ကာကွယ်ပေးမည့် လက်နက်ကိုင်တပ်ဖွဲ့တည်ရှိခြင်း၊ အမျိုးသားရေး စရိုက်လက္ခဏာရှိခြင်းနှင့် ဒေသခံလူထုကိုယ်တိုင် ထိုအဖွဲ့အစည်းများကို တရားနည်းလမ်းကျသည် (Legitamacy) ဟုလက်ခံထားခြင်းတို့သည် အရှိတရားများပင် ဖြစ်သည်။ ထိုအရှိတရားများကို ယုံကြည်လက်ခံထားခြင်းက လက်နက်ကိုင်အဖွဲ့ဝင်များ၏ လောကအမြင်တစ်ရပ်ဟု သတ်မှတ်ယူဆ နိုင်ပါသည်။

လူမှုသုတ (social knowledge) လူမှုပတ်ဝန်းကျင်လောကတွင် တည်ရှိနေသည့် လူမှုဓလေ့၊ အဆောက်အအုံ၊ အဖွဲ့အစည်းနှင့်ပတ်သက်၍ ၎င်းတို့၏နားလည်ထားမှုကို ဆိုလိုပါသည်။ မြန်မာပြည်ဖွား ဖြစ်သော်လည်း တော်လှန်ရေး၏ သဘော၊ သဘာဝအရ နေရာဒေသ အသီးသီးတွင် ရှင်သန် ကြီးပြင်းလာပြီး၊ ၎င်းအတွက် မိခင်မြေသည် မြန်မာပြည်မဟုတ်ဘဲ ထိုင်း-မြန်မာနယ်စပ် မြို့လေးတစ်မြို့က တော်လှန်ရေးရဲဘော်တစ်ဦးအတွက် စိတ်ချလုံခြုံသော နေအိမ်ဖြစ်နေခြင်း၊ ထိုသို့ ဖြစ်နေခြင်းကို လက်ခံခြင်းသည် လူမှုသုတ (Social knowledge) တစ်ရပ်ဖြစ်သည်။

43 ကရင်အမျိုးသားအစည်းအရုံး၊ အထွေထွေအတွင်းရေးမှူးချုပ်ရုံးတာဝန်ရှိသူတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း (မေလ၊ ၂၀၁၉ ခုနှစ်)
44 ယင်း။

"*မဲဆောက်က ကျွန်တော့်အိမ်ပဲ*" ဟု တော်လှန်ရေးအဖွဲ့ဝင် လူငယ်တစ်ဦးကပြောသည်။[45] မြန်မာပြည်တွင်းသို့ အခါအားလျော်စွာ နေထိုင်သွားလာခဲ့ဖူးသော်လည်း မြန်မာနိုင်ငံသည် ၎င်းအတွက် နေအိမ်မဟုတ်ဘဲ၊ တည်းခိုစရာ၊ ခရီးတစ်ထောက်နားစရာတစ်ခုအဖြစ် လက်ခံထားသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီထိန်းချုပ်ရာနယ်မြေတွင် ကြီးပြင်းလာသည့် တိုင်းရင်းသားလူမျိုး တစ်ယောက်အတွက် နေ့စဉ်လူနေမှုဘဝအတွက် အသုံးချဖလှယ်ရသည့် ငွေကြေးစနစ်တွင် မြန်မာ နိုင်ငံသုံး ကျပ်ငွေသည် ၎င်းတို့နှင့် ဝေးကွာပြီး အိမ်နီးချင်းနိုင်ငံ၏ငွေကြေးစနစ်ကသာ ၎င်းတို့ လူနေမှုဘဝအတွက် အကျွမ်းတဝင်ဖြစ်နေသည်။ သူတို့အတွက် မြန်မာနိုင်ငံသုံးငွေကြေးစနစ်သည် အလှမ်းဝေးသည့် အနေအထားပင်ဖြစ်သည်။[46] မြန်မာနိုင်ငံသုံးငွေသည် ၎င်းအတွက် ရင်းနှီးနေသော ကုန်ပစ္စည်းရေး ဖလှယ်ရေးကိရိယာမဟုတ်ဘဲ၊ အိမ်နီးချင်းနိုင်ငံမှ ငွေကြေးသည်သာလျှင် ၎င်းအတွက် ရင်းနှီးကျွမ်းဝင်သော ကုန်ပစ္စည်းဖလှယ်ရေး ကိရိယာတစ်ခုအဖြစ် လက်ခံထားခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်နှင့် ကေအန်ယူတို့အကြားဖြစ်ပွားခဲ့သော တိုက်ပွဲပဋိပက္ခကြောင့် မိတ်ဆွေသူငယ်ချင်းများသည် မိမိရှေ့တွင်ပင် အသက်ဆုံးရှုံးသွားရသည့်ဖြစ်စဉ်ကို ကြုံတွေ့ခဲ့ရသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်တစ်ဦးအဖို့ မြန်မာ့တပ်မတော်သားများသည် ရန်သူပမာ သိမှတ်လက်ခံထား တတ်သည်။ ပို၍တိကျစွာဆိုရလျှင်၊ တစ်ဖက်ရန်သူ့တပ်၏ တပ်မ၊ တပ်ရင်း နံပါတ်သည်ပင်လျှင် ၎င်းတို့အတွက် ခြောက်ခြားစရာ၊ အမျက်ဒေါသထွက်စရာ သင်္ကေတသဖွယ်ဖြစ်နေတတ်ပြန်သည်။[47] ပဋိပက္ခတိုက်ပွဲ အတွေ့အကြုံများက ရန်သူဟူသော အမြင်ကိုပုံဖော်ထားခြင်းဖြစ်ပြီးမှ ထိုပုံဖော်မှုမှတဆင့် ရန်သူနှင့်ပတ်သက်၍ လောကအမြင် တစ်ရပ်သည်ဖြစ်ပေါ်လာသည်ဟု မှတ်ယူနိုင်ပါသည်။

ကရင်တော်လှန်ရေးနေ့နည်းတူ ကရင်လူမျိုးစုအတွက်သာမက ကရင်တော်လှန်ရေးအဖွဲ့ဝင်တစ်ဦးအတွက် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ပြင်းထန်စေသည့် အထိမ်းအမှတ်နေ့ရက်တွင် ကရင်အာဇာနည်နေ့ လည်းပါဝင်သည်။ တဖန် တိုက်ပွဲကြောင့် ညီအစ်ကိုများ အသက်ဆုံးရှုံးခဲ့ရခြင်း၊ စားရေရိက္ခာများ ပျက်စီးဆုံးရှုံးရခြင်း၊ မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များဆုံးရှုံးရခြင်း

45 မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရေစီတပ်ပေါင်းစုအဖွဲ့ဝင်လူငယ်တစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း( ၂၀၁၉ခုနှစ်၊ မေလ)
46 ကရင်နီပြည်အစိုးရအဖွဲ့၊ ပြည်ထဲရေးဌာနမှ ခရိုင်အဆင့်အရာရှိတစ်ဦး။ ( ၂၀၁၉ခုနှစ်၊ ဇွန်လ)
47 ကရင်အမျိုးသားအစည်းအရုံး၊ ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦး ( ၂၀၁၉ခုနှစ်၊ မေလ)

စသည့် ဆုံးရှုံးမှုများကလည်း ရန်ဘက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရန် ပိုမိုခိုင်မာစေသည့် သဘောများဖြစ် လာပါသည်။[48] ကရင်လက်နက်ကိုင် အဖွဲ့အစည်းတစ်ရပ်မှ အရာရှိနှစ်ဦး၏ သိမှုနယ်ပယ်တွင် ရန်သူ ဟူသည့်အရာသည် ၎င်းတို့တွေ့ကြုံဖြတ်သန်းလာသော ဖြတ်သန်းမှုတို့ဖြင့် ရုပ်လုံးပြည့် ပုံဖော်ထားနှင့်ပြီးသားဖြစ်သည်။

နယ်စပ်ဒေသတွင် အခြေပြုကြီးပြင်းလာကြသည့် တိုင်းရင်းသားလူငယ်များအတွက် ဗမာပြည်မ သည် ၎င်းတို့နှင့်အလွန်ဝေးကွာသည့်နေရာဒေသတစ်ခုလို့ဖြစ်နေသည်။ သုံးစွဲသည့်ငွေကြေး ပင်လျှင် ၎င်းတို့အတွက် အစိမ်းသက်သက်၊ နိုင်ငံခြားတိုင်းပြည်၏ နယ်စပ်မြို့လေးကပင် ထိုလူငယ်ကဲ့သို့သူများအတွက် နွေးထွေးသော နေအိမ်ကဲ့သို့ဖြစ်နေသည်။

## ၃၊၂။ လက်နက်ကိုင်တော်လှန်ရေးထဲသို့ ဝင်ရောက်ခြင်း၏ အကြောင်းတရားများ

လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ဝင်ရောက်အမှုထမ်းရန် ဆုံးဖြတ်ချက် ချမှတ်ရာတွင် အဓိကတွန်းအားပေးသည့်အရာများတွင် နိုင်ငံရေးသဘောတရား၊ နေရာဒေသ နီးစပ်မှု၊ လူမှုအသိုင်းအဝိုင်းတွင် နီးစပ်မှုတို့ ပါဝင်သည်ဟု ပညာရှင် Daniel Bultmann က ဖွင့်ဆိုခဲ့သည်။[49] လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ထဲသို့ ဝင်ရောက်အမှုထမ်းခြင်းသည် ထိုအဖွဲ့ဝင်အတွက် သီးခြား လောကတစ်ရပ်သို့ ဝင်ရောက်ရန်လမ်းစ၊ တံခါးဝ ဟုဆိုနိုင်ပါသည်။

### ၃၊၂၊၁။ နိုင်ငံရေးအယူဝါဒကြောင့်လက်နက်ကိုင်တော်လှန်ရေးထဲသို့ဝင်ရောက်ခြင်း

နိုင်ငံရေးအယူဝါဒ၊ သဘောတရားချင်း နီးစပ်သောကြောင့် လက်နက်ကိုင်အဖွဲ့အစည်းထဲသို့ ဝင်ရောက် လာသည့် ပုံစံရှိပါသည်။ နိုင်ငံရေးအိုင်ဒီယိုလောဂျီကြောင့် (Ideological proximity) နိုင်ငံရေးဝါဒ တစ်ရပ်ရပ်ကို နှစ်သက်စုံမက်သောကြောင့်လည်းကောင်း၊ နိုင်ငံရေးလှုပ်ရှားမှု၊ နိုင်ငံရေး အလှည့်အပြောင်း တစ်ရပ်ရပ်ကြောင့်လည်းကောင်း လက်နက်ကိုင်တော်လှန်ရေး အသိုင်းအဝိုင်းထဲသို့ ဝင်ရောက်လာရခြင်းမျိုး ဖြစ်သည်။

48 ကရင်အမျိုးသားအစည်းအရုံး၊ အုပ်ချုပ်ရေးဌာနတစ်ခုမှ ကေအန်န်ယူတပ်ဖွဲ့ဝင်တစ်ဦး (၂၀၁၉ခုနှစ်၊ မေလ)

49 Daneil Bultmann,The Social structure of armed groups: Reproduction and change during and after conflict.

လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများစိုးမိုးရာနယ်မြေတွင် ကြီးပြင်းလာခြင်းလည်း မဟုတ်ဘဲ၊ နီးစပ်ခြင်းမရှိသော်လည်း နိုင်ငံရေးအယူဝါဒကြောင့်သော်လည်းကောင်း၊ နိုင်ငံရေး အလှည့် အပြောင်း တစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း လက်နက်ကိုင်အဖွဲ့အစည်းထဲသို့ ဝင်ရောက် ခြင်းမျိုး ရှိပါသည်။ ရှမ်းပြည်နယ်မဟုတ်သည့် ဒေသတွင် နေထိုင်ကြီးပြင်းလာသည့် ရှမ်းတိုင်းရင်းသား လူငယ်တစ်ဦးသည် အဌမတန်းကျောင်းသားဘဝတွင် ရှမ်းအင်ပါယာနှင့် ပတ်သက်သည့် ဝတ္ထုတစ်ပုဒ် ဖတ်ရှုမိရာမှ လက်နက်ကိုင်တော်လှန်ရေးမျိုးစေ့ ပေါက်ဖွားခဲ့သည့် ဖြစ်စဉ်သည် နိုင်ငံရေးပန်းတိုင် တစ်ရပ်ရပ်ကြောင့် တော်လှန်ရေးနယ်ပယ်ထဲ ဝင်ရောက်သည့် ပုဂ္ဂိုလ်အမျိုးအစားဟု ဆိုနိုင်ပါသည်။[50] ထိုနည်းတူ ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော လူထု အရေးတော်ပုံ၏ နောက်ဆက်တွဲအဖြစ် ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှု ဖိနှိပ်မှုများကြောင့် လက်နက်ကိုင်တော်လှန်ရေးထဲသို့ ဝင်ရောက်သွားသည့်ဖြစ်စဉ်မျိုးလည်း ရှိပါသည်။

"*(တောမခိုရင်) နိုင်ငံရေးမလုပ်ရဘူး ဆိုတဲ့ ခံဝန်ကတိထိုးရမယ်။ ဒါမှမဟုတ် ထိန်းသိမ်းတာလည်း ခံရနိုင်တယ်ဆိုပြီး ကိုယ်တွေလည်း လက်နက်ကိုင်တိုက်မယ်ဆိုပြီး မိန်းခလေး ၄ ယောက် တောခို သွားတယ်*"[51] ဟု မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦးမှ ဗဟိုကော်မတီဝင် တစ်ဦးက ပြောသည်။ ၁၉၈၈ခုနှစ်နှောင်းပိုင်း ဒီမိုကရေစီအရေးလှုပ်ရှားမှုကြောင့် လက်နက်ကိုင် တော်လှန်ရေးထဲသို့ ဝင်ရောက်ဆုံးဖြတ်လိုက်သည့်ဖြစ်စဉ်သည်လည်း နိုင်ငံရေး အယူဝါဒကြောင့် လက်နက်ကိုင်တော်လှန်ရေးထဲသို့ ဝင်ရောက်ခြင်းဟု သတ်မှတ်ပါသည်။

ကွန်မြူနစ်ဝါဒကိုလက်ခံနှစ်ခြိုက်၍ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တစ်နည်းမဟုတ်တစ်နည်း အဆက်အသွယ်ရယူကာ လက်နက်ကိုင်တော်လှန်ရေးသို့ ဝင်ရောက်ခြင်း၊ ၁၉၈၈ခုနှစ် နှောင်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ဒီမိုကရေစီရရှိရေးဟူသော နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှု မှတဆင့် တောတွင်း လက်နက်ကိုင် တော်လှန်ရေး အဝန်းအဝိုင်းထဲသို့ ရောက်ရှိလာခြင်း၊ ၁၉၈၈ခုနှစ် မတိုင်မီနှင့်နှောင်းပိုင်းတွင် ကွန်မြူနစ်ဝါဒ သဘောတရားကြောင့်လည်းမဟုတ်၊ ဒီမိုကရေစီရရှိရေးဟူသော နိုင်ငံရေးလှုပ်ရှားမှုနှင့် မတူညီသော်လည်း အမျိုးသားရေး လွတ်မြောက်ရေး အတွက် သက်ဆိုင်ရာလူမျိုးစု လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းသို့ ဝင်ရောက်သွားသည့် ပုံစံသည်လည်း နိုင်ငံရေးအယူဝါဒ နီးစပ်မှုဟူသော အမျိုးအစားတွင် ထည့်သွင်းထားပါသည်။

---

50 ရှမ်းလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဝင်ဟောင်းကို ၂၀၁၉ခုနှစ်၊ ဖွန်လပိုင်းတွင် တွေ့ဆုံမေးမြန်းချက်

51 Interview with CEC of ABSDF (၂၀၁၉ ခုနှစ်၊ မေလ)။

## ၃၊၂၊၂။ နေရာဒေသနီးစပ်မှုကြောင့် လက်နက်ကိုင်အဖွဲ့အစည်းသို့ဝင်ရောက်ခြင်း (Spatial proximity)

နေထိုင်ကြီးပြင်းလာသည့် အရပ်ဒေသကလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းသို့ ဝင်ရောက်ရန် အဓိကတွန်းအားဖြစ်လေ့ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း၏ဩဇာအာဏာစက်ကွင်းတွင် ကျရောက်နေသည့် ဒေသအပိုင်းအခြားတွင် ကြီးပြင်း လာသူများအဖို့ အဖွဲ့အစည်းထဲသို့ အမှုထမ်းခြင်းသည် သမားရိုးကျဖြစ်စဉ်ကဲ့သို့ပင် ဖြစ်နေသည်။

မိဘနှစ်ဦးနေထိုင်ကြီးပြင်းလာသည့် ကျေးရွာများသည် အစိုးရထိုးစစ်ကြောင့် မရေမတွက်နိုင်အောင် နေအိမ်၊ စပါးကျီပျက်စီးဆုံးရှုံးခဲ့ရပြီး၊ မကြာခဏဆိုသကဲ့သို့ နေထိုင်မှီတင်းရသည့်ကျေးရွာကိုလည်း အကြိမ်ပေါင်းများစွာ ပြောင်းရွှေ့နေထိုင်ခဲ့သည့် ကရင်အမျိုးသမီးငယ်တစ်ဦးသည် အစိုးရပညာရေး ကျောင်းတွင် န၀မတန်းအထိ ပညာသင်ကြားခဲ့ရသော်လည်း အဆုံးသတ်တွင် ကရင်လူမျိုးစု လွတ်မြောက်ရေး အတွက် တိုက်ပွဲဝင်နေသည်ဟု မိမိယုံကြည်လက်ခံထားသည့် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းသို့ ဝင်ရောက်ခဲ့သည်။ ကရင်မှန်လှျင် သူပုန်၊ ကရင်လူမျိုးခေါင်းဆောင် စောဘဦးကြီး၊ ဗိုလ်ချုပ်ကြီးမြတို့ကို သောင်းကျန်းသူခေါင်းဆောင်များဟု ပတ်ဝန်းကျင်တွင် စွပ်စွဲ ပြောဆိုနေမှုများကလည်း ထိုအဖွဲ့ဝင်အမျိုးသမီးအတွက် ခံပြင်းစရာကောင်းသည့် အတွေ့အကြုံ ဖြစ်ခဲ့သည်။[52] နေထိုင်ကြီးပြင်းလာသည့် နယ်မြေသည်လည်း တော်လှန်ရေးအဖွဲ့အစည်း၏ နယ်မြေထဲတွင် ရှိသည့်အပြင် နှစ်ဘက် တိုက်ပွဲဖြစ်ပွားမှုကြောင့် ပဋိပက္ခဖြစ်ပွားသည့်နယ်မြေ လည်း ဖြစ်ပြန်သည်။

မိမိနေထိုင်သည့်ကျေးရွာ ပြာကျသွားသည့်အထိ မီးရှို့ခံရခြင်းအပြင် ဆွေမျိုးသားချင်းများပါ သတ်ဖြတ်ခံရခြင်း စသည့်အဖြစ်အပျက်များကြောင့် တော်လှန်ရေးနယ်ပယ်ထဲသို့ ဝင်ရောက် လာကြသည်များလည်းရှိပါသည်။ ဖိနှိပ်မှုကို ခေါင်းငုံလက်ပိုက်ခံမည့်အစား တစ်စုံတရာသော နည်းလမ်းတစ်ခုဖြင့် လက်တုံ့ပြန်ကာကွယ်ရမည်ဟူသောစဉ်းစားမှုဖြင့် လက်နက်ကိုင်တော်လှန် ရေး ထဲသို့ ဝင်ရောက်ကြခြင်းဖြစ်သည်။[53]

---

52 ဒီကေဘီအေ ဗဟိုကော်မတီဝင် အမျိုးသမီးတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း ( ၂၀၁၉ခုနှစ်၊ ဖွန်လ)

53 ကရင်နီပြည် အစိုးရအဖွဲ့ဝင်တစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း ( ၂၀၁၉ခုနှစ်၊ မေလ)

"အဖေ၊အမေတို့က တော်လှန်ရေးသမားတွေ။ ဒါပေမယ့် တစ်ခါမှ မင်းကြီးလာရင် တော်လှန်ရေးလုပ်ဆိုပြီးတော့ မပြောဘူး။ ကျနော့်ဆုံးဖြတ်ချက်နဲ့ပဲ တော်လှန်ရေးဝင်ခဲ့တယ်။ ဒါပေမယ့်၊ အလိုလိုနေရင်း တော်လှန်ရေးစိတ်က ပေါ်လာတယ်။ နေရတဲ့နေရာက တော်လှန်ရေးနယ်မြေကြောင့်လည်းဖြစ်မယ်။ ဟု KNU ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ တော်လှန်ရေးနယ်ပယ် ထဲသို့ဝင်ရောက်ရခြင်းတွင် နေထိုင်ကြီးပြင်းလာရသည့် နယ်မြေဒေသနှင့်လည်း များစွာသက်ဆိုင်နေသည်ကို တွေ့ရပါသည်။ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း၏ အခြေခံနယ်မြေတွင်လည်းကောင်း၊ ပဋိပက္ခဖြစ်ပွားသည့် နယ်မြေတွင်လည်းကောင်း ကြီးပြင်းလာရသည့် အခြေခံအကြောင်းတရားများကြောင့် လက်နက်ကိုင်တော်လှန်ရေးသို့ ပို၍နီးစပ်သွားသည်ကို တွေ့ရှိရပါသည်။

ပြည်နယ်အများစုတွင် ဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် ဒေသခံလူထုသည် မိမိတို့၏ ဒေသတွင် လာရောက်ထိုးစစ်ဆင်နွှဲနေသော၊ နယ်မြေထိန်းသိမ်းရေး လုပ်ဆောင်နေသော အစိုးရစစ်တပ်ကို ဗမာတပ် ဟူ၍ပင် ခေါ်ဝေါ်သိမှတ်စွဲလမ်းမှုရှိသည်။ တစ်ဘက်ကလည်း ဒေသခံလူထုနှင့် သက်ဆိုင်ရာ နယ်မြေတွင် အခြေစိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းသည် ဆွေမျိုးသားချင်းနီးစပ်မှုလည်းရှိပြီး၊ တာဝန်ကျသည့် အစိုးရစစ်တပ်ကလည်း ဒေသခံလူထုနှင့် လက်နက်ကိုင်အဖွဲ့အစည်းအကြား အလွန်တရာသိမ်မွေ့သော ဆက်ဆံမှုကို အခြေပြုပြီး သူပုန်အားပေးသည့် ရပ်ရွာ၊ လူထုအဖြစ် သတ်မှတ်ပြီး ပြုမူဆက်ဆံမှုရှိလာသည့် အခါ ပြည်နယ်ဒေသတွင် ဖြစ်ပွားနေသော စစ်ပွဲများက ဒေသခံ လူထုတို့၏ လူမျိုးစု အမျိုးသားရေးစိတ်ဓာတ်ကို နှိုးဆွပေးရာရောက်စေသည်။[54] လူမျိုးစုတစ်စု၏ လက်နက်ကိုင် အဖွဲ့အစည်းသည် စစ်ရေးအခြေအနေကြောင့် ရှုံးနိမ့်မှု၊ အင်အားချိနဲ့သွားသည့်တိုင် တစ်နည်းနည်းဖြင့် ရပ်တည်နေနိုင်ခြင်းမှာ ၎င်းလူမျိုးစု၏ ပြင်းထန်သော အမျိုးသားရေးစိတ်ဓာတ်ကြောင့် ပင်ဖြစ်သည်။[55] ဤသည်မှာလည်း မထူးဆန်းလှပေ။ အဘယ်ကြောင့်ဆိုသော်၊ လူမျိုးစုတို့က ၎င်းတို့၏ လက်နက်ကိုင် အဖွဲ့အစည်းကို ၎င်းတို့၏ အသက်သွေးကြော၊ ဂုဏ်သိက္ခာတစ်ရပ်အဖြစ် လက်ခံထားသောကြောင့် ဖြစ်သည်။

54 မောင်မောင်စိုး၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြဿနာ ဆောင်းပါးများ၊ စာ၊၄၅။
55 ယင်း၊ စာ- ၈၇။

## ၃၊၂၊၃။ လူမှုအသိုင်းအဝိုင်းကြောင့် ဝင်ရောက်ခြင်း(Social proximity)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၏အခြေခံနယ်မြေနှင့်ကင်းလွတ်ပြီး၊ အစိုးရ၏အာဏာစက်ဖြန့်ကျက်ရာ နယ်မြေဒေသတွင်ကြီးပြင်းလာသော်လည်း လက်နက်ကိုင်အဖွဲ့အစည်းနှင့် နီးစပ်သော၊ သို့မဟုတ် တာဝန်ထမ်းဆောင်နေသော ဆွေမျိုးသားချင်းများကြောင့် သော်လည်းကောင်း၊ ဆွေမျိုးမစပ်သော်လည်း လူမျိုးတူဖြစ်ခြင်းကြောင့်သော်လည်းကောင်း၊ မိမိတို့ လက်နက်ကိုင်အဖွဲ့အစည်းပျက်သွားသည့်တိုင် အခြားသော လက်နက်ကိုင်အဖွဲ့အစည်းနှင့် ထပ်မံ ချိတ်ဆက်၍ တော်လှန်ရေးလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ခြင်း၊ ဘိုးစဉ်ဘောင်ဆက် လက်နက်ကိုင် တော်လှန်ရေးနှင့် အနည်းနှင့်အများနှင့် ထိစပ်ပတ်သက်မှုရှိခြင်းတို့ကလည်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းထဲသို့ ဝင်ရောက်ရန် တွန်းအားဖြစ်လေ့ရှိပါသည်။ မိမိတို့၏ သက်ဆိုင်ရာ လူမျိုးစု၏ စာပေနှင့်ယဉ်ကျေးမှုပိုင်းဆိုင်ရာ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်း လက်နက်ကိုင် တော်လှန်ရေးထဲသို့ ဝင်ရောက်ရန် အကြောင်းတရားဖြစ်နေတတ်သည်။

မေးမြန်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များကို လေ့လာကြည့်သည့်အခါ ၎င်းတို့၏ ဆွေမျိုး သားချင်းတစ်ဦးဦးကြောင့် လည်းကောင်း၊ လေးစားအတုယူခြင်းကြောင့် လည်းကောင်း လက်နက်ကိုင် အဖွဲ့အစည်းသို့ ချိတ်ဆက်ဝင် ရောက်လာသည့် ပုံစံကို တွေ့ရှိရပါသည်။

*"တော်လှန်ရေးထဲ ဘယ်လိုဝင်သွားသလဲဆိုရင် ကျမအစ်ကိုဝမ်းကွဲရှိတယ်။ သူကတော်လှန်ရေး ထဲမှာ၊ တော်လှန်ရေးနယ်မှာ ပညာရေးဘက်က အရမ်းအားနည်းတယ်။ မင်းက အင်္ဂလိပ်စာလည်းရတော့ ပညာရေးဘက်မှာ မကူညီချင်ဘူးလားပြောတော့"* ဟု သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦးကပြောသည်။ ထိုအမျိုးသမီး တပ်ဖွဲ့ဝင်သည် အစိုးရပညာရေးစနစ်တွင် တက္ကသိုလ်ဘွဲ့တစ်ခုရသည့်အထိ လေ့လာသင်ယူခဲ့ပြီး မြန်မာပြည်အလယ်ပိုင်းဒေသရှိ မြို့ကြီးတစ်မြို့တွင် ကြီးပြင်းလာသူဖြစ်သည်။ သို့နှင့်တိုင် လူမှုအသိုင်းအဝိုင်းတွင်းရှိ လူမှုအချိတ်အဆက်ကွန်ရက်ဖြင့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းထဲသို့ ဝင်ရောက်သွားခဲ့ခြင်းဖြစ်သည်။

*"ရဲဘော်ရဲဘက်တွေရဲ့ ထူးခြားမှု ခေါင်းဆောင်ပိုင်းမှာ တစ်ယောက်ရှိတယ်။ ဗိုလ်ချုပ်အုပ်ခေး၊ မြို့ဂုဏ်ဆောင်၊ သူက ဖွံ့ဖြိုးရေးသိပ္ပံဘွဲ့ရသူ၊ တောခိုပြီး ဗိုလ်ချုပ်အဆင့်အထိ တက်သွားတယ်။*

*ကျနော်လည်း သူလိုဖြစ်ရမယ်”*ဟု သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ ဗိုလ်ကြီးတစ်ဦးက ပြောသည်။ ၎င်းသည် ရှမ်းပြည်နယ်တွင် ကြီးပြင်းလာပြီး၊ မြန်မာပြည်အလယ်ပိုင်းဒေသတွင်လည်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ဖူးပြီး ထိုင်းနိုင်ငံတွင်လည်း အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူ တစ်ဦးလည်းဖြစ်ခဲ့သည်။ သို့သော် အလုပ်သမားအရေးနှင့် အမျိုးသားရေးကို လုပ်ကိုင်ဆောင်ရွက်ရင်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းထဲသို့ ဝင်ရောက်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

လက်နက်ကိုင်တော်လှန်ရေးကို ဝင်ရောက်ရန် ဆုံးဖြတ်စေသည့် အရင်းခံ သို့မဟုတ် တွန်းအားတို့တွင်လည်း စာပေယဉ်ကျေးမှုနှင့် မိမိတို့၏လူမျိုးတို့၏ သမိုင်းအသိများက အလွန်အရေးပါသည့် အကြောင်းတရား ဖြစ်နေသည်ကို တွေ့ရပါသည်။ လက်ရှိတွင်မွန်ပြည်သစ်ပါတီမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး ၎င်းငယ်စဉ်ဘဝကာလတွင် မွန်ရိုးရာလုံချည်ဝတ်ဆင်မှု၊ မွန်ရိုးရာအကဖျော်ဖြေခြင်း သည်ပင်လျှင် ထောက်လှမ်းရေးများ၏ စောင့်ကြည့်မှုခံရသည့်သာမက ပိတ်ပင်တားမြစ်မှုပါ ခံစားလာရသည့်အခါ မွန်တော်လှန်ရေးတပ်ဖြစ်သည့် မွန်ပြည်သစ်ပါတီထဲသို့ဝင်ရောက်ခဲ့သည်။[56] လူမျိုးစုတစ်စု၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းတို့သည် အစိုးရပညာရေးစနစ်တွင် ပါဝင်မှု အားနည်းခဲ့ပြီး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေခံနယ်မြေတွင် ဖွင့်လှစ်သင်ကြားနေသော ပညာရေးစနစ်တွင်မူ သက်ဆိုင်ရာလူမျိုးစု၏ သမိုင်းကြောင်းသည် အဓိကကျောရိုးကျသည့် သင်ရိုးညွှန်းတမ်းဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး၏ အခြေခံနယ်မြေတွင် ကြီးပြင်းပြီး ကရင်ပညာရေးစနစ်ဖြင့် ကြီးပြင်းလာကြသူများသည် ကရင်သမိုင်းကြောင်းကို သင်ရိုးညွှန်းတမ်း စနစ်တကျဖြင့် သင်ကြားခြင်းခံရပြီး၊ အစိုးရပညာရေးစနစ်တွင်မူ သက်ဆိုင်ရာလူမျိုးစု၏ သမိုင်းကြောင်း မပါဝင်သလောက် နီးပါးပင်ဖြစ်သည်။[57]

လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ် ပြိုလဲသွားသည့်တိုင် အဖွဲ့ဝင်ဟောင်းများသည် အခြားသောအဖွဲ့အစည်းအသစ်ထံသို့ ထပ်မံဝင်ရောက်ပြီး တော်လှန်ရေးလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ကိုင်သည်ကို တွေ့ရလေ့ ရှိပါသည်။ ရှမ်းလက်နက်ကိုင်တော်လှန်ရေးတွင် ပထမတွင် MTA (Mong Tai Army) တာဝန်ထမ်းဆောင်ပြီး၊ MTA အဖွဲ့ လက်နက်ချလိုက်သည့်အခါ ရှမ်းပြည်အမျိုးသားတပ်မတော်ထဲသို့ ပြောင်းလဲအမှုထမ်းပြီး၊ ထိုမှတဆင့် ရှမ်းပြည်ပြန်

---

56 မွန်ပြည်သစ်ပါတီ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း( ၂၀၁၉ခုနှစ်၊ ဇူလိုင်လ)

57 KNU၏ ပညာရေးဌာနတွင် စီမံခန့်ခွဲရေးမှူးနှင့် အင်တာဗျူး။ (၂၀၁၉ ခုနှစ်၊ မေလ)

လည်ထူထောင်ရေးကောင်စီသို့ ထပ်မံပြောင်းလဲအမှုထမ်းပြီး တော်လှန်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ လည်းရှိပါသည်။ လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်မလုပ်ဆောင်တော့ပါက မိမိတို့၏ လူမျိုးစုနှင့် ယဉ်ကျေးမှုသည် ကွယ်ပျောက်သွားနိုင်မည်ဟူ ခံယူချက်ဖြင့် ဆက်လက်လုပ်ကိုင် ကြခြင်းဖြစ်သည်။[58]

တော်လှန်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မိဘဖြစ်သူများက တိုက်တွန်း၍ဖြစ်စေ၊ မတိုက်တွန်း၍ဖြစ်စေ သားသမီးများသည် မိဘများ၏ တော်လှန်ရေးတွင် အမှုထမ်းခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ နက်ရှိုင်းစွာ ဂုဏ်ယူလေ့ရှိသည့်အပြင်၊ ထိုသို့ ဂုဏ်ယူစရာဓလေ့က ၎င်းတို့ကို တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း တော်လှန်ရေးလုပ်ငန်းစဉ်နှင့် ပိုမိုနီးကပ် သွားစေသည်ကို တွေ့ရ ပါသည်။

ဖခင်ဖြစ်သူက တော်လှန်ရေးသမားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အစဉ်အလာသြဇာကလည်း သားသမီးဖြစ်သူများအတွက် တော်လှန်ရေးနှင့် အခြားသောအလုပ်အကိုင်တို့ကို ရွေးချယ်ရာတွင် အဆုံးအဖြတ်အခရာကျသည်လည်းရှိပါသည်။ ဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ရပြီး၊ ဒေသခံတိုင်းရင်းသားလူထု၏နစ်နာမှုကို အစဉ်မပြတ်ထိတွေ့ခံစားနေရသည့် တိုင်းရင်းသားလူငယ်အဖို့ လက်နက်ကိုင်တော်လှန်ရေးထဲသို့ ဝင်ရောက်ခြင်း အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းတစ်မျိုးလည်းဖြစ်သည်။[59]

တဖန် မိဘများကိုယ်တိုင်ကလည်း တော်လှန်ရေးသမားမဟုတ်သည့်တိုင် တော်လှန်ရေးတွင် ပါဝင်နေသည့် သားသမီးများကို စိတ်ဓာတ်ခွန်အားပေးခြင်းဖြင့် တော်လှန်ရေးကို အားပေးကူညီသည့် ပုံစံလည်း ရှိတတ်ပြန်သည်။ *"အဖေကပြောတယ်။ သမီးကို အသက်ရှင်ပြီးတွေ့ရတာ ကျေနပ်လှပါပြီ။ အဖေမှာချင်တာ တစ်ခုရှိတယ်။ ဘယ်တော့မှ လက်နက်ချ အညံ့မခံနဲ့ဆိုပြီးပြောတယ်။ သမီးပြန်လာခဲ့ပါလို့တစ်ခွန်းမှ မပြောဘူး။ ဒါကလည်း ကျမအတွက် အားဖြစ်ခဲ့တယ်။ အဖေ့ရဲ့နိုင်မာတဲ့စိတ်ဓာတ်သတ္တိကြောင့်လည်းပါတယ်။ တစ်ဦးတည်းသော သမီးကိုလည်း တော်လှန်ရေးထဲမှာ ပေးဆပ်နိုင်ခဲ့တယ်။"* ဟု ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ဗဟိုကော်မတီဝင်တစ်ဦးက ပြောသည်။[60]

58 သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ ဒုတိယဗိုလ်မှူးကြီးတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း ( ၂၀၁၉ခုနှစ်၊ ဖွန်လ)
59 ကရင်နီပြည်အစိုးရအဖွဲ့၊ ပြည်ထဲရေးဌာနမှ ခရိုင်အဆင့်အရာရှိတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း ( ၂၀၁၉ခုနှစ်၊ဖွန်လ)
60 ရခိုင်လွတ်မြောက်ရေးပါတီမှ ဗဟိုကော်မတီဝင်တစ်ဦးနှင့်မေးမြန်းခြင်းမှ ( ၂၀၁၉ခုနှစ်၊ မေလ)

တော်လှန်ရေးမျိုးဆက်ဟူသည် အဖွဲ့အစည်းအလိုက်သာမက မျိုးရိုးစဉ်ဆက် သဘောလည်း ရှိတတ်ပါသည်။ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ မန်းဘဇန်၏ မျိုးရိုးစဉ်ဆက်ကို လေ့လာကြည့်လျှင် ဖခင်ဖြစ်သူသည် အစပိုင်းတွင် နိုင်ငံရေးလှုပ်ရှားမှုကို အားမပေးခဲ့သော်လည်း နောက်ပိုင်းတွင် အားပေးအားမြှောက်ပေးခဲ့သည်။ ထို့ပြင် မန်းဘဇန်၏ မျိုးဆက်တွင် သားဦးမန်းရောဘတ်ဇန်သည် ကီးဒိုစစ်ကြောင်းမှူး (ကွယ်လွန်)၊ သားလတ်သည် ကေအန်ဒီအို တပ်ရင်း (၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးအောင်ဝင်း (ခွေးအိပ်တောင်တိုက်ပွဲတွင်ကျဆုံး)၊ မြေး ဖြစ်သူ ကော်သူလေးဇန် တို့သည် တော်လှန်ရေး တာဝန်ကို ထမ်းဆောင်ခဲ့ကြသည်။[61]

*"ကရင်ဖြစ်လို့ ကေအန်ယူကို ရွေးတယ်"* ဟု ကရင်အမျိုးသားအစည်းအရုံး၊ ဗဟိုကော်မတီဝင် တစ်ဦးက ပြောသည်။ ကရင်ဖြစ်ခြင်းကြောင့် ကရင်လက်နက်ကိုင် အဖွဲ့အစည်းထဲသို့ ဝင်ရောက်ရခြင်းဖြစ်သည် ဟူသော ခံယူဆုံးဖြတ်ချက်သည် လူမျိုးစုနှင့် လက်နက်ကိုအဖွဲ့အစည်းကြား ချည်နှောင်ရစ်ပတ် ထားသည့် တန်ဖိုးတစ်ရပ် ဖြစ်ပါသည်။ လက်နက်ကိုင် အဖွဲ့အစည်းဟူသည် အဖွဲ့အစည်း သီးသန့်မဟုတ်တော့ဘဲ လူမျိုးစုတစ်စု၏ အင်္ဂါအစိတ်အပိုင်းတစ်ရပ်ကဲ့သို့ ရှုမြင်သည့် အမြင်တစ်ရပ် ဖြစ်နေပါသည်။

ကရင်လူမျိုးစုတို့တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း အမျိုးသားရေး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေသော အထိမ်းအမှတ်နေ့ရက်များတွင် ဇန်နဝါရီ (၃၁) ရက်တွင် ကရင်အမျိုးသား တော်လှန်ရေးနေ့၊ ဖေဖော်ဝါရီ (၅) ရက်တွင် ကရင်အမျိုးသားအစည်းအရုံးနေ့၊ ဖေဖော်ဝါရီ (၁၁) ရက်တွင် ကရင်အမျိုးသားနေ့၊ မေလ (၂၃)ရက်တွင် ကရင်လူငယ်များနေ့၊ ဇွန်လ (၁၄) ရက်တွင် ကော်သူလေးအစိုးရနေ့၊ ဇူလိုင် (၅) ရက်တွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်နေ့၊ ဩဂုတ်လ (၁၂) ရက်တွင် စောဘဦးကြီးကျဆုံးသော ကရင်အမျိုးသား အာဇာနည်နေ့တို့ အသီးသီးရှိကြသည်။[62] ကရင်လူထုကြားတွင် ကြီးကျယ်ပြီး ရှုပ်ထွေးနက်နဲသည့် စကားလုံးတစ်ခွန်းမျှမပါဘဲ အလွန်တရာရိုးရှင်းသည့် စောဘဦးကြီး၏ နိုင်ငံရေးဒဿန လေးရပ်သည်လည်း လူထုကြားတွင် စိမ့်ဝင်ပျံ့နှံ့နေပြီးသားဖြစ်သည်။[63]

---

61 ဖူးကီးဒို၊ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး စာအုပ်မှ ဓာတ်ပုံမှတ်တမ်းများ။

62 မောင်စင်ကြယ်၊ မာနယ်ပလော ခရီးသည်၊ စာ- ၁၁၇။

63 ဖူးကီးဒို၊ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး၊ စာ- ၈၃။ စောဘဦးကြီး မူ ၄ ချက်သည် ကရင်တော်လှန်ရေး၏ နိုင်ငံရေး လမ်းညွှန်ချက်ဟု ဆိုနိုင်သည်။ (၁) ကရင်တွေ လက်နက်ချစကားမပြောနဲ့၊ (၂) ကရင့်လက်နက် ကရင့်လက်ထဲမှာ ရှိရမယ်။ (၃) ကရင့်ကြမ္မာ ကရင်ဖန်တီးရမယ်။ (၄) ကရင်ပြည်ကို အသိအမှတ်ပြုရမယ်။ တို့ဖြစ်သည်။

| လက်နက်ကိုင်တော်လှန်ရေးထဲသို့ ဝင်ရောက်ရသည့် အကြောင်းတရားများ | | |
|---|---|---|
| နိုင်ငံရေးနှီးစပ်မှု | ဒေသနှီးစပ်မှု | လူမှုနှီးစပ်မှု |
| (၁) ကွန်မြူနစ်ဝါဒကို ယုံကြည်လက်ခံ၍<br>(၂) လူမျိုးစု အမျိုးသားရေး<br>(၃) ဒီမိုကရေစီအရေး | (၁) လက်နက်ကိုင် အဖွဲ့အစည်း၏ အခြေခံနယ်မြေတွင် ကြီးပြင်းလာခြင်း။<br>(၂) အခြေခံနယ်မြေ မဟုတ်သော်လည်း လက်နက်ကိုင် အဖွဲ့အစည်းနှင် ဩဇာသက်ရောက်သည့် နယ်မြေတွင် ကြီးပြင်းလာခြင်း။<br>(၃) ပဋိပက္ခနယ်မြေတွင် ကြီးပြင်းခြင်း။ | (၁) ဆွေမျိုးသားချင်း တစ်ဦးဦးနှင့် ချိတ်ဆောက်၍<br>၂) စာပေနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်ခွင့် မရရှိခဲ့၍<br>(၃) မိဘ ညီအစ်ကိုမောင်နှမ များသည် တော်လှန်ရေး အဖွဲ့ဝင် ဖြစ်နေခြင်း။ |

ဇယား ၁။ လက်နက်ကိုင်တော်လှန်ရေးထဲသို့ ဝင်ရောက်ရသည့် အကြောင်းတရားများ

## ၃၊၃။ လက်နက်ကိုင်တော်လှန်ရေးတွင် ဆက်လက်ပါဝင်စေသည့်တွန်းအားများ

လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဝင်များ၏ နောင်ရေးနှင့်ပတ်သက်၍ မျှော်မှန်းချက်များသည် အမျိုးမျိုး အဖုံဖုံရှိနိုင်ပါသည်။ ခက်ခဲကြမ်းတမ်းလှသည့်ပတ်ဝန်းကျင်တွင် နေထိုင်နေရသူများအဖို့ မသေမချာ မရေရာလှသည့် အနာဂတ်ကာလနှင့်ပတ်သက်၍ ထားရှိသည့် သဘောထားများသည်လည်း ၎င်းတို့စွဲကိုင်ထားသော လောကအမြင်တစ်ရပ်ဟု ဖွင့်ဆိုသတ်မှတ်ပါသည်။

*"တော်လှန်ရေးလုပ်တာက အာမခံချက်မရှိပါဘူး။ ဒါပေမယ့် မျှော်လင့်ချက်ရှိတယ်။ နောက်တစ်ခုက ကျနော်မလုပ်လည်း တော်လှန်ရေးက ဆက်ရှိနေမှာပဲ"* ဟု ကရင်နီပြည်အစိုးရအဖွဲ့ ပြည်ထဲရေးဌာနမှ ခရိုင်အဆင့်အရာရှိတစ်ဦးကပြောသည်။

လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွင် တာဝန် ထမ်းဆောင်ခြင်းသည် တည်ငြိမ်ပြီး အထိုင်ကျနေသည့် ရပ်ဝန်းတွင် နေထိုင်ရသည် မဟုတ်ဘဲ၊ ဆုံးရှုံးနိုင်ချေများသည့် အဝန်းအဝိုင်းတွင် နေထိုင်ရ သည့်အတွက် သေချာသည့် အာမခံချက် မရှိသည်မှာ ထုံးစံတစ်ရပ်ဖြစ်ပြီး၊ အချိန်ကာလအတိအကျဖြင့်သတ်မှတ်ဖော်ပြရန်ခက်ခဲသော်လည်း နောင်တစ်ချိန်ချိန်တွင် ရည်မှန်းထားသည့် ပန်းတိုင်ကိုအရောက်လှမ်းနိုင်ရမည်ဟူသော ယုံကြည်မှုတစ်ရပ်ကလည်း အဖွဲ့ဝင်များ၏ လောက အမြင်ထူးတစ်ရပ်ပင် ဖြစ်သည်။

*"ခက်ခဲကြမ်းတမ်းတဲ့ကာလမှာတောင် တော်လှန်ရေးလုပ်နိုင်ခဲ့တာပဲ။ အခုဘာကြောင့် မလုပ်နိုင် ရမှာလဲ။ ဥက္ကဋ္ဌကိုလည်း ကျမကတိပေးထားတယ်။ ပျော်သည်ဖြစ်စေ၊ မပျော်သည်ဖြစ်စေ၊ လုပ်မယ်လို့ ပြောထားတယ်။ သူမသေခင်မှာ သမီး၊ အဖိုးတို့ခေတ်မှာ တော်လှန်ရေးအောင်ပွဲခံမှာ မဟုတ်ဘူး။ သမီးတို့လက်ထက်မှာ အောင်ပွဲခံရင် အဖိုးကို လာပြောပါလို့ ပြောခဲ့တယ်။ ဒါကြောင့် ကျမ တော်လှန်ရေးအောင်ပွဲခံရင် ပြန်ပြီး အဖိုးကို သွားပြောရဦးမယ်။"* ဟုကေအန်ယူ ဗဟိုကော်မတီဝင်တစ်ဦးက ဆက်လက်ပြောခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့ဝင် များသည် မျက်မှောက်တွင် မည်သို့သော ဆုံးရှုံးမှုများကို ကြုံတွေ့လင့်ကစား၊ အနာဂတ် ကာလ တစ်ချိန်ချိန်တွင် အောင်ပွဲခံရမည်၊ အောင်ပွဲများ ရရှိနိုင်မည်ဟူသော မျှော်လင့်ချက် ရှိသည့်နည်းတူ၊ ယခင်နှင့်ယခုကြုံတွေ့နေရသည့် အခက်အခဲများ၊ ဆုံးရှုံးမှုများသည် နောင် အနာဂတ်တွင် အောင်ပွဲခံနိုင်ရေးအတွက် ပေးဆပ်ရသည့် အရင်းအနှီးများ ဖြစ်သည်ဟူသော သဘောထားကောင်းထားနိုင်သည်။

တော်လှန်ရေးလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ကိုင်နေသည့် အဖွဲ့ဝင်များကို ရှေ့ဆက်သွားနိုင်ရန် တွန်းအားပေးနေသည့် မောင်းနှင်မှုတစ်ရပ်မှာ ကျဆုံးသွားသည့် ရဲဘော်ရဲဘက်အပေါ် သစ္စာ စောင့်သိခြင်း ဖြစ်သည်။

*"တော်လှန်ရေးထဲမှာ ကျမ မရှိရင်လည်း ရပါတယ်။ ဒါပေမယ့် ကျမ မရှိရင် အဖွဲ့အစည်းက အားနည်း သွားနိုင်တယ်။ ကျမက ထွက်သွားဖို့လည်း မစဉ်းစားဘူး။ ဒါကြောင့်အခုအချိန်အထိရှိနေတာပါ။ ၁၉၉၇ ခုနှစ်မှာ ကေအန်ယူတပ်မဟာ (၆) ကျသွားတော့ ဗိုလ်ချုပ်တင်ဦးက မေးတယ်။ တော်လှန်ရေးကို စိတ်ကုန်တဲ့သူတွေ နားလို့ရတယ်။ ဆက်လုပ်တဲ့သူတွေလည်းရှိတယ်။ တစ်ချို့လည်း နိုင်ငံခြား ထွက်သွားကြတယ်။ ကျမ စကားကြီးစကားကျယ် ပြောတာမဟုတ်ဘူး။ အဖွဲ့ထဲမှာရှိနေတဲ့ ရဲဘော် တွေနဲ့ တိုက်ပွဲမှာကျသွားတဲ့ ရဲဘော်တွေရဲ့မျက်နှာကိုကြည့်ပြီး*

*ကျမဆက်ရှိနေတယ်*"ဟု ကေအန်ယူအဖွဲ့မှ ဗဟိုကော်မတီဝင်တစ်ဦးက ပြောသည်။ စစ်ရေးဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ တော်လှန်ရေးတပ်ဖွဲ့ဝင်များတွင် စိတ်ဓာတ်ရေးရာအရ ပြိုလဲမှုများ ရှိသော်လည်း ပြန်လည်ထူမတ်လာသည့် သဘောကို တွေ့ရသည်။

*"ငါ့ဒီရဲဘော်တွေအတွက် ရှိရဦးမယ်ဆိုတဲ့စိတ်။ ကျဆုံးသွားတဲ့ ရဲဘော်တွေရှိတယ်။ အငယ်လေးတွေ ပါတယ်။ တစ်ချို့ဆိုရင် ငါတို့ခေါ်လို့ လိုက်လာတယ်။ ပါလာတယ်။ သူတို့အတွက် ဘာလုပ်ပေးမလဲ။ ကျဆုံးသွားတဲ့ ရဲဘော် (၇၀၀) ကျော် စာရင်းရှိတယ်။ ဒါက ခန္ဓာကိုယ် စွန့်လွှတ်ခဲ့ရတာတွေ မပါသေးဘူး။ ငါ သူတို့အတွက် ဆက်နေရမယ်ဆိုတဲ့ ခံစားချက်တွေနဲ့ ဆက်ရှိနေတယ်။"* ဟု မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးမှ ဗဟိုကော်မတီဝင်တစ်ဦးက ပြောသည်။

တော်လှန်ရေးအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေကြသည့် အဖွဲ့ဝင်များသည် ၎င်းတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်နှင့် နှစ်ပေါင်းများစွာ အသားကျလာသည့်အတွက် ထိုအရာများသည်ပင် ၎င်းတို့အတွက် ဘဝလူနေမှုတစ်ရပ်ကဲ့သို့ ဖြစ်တည်လာခဲ့သည်။

*"အကုန်ပျော်ပါတယ်။ ဒါပေမယ့် လုပ်ချင်တာတွေ ရှိပါသေးတယ်။ KNPP အစိုးရရဲ့တာဝန်ပေးမှုအရ ပြည်ထဲရေးထဲ ရောက်လာတယ်။ အမှန်တကယ်တော့ ဆေးကုတာကို ကျနော် စိတ်မကုန်သေးဘူး။ ကုသိုလ်လည်းရတယ်လေ။ သူများအသက်ကို ကယ်ပေးရတယ်ဆိုတော့။ ဒါပေမယ့် အားလုံးက အမျိုးသားရေးအတွက်ပဲ လုပ်နေတယ်ဆိုတာကို သိတယ်"*ဟု ကရင်နီပြည်အစိုးရအဖွဲ့ ပြည်ထဲရေးဌာနမှ ခရိုင်အဆင့်အရာရှိတစ်ဦးက ပြောသည်။[64] တော်လှန်ရေး အဖွဲ့အစည်းသည် လက်နက်ကိုင်တော်လှန်ရေးကို လုပ်ဆောင်နေရုံမက မိမိတို့၏ ရပ်ရွာလူထုအတွက် ကျန်းမာရေးစောင့်ရှောက်ပေးသည့် ဝန်ဆောင်မှုကို အမြတ်တနိုး တန်ဖိုးထား လုပ်ဆောင်နေသည့် ပုဂ္ဂိုလ်များအမြင်သည် တော်လှန်ရေးသည် ၎င်းတို့အတွက် အသားကျနေသည့် လူနေမှုပုံစံတစ်ရပ် ဖြစ်သည်။

64 ထိုအရာရှိသည် ကရင်နီပြည်အစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် ဆေးမှူးအဖြစ် တာဝန်ယူထမ်းဆောင်ရာမှ ပြည်ထဲရေးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာသူဖြစ်သည်။

*"တော်လှန်ရေးထဲ ရှစ်နှစ်တာကာလမှာ ဘယ်လိုကြံ့ကြံ့ခိုင်နိုင်သလဲဆိုရင် ကျနော်ရဲဘော် တစ်ယောက် (တပ်ကြပ်ကြီး) ကို တော်လှန်ရေးလုပ်တာ ဘယ်နှစ်နှစ်ရှိပြီလဲ ဆိုပြီးမေးတော့၊ ၂၄ နှစ်ရှိပြီ ပြောတယ်။ အဲအချိန်က ကျနော်အသက် ၂၂ နှစ်ပဲရှိသေးတယ်။ ခံယူချက်မရှိရင် တော်လှန်ရေး မလုပ်နိုင်ဘူး။ ခံယူချက်မရှိတဲ့သူက သုံးနှစ်ထက်မပိုဘူး။ နောက်ပျင်းတဲ့သူ တော်လှန်ရေး မလုပ်နိုင်ဘူး။ အစားဆင်းရဲ၊ အနေဆင်းရဲနဲ့။ ရဲဘော်ရဲဘက်တွေက ကျနော်အတွက် စံပြပုဂ္ဂိုလ်တွေပဲ"* ဟူ၍ ကရင်နီပြည်အစိုးရအဖွဲ့မှ ပြည်ထဲရေးဌာနမှ ခရိုင်အဆင့်အရာရှိတစ်ဦး၏[65] ပြောဆိုချက်တွင် ထူးခြားမှုသုံးခုကိုတွေ့နိုင်မည်။ တော်လှန်ရေးလုပ်ငန်းစဉ်တွင် လေးစားအားကျရသည့် ပုဂ္ဂိုလ်များတည်ရှိခြင်း၊ တော်လှန်ရေးသမား၏ ဂုဏ်ရည်ညွှန်းပြဆိုခြင်း၊ ရဲဘော်ရဲဘက်အချင်းချင်းကြား တည်ရှိနေသည့် လေးနက်သည့်ဆက်ဆံရေးကို တွေ့မြင်ရမည်ဖြစ်သည်။

## ၃.၄။ လုပ်ဆောင်မှုဆိုင်ရာဖွင့်ဆိုချက် သို့မဟုတ် အပြုအမူဗေဒ (Praxeology)

လောကအမြင်၏ ဝိသေသတစ်ခုမှာ အဘယ်ကြောင့် ဤကဲ့သို့ ပြုမူရသနည်းဟူသော အကြောင်းတရားသည်လည်း အခြင်းအရာတစ်ခုဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအတွက် အနီးကပ် ဆုံးနှင့် အခြေခံအကျဆုံးသော လောကအမြင်ဝိသေသတစ်ရပ်မှာ အဘယ်ကြောင့်လက်နက်ကိုင်တော်လှန်ရေးကို လုပ်ဆောင်ရသနည်းဟူသော အကြောင်းတရားပေါ် ဖွင့်ဆိုနားလည်မှုဖြစ်သည်။

*"တစ်နှစ်ကျော်ကျော် လွှတ်တော်ကိုယ်စားလှယ်အနေနဲ့သွားတက်တယ်။ ညောင်နှစ်ပင်ညီလာခံ သွားတော့ ဆွေးနွေးလို့မရဘူး။ ဖတ်ပြတယ်။ ပြီးတော့လက်မှတ်ထိုးခိုင်းတယ်။ ဘောပင်ကိုင်လို့ မရတော့ဘူးဆိုပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ဆုံးဖြတ်တယ်။ မိုင်းစမှာ တပ်ချတယ်။ "ဝ" က လက်နက်နည်းနည်းထောက်ပံ့တယ်။ မိုင်းစမှာ ကျောက်တူးကြတဲ့သူတွေ၊ SSPP၊ UWSP၊ ပအိုဝ်း တွေလည်း လာတူးကြတယ်။ သူတို့အချင်းချင်း လက်နက်ကိုင်တာ ပါဝါရှိသလို မြင်ကြတယ်။ ဗမာစစ်တပ်နဲ့ပေါင်းမှ အခွင့်အရေးပိုရတယ်။ ကျနော်တို့လည်း အခွင့်အရေးလိုချင်တယ်ပေါ့။ လက်နက်ကိုင်ပြီးတော့မှပဲ အမျိုးသားရေးအတွက် လုပ်နိုင်တာကို သိလာတယ်"* ဟု လားဟူ

65 ထိုအရာရှိသည် တော်လှန်ရေးနယ်ပယ်ထဲသို့ မဝင်ရောက်မီ ကယားပြည်နယ်ပြင်ပဒေသတွင် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေခဲ့သူဖြစ်သည်။

ဒီမိုကရက်တစ် အစည်းအရုံးခေါင်းဆောင်တစ်ဦးက ပြောသည်။[66] လက်နက်ကိုင်လျှင် မိမိတို့၏ ရပိုင်ခွင့်ကို ရရှိနိုင်သည်ဟူသောခံစားသိမြင်မှုသည် အလွန်ခိုင်မြဲအားကောင်းနေသည်။

လက်နက်ကိုင်တပ်မရှိလျှင် မိမိတို့လူမျိုးစုနှင့် နယ်မြေများ သိမ်းပိုက်ခံရနိုင်ပြီး၊ တောင့်တင်းသော လက်နက်ကိုင် အင်အားရှိမှသာ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ရရှိခံစားနိုင်သည့် ဖြတ်သန်းမှု အတွေ့အကြုံက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကြားတွင် လက်နက်ရှိလျှင်အခွင့်အရေး ရှိပြီး၊ လက်နက်မဲ့လျှင် အကာအကွယ်မဲ့နိုင်သည်ဟူသော လောကအမြင်ကိုဖြစ်ထွန်းစေပါသည်။ လက်နက်စွန့်လျှင် မိမိတို့၏အခွင့်အရေး ပါဆုံးရှုံးသွားနိုင်ပြီး လက်နက်ကိုင်အင်အား တောင့်တင်းမှသာ မိမိတို့၏ရပိုင်ခွင့်ကို အကောင်းဆုံး ကာကွယ်နိုင်ရုံမက၊ တိုးမြှင့်အောင် ဆောင်ရွက်သွားနိုင်သည် ဟူသော သိမြင်နားလည် သဘောပေါက်မှုသည် လက်နက်ကိုင် တော်လှန်ရေး၏ လုပ်ဆောင်မှု ဆိုင်ရာ ဖွင့်ဆိုချက်တစ်ရပ်ပင်ဖြစ်သည်။[67]

*"လက်နက်ကိုင်တာက အုပ်စုတစ်စုကို တိုက်ခိုက်ဖို့ ဆိုတာထက် ကိုယ့်ကို တိုက်ခိုက်လာတဲ့ အပေါ် ကာကွယ်ဖို့ ရှိတဲ့လက်နက်ကိုင်ပြီး တိုက်ခိုက်တဲ့သဘောဖြစ်တယ်"* ဟု ကရင်နီပြည်အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးက ပြောသည်။ မိမိတို့၏ ဒေသ၊ လူထုကို အကောင်းဆုံးကာကွယ်နိုင်ခြင်း သည်လည်း လက်နက်ကိုင် လမ်းစဉ်သာဖြစ်သည်ဟု သိမြင်လက်ခံမှုသည်လည်း ရှိနေပါသည်။

*"ငြိမ်းချမ်းရေးကိုလိုချင်လို့ ကျနော်တို့စစ်တပ်ကို ကိုင်ထားတာဖြစ်တယ် သူရဲ့ အနှစ်သာရက ငြိမ်းချမ်းရေးဆိုတာက တစ်သက်လုံး၊ ထာဝရငြိမ်းချမ်းရေးဖြစ်တယ်။ လောလောဆယ် ကိုယ့်ဒေသကို ကာကွယ်ဖို့ ကိုယ့်ပြည်သူ့လူထုကို စောင့်ရှောက်ဖို့ ဒီလက်နက်တွေ၊ ဒီတပ်တွေကို ကိုင်ထားရတယ်"* ဟု ရှမ်းပြည်နယ်၊ မိုင်းလားအထူးဒေသမှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီအဖွဲ့ဝင် တစ်ဦးက ပြောသည်။[68]

*"ဘယ်လိုပဲဖြစ်ဖြစ်၊ ကျနော်တို့က တစ်မျိုးပဲ။ တစ်အိမ်ပဲ။ ကိုယ့်အဖေ၊ ကိုယ်တပ် (ကို) လုံးဝမလုပ် ( တိုက်) ရဘူး။ ကိုယ်အဖေ့၊ ကိုယ့်တပ်၊ ကျနော်တို့ အထူး (၄) က ဗမာပြည်ကို အဖေခေါ်ထားတယ်။ အမေ ခေါ်ထားတယ်။ အတူတူပဲလေ။ ဗမာရှိရင် ကျနော်ရှိတယ်။ ကျနော်ရှိရင်လည်း ဗမာရှိတယ်လေ။ ဘာမှမဖြစ်ဘူး။ ကျနော်တို့ အထူးဒေသ (၄) က*

66 လားဟူဒီမိုကရက်တစ်အစည်းအရုံးခေါင်းဆောင်နှင့်တွေ့ဆုံမေးမြန်းခြင်း၊ (၂၀၁၉ခုနှစ်၊မေလ)

67 မွန်ပြည်သစ်ပါတီ၊ ခေါင်းဆောင်တစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ (၂၀၁၉ခုနှစ်၊ မေလ)

68 မိုင်းလားအထူးဒေသ(၄)မှ ထိပ်ပိုင်းတာဝန်ရှိသူတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ (၂၀၁၉ခုနှစ်၊ ဇွန်လ)

*သဘောတစ်အားကောင်းတယ်။ ဗမာတွေ ဘာမှ မစဉ်းစားနဲ့။ အထူး (၄)က ဟိုလိုမျိုး။ ဒီလိုမျိုး ဘာမှ မစဉ်းစားနဲ့"*ဟု ရှမ်းပြည်နယ်၊ မိုင်းလားဒေသမှ တပ်ရင်းမှူးအဆင့်ရှိ အရာရှိဟောင်းက ပြောသည်။

မိမိတို့၏ပတ်ဝန်းကျင်အခြေအနေတွင် အခြားသောအဖွဲ့အစည်းများ လက်နက်ကိုင်လမ်းစဉ်ဖြင့် အခွင့်အရေးများ ရရှိခံစားခြင်းကို မြင်တွေ့နေရသည့် တစ်ဦးချင်းအရ၊ အဖွဲ့အစည်းအရ လက်နက်ကိုင် လမ်းစဉ်သည် ထိရောက်သည်ဟု အသိအမှတ်ပြုခံစားမှုရှိသည်ကို တွေ့နိုင်ပါသည်။ ထို့ပြင် လက်နက်ကိုင်လမ်းစဉ်ကြောင့် ဒေသနှင့်လူထုကို ကာကွယ်နိုင်သည်ဟူသော သိမြင်မှုသည်လည်း လက်တွေ့ကျနေသည့် သိမြင်မှုတစ်ခုဖြစ်နေသည်ကို တွေ့ရပါသည်။

အထက်ဖော်ပြပါအမြင်များသည် လက်နက်ကိုင်အဖွဲ့ဝင်အသီးသီးမှ လက်နက်ကိုင်လမ်းစဉ်နှင့် ပတ်သက်၍ သဘောထားများ၊ ထင်ဟပ်ချက်များဖြစ်ပါသည်။ မိမိတို့၏ ဒေသ၊ နယ်မြေ၊ အခွင့်အရေးကို ကာကွယ်ရန်ဟူသောအမြင်တွင် အားလုံးလိုလိုနီးပါးတူညီကြသည်ကို တွေ့ရမည် ဖြစ်သည်။ ဤအမြင်သည် လက်နက်ကိုင်တော်လှန်ရေးနှင့် ပတ်သက်၍ တိုင်းရင်းသားလူမျိုးစုတို့၏ ပကတိ အခြေအနေကို ထင်ဟပ်သော လောကအမြင် တစ်ရပ် ဖြစ်သည်။

## ၃.၅။ တူညီမှု

ရှိမှုဗေဒအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဝင်များတွင် တူညီလေ့ရှိသော အရိုတရားများတွင် မိမိတို့၏သက်ဆိုင်ရာလူမျိုးစုတို့ဖြင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့တည်ရှိမှုနှင့် ထိုလက်နက်ကိုင် တော်လှန်ရေးအဖွဲ့တည်ရှိမှုကို တရားနည်းလမ်းကျသည်ဟု လက်ခံမှုတို့သည် ဘုံလက်ခံထားသည့် သဘောကိုတွေ့ပြီး၊ လက်နက်ကိုင်တပ်ဖွဲ့ထံသို့ ဝင်ရောက် အမှုထမ်းရန် ဆုံးဖြတ်ရာတွင် နေရာဒေသနီးစပ်မှုနှင့် လူမှုဆိုင်ရာနီးစပ်မှုတို့ကြောင့် အဓိကအားအကောင်းဆုံး ဖြစ်နေသည်ကိုတွေ့ရပါသည်။ အနာဂတ်နှင့်ပတ်သက်၍ မျှော်ရည်ချက်တွင် အာမခံချက်မရှိသော်လည်း၊ ရင်ဆိုင်ရသည့်ပြိုင်ဘက်ရန်သူသည် မိမိတို့ထက် အဆမတန် အင်အားကြီးမားသည်ကို တွေ့ရသော်လည်း မျှော်လင့်ချက်နှင့် တာဝန်သိရမည်ဟူသော ခံယူချက်တို့ဖြင့် ရှေ့အလားအလာကို ရင်ဆိုင်ကြမည်ဟူသော အမြင်များလည်း တူညီသည်ကို တွေ့ရပါသည်။ လူမျိုးဖြစ်တည်မှုနှင့် လက်နက်ကိုင် အဖွဲ့အစည်း၏

ဖြစ်တည်မှုသည် တစ်သားတည်းဖြစ်သည်ဟု ဖွင့်ဆိုနားလည်သည်ကို တွေ့ရပါသည်။ လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏အဖွဲ့အစည်းများအကြား ဆက်စပ်မှုကို လေ့လာရာတွင် အဖွဲ့ဝင်သည် အဖွဲ့အစည်း၏ တစ်စိတ်တပိုင်းကဲ့သို့ဖြစ်သည်ဟူ၍ လည်းကောင်း၊ အဖွဲ့ဝင်နှင့် အဖွဲ့အစည်းသည် တစ်သားတည်းဖြစ်သည်ဟူ၍လည်းကောင်း၊ အဖွဲ့အစည်းသည် မိမိတို့၏ ကိုယ်စားပြု အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟူ၍ လည်းကောင်း လက်ခံထားသည့်နေရာတွင် အဖွဲ့အစည်းတိုင်းလိုလို တူညီကြသည်ကိုတွေ့ရပါသည်။

အစုအဖွဲ့တစ်ခုတွင် ပါဝင်နေသည့် ပုဂ္ဂိုလ်များ၏လောကအမြင်တွင် ၎င်းတို့ဖြတ်သန်းလာခဲ့သည့် ပညာရေးစနစ် (education System) နေထိုင်ကြီးပြင်းလာသည့် အရပ်ဒေသ (background)၊ လူမှုအသိုင်းအဝိုင်း အချိတ်အဆက် (Social Connection) သက်ဆိုင်ရာလူမျိုးစု၏ စာပေယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာအသိ၏ လွှမ်းမိုးနိုင်စွမ်း (Ethnic's Culture and Historical's knowledge's influence)၊ အဖွဲ့အစည်း ကွန်ရက်ချိတ်ဆက်မှု (Organizational Network)၊ တော်လှန်ရေးကို အမွေတစ်ရပ်ကဲ့သို့ လက်ဆင့်ကမ်း တာဝန်လွှဲအပ်သည့်ပုံစံ(Inherited Influence)၊ ခက်ခဲကြမ်းတမ်းသည့် တော်လှန်ရေး ခရီးကို ဆက်လက်ဆောင်ရွက်ရန် တွန်းအားပေးနေသည့် ဘဝတန်ဖိုး(value)၊ တော်လှန်ရေးနှင့် ဘဝတစ်သားတည်းကျသည့်ပုံစံ (Lifestyle) မိမိတို့၏ဖြစ်တည်မှုကို ဖော်ပြခြင်း (Self Revealtion)၊ အခြားသူများ၏ ဖြစ်တည်မှုအပေါ် သဘောထားမှုနှင့် မိမိတို့၏လုပ်ငန်းစဉ်နှင့် ပန်းတိုင် (Goal) တို့သည် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းဝင်များအပေါ် အလွန်တရာလွှမ်းမိုးနေသည့် လောက အမြင်များကို ပုံသွန်းပေးနေသည့် ရေခံမြေခံအခြေအနေများဖြစ်သည်ကို တွေ့ရှိရပါသည်။

| | |
|---|---|
| လောကအမြင် | - တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များ၏ သိမှု၊ ခံစားမှုနှင့် လက်တွေ့အရ ချိတ်ဆက် ပတ်သက်နေသော လူမှုပတ်ဝန်းကျင်နှင့် ပတ်သက်၍ ဖွင့်ဆိုမှု၊ နားလည်ယုံကြည်ထားမှု နှင့် ထိုသို့ နားလည် ယုံကြည်ထားမှုတိုင်း လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ |

| | |
|---|---|
| အရှိတရားများနှင့် ထိုအရှိတရားများကို လက်ခံထားခြင်း | - အစိုးရကဲ့သို့ အဖွဲ့များ တည်ရှိခြင်း<br>- လူထုနှင့် နယ်မြေကို ကာကွယ်မည့်တပ်ဖွဲ့ တည်ရှိခြင်း<br>- နယ်မြေအပိုင်းအခြား တစ်ရပ်ရှိခြင်း<br>- တရားနည်းလမ်းကျသည်ဟု လက်ခံထားခြင်း<br>- လူမျိုးရေးနှင့် နယ်မြေအထိမ်းအမှတ်အပေါ် ထက်သန်သည့် စိတ်ခံစားမှု ရှိခြင်း |
| လက်နက်ကိုင်တပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းရခြင်း၏ ရည်ရွယ်ချက် | လက်နက်ကိုင် အဖွဲ့အတွင်း ဝင်ရောက်အမှုထမ်း ရခြင်း၏ ရည်ရွယ်ချက်ကို ဆိုလိုပြီး ထိုသို့အမှုထမ်း ရခြင်း၏ တွန်းအားများတွင်<br>(၁) နိုင်ငံရေးအလှည့်အပြောင်း တစ်ရပ်က တွန်းပို့သောကြောင့်<br>(၂) လက်နက်ကိုင် တပ်ဖွဲ့တို့၏ နယ်မြေနှင့် နီးစပ်သောကြောင့်<br>(၃) လက်နက်ကိုင်တပ်ဖွဲ့နှင့် လူမှုအချိတ်အဆက် နီးစပ်သောကြောင့် |
| လက်နက်ကိုင်တော်လှန်ရေးတွင် ဆက်လက်ပါဝင်စေသည့် တွန်းအားများ | - အနာဂတ်အတွက် သေချာသော အာမခံချက် မရှိသော်လည်း မျှော်လင့်ချက်ထားရှိခြင်း<br>- မိမိတို့ နောက်မျိုးဆက်အတွက် လုပ်ဆောင်ရသည် ဟု ခံယူထားရှိခြင်း<br>- ကျဆုံးလေပြီးသော ရဲဘော်များ၏ တော်လှန်ရေး ကို ဆက်လက်လုပ်ဆောင်ရန် အဓိကအားတစ်ခုဖြစ် စေခဲ့သည်။<br>- လူထုကို ကာကွယ်ရန်<br>- နယ်မြေကို ကာကွယ်ရန် |
| လုပ်ဆောင်မှုဆိုင်ရာ ဖွင့်ဆိုချက် | အဘယ်ကြောင့်<br>(၁) လက်နက်ကိုင်လမ်းစဉ်အပေါ် သဘောထားနှင့်<br>(၂) လက်နက်ကိုင် တော်လှန်ရေးထဲ ဝင်ရောက်သည့် သဘောထား တို့သည် လုပ်ဆောင်မှုဆိုင်ရာ ဖွင့်ဆိုချက်၏ ပင်မသော့ချက် တစ်ရပ်ဖြစ်သည်။ |

> "Almost everything we know in theory about large bureaucracies suggests not only that they are hard to change, but they are designed not to change....Military bureaucracies, moreover are especially resistant to change.
>
> ဗျူရိုကရက်တစ်အဖွဲ့အစည်းများကို နဂိုမူလကတည်းက ပြောင်းလဲ၍ မရအောင် အထိုင်ချဒီဇိုင်းဆင် ပြီးဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ဗျူရိုကရက်တစ်အဖွဲ့အစည်းများတွင် အတင်းကျပ်ဆုံးဖြစ်သည့် စစ်ဗျူရိုကရက်တစ်အဖွဲ့အစည်းများကို တစ်စုံတရာပြောင်းလဲရန်သည် ပို၍ခက်ခဲနိုင်သည်။
>
> (Stephen Rosen)


IMMIGRATION
Credit to Sai Tun Aung Lwin




# အခန်း (၄)

# အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှု/ ပုံသဏ္ဌာန်ပြောင်းလဲခြင်း

# *(Organizational Change)*

ခက်ခဲ

ပြောင်းလဲမှု

အဖွဲ့အစည်း

# အခန်း (၄)
# အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှု/ ပုံသဏ္ဍာန်ပြောင်းလဲခြင်း
# (*Organizational Change*)

မြန်မာနိုင်ငံ၏ အနာဂတ်လုံခြုံရေးပြုပြင်ပြောင်းလဲခြင်း/ ပေါင်းစည်းခြင်းကဏ္ဍကို ပြုလုပ်ရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအတွက် နိုင်ငံရေးသဘောတူညီမှု အခက်အခဲ ဖြေရှင်း ရန် သာမက အထက်ပါအခန်းတွင် ဖော်ပြခဲ့ပြီးဖြစ်သော လက်နက်ကိုင်အဖွဲ့အစည်းရှိ လူတစ်ဦးတစ်ယောက်ချင်းစီ၏ လောကအမြင် (worldview) နှင့် ယခုဖော်ပြမည့် အဖွဲ့အစည်း ဆိုင်ရာ ပြောင်းလဲနိုင်မှု အခက်အခဲအတွက်လည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ရာနေရာများ တွင်ရှိသော ဒေသခံတိုင်းရင်းသားများအတွက် လုံခြုံရေးကဏ္ဍပြောင်းလဲမှုနှင့် ဆက်စပ်သည့် လူမှုဘဝလုံခြုံရေး (human security) အတွက် ရပ်ရွာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ထိန်းကျောင်းမည့်သူမရှိခြင်း စသည်တို့ကိုရှောင်နိုင်ရန် လိုအပ်လှပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာတွင် အထူးသဖြင့် စဉ်းစားရမည်မှာ ပြည်သူများ၊ ဒေသခံများသည် လူမှုဘဝလုံခြုံမှုနှင့် တရားမျှတမှုများကို မည်သို့ရရှိနေသည် မည်သည့်အဖွဲ့အစည်းမှ လုပ်ဆောင်ပေးသည်။ ဤအဖွဲ့အစည်းများသည် မည်မျှခိုင်မာမှု ရှိနေသည်တို့ကို လေ့လာရမည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ပေးနေသော အဖွဲ့အစည်းကို လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းမှု လုပ်ဆောင်မည်ဆိုလျှင် အစိုးရက မည်မျှထိ အစားထိုး တာဝန်ယူ ပေးနိုင်မည်နည်းဟူသော အချက်ကို ထည့်သွင်းစဉ်းစား ရမည်ဖြစ်သည်။

## ၄၊၁။ အဖွဲ့အစည်း (Organization)

အဖွဲ့အစည်းဟူသည် ရည်မှန်းချက်တစ်ခုပေါက်မြောက်အောင်မြင်ရန်အတွက် အတူတကွ လုပ်ကိုင် ကြသော လူတစ်စုဟူ၍ အောက်စဖို့အဘိဓာန်[69]က ရှင်းလင်းဖွင့်ဆိုထားပါသည်။ ကော့လင်းလူမှုဗေဒ အဘိဓာန်[70] တွင် အဖွဲ့အစည်းနှင့်ပတ်သက်၍ ဖွင့်ဆိုချက်နှစ်ရပ် ရှိသည်ကို တွေ့ရပါသည်။ ပထမဖွင့်ဆို ချက်တွင် အဖွဲ့အစည်းဟူသည် ဖွဲ့စည်းပုံအင်္ဂါရပ် အပြည့်အစုံဖြင့် စည်းမျဉ်းစည်းကမ်းတိကျစွာ လုပ်ငန်းခွဲဝေလုပ်ကိုင်ဆောင်ရွက်မှုဖြင့် တိကျ သော ရည်မှန်းချက်တစ်ရပ်အတွက် စုစည်းလုပ်ဆောင်နေသည့် ပုံစံတစ်ရပ်ဟူ၍ ဖြစ်သည်။ ဤဖွင့်ဆိုချက်အရ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ ကျောင်းများ၊ ဆေးရုံ၊ အသင်းတော်၊ အကျဉ်းထောင်များ၊ စစ်တပ်၊ နိုင်ငံရေးပါတီများနှင့် အလုပ်သမားသမဂ္ဂ စသည်တို့သည် အကျုံးဝင်သည်။ ဒုတိယဖွင့်ဆိုချက်တွင် အဖွဲ့အစည်းဟူသည် ရည်မှန်းချက်ပါသော လူမှုဆောင် တာများ၊ စီစဉ်တကျဆောင်ရွက်ထားသောလုပ်ငန်းများဟူ၍ ဖြစ်ပါသည်။[71] အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် ပြည်တွင်းစစ်ကာလ နှစ် (၇၀) ကျော်အတွင်း မိမိတို့၏ အဖွဲ့အစည်းကို လက်နက်ကိုင် ခြင်းတစ်ခုတည်းမဟုတ်ဘဲ မိမိတို့၏ ကိုယ်ပိုင်ဖွဲ့စည်းပုံ အုပ်ချုပ်မှုနှင့် ပြည်တွင်းစစ်၏ ဇာစ်မြစ်ဖြစ်သော ၎င်းတို့၏ လောကအမြင် (worldview) များဖြင့် ခိုင်မာကျစ်လစ် အသားကျနေသော အဖွဲ့အစည်းတစ်ခု အဖြစ်တည်ရှိ နေသည်။

## ၄၊၂။ အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှု (Organizational Change)

အဖွဲ့အစည်းပိုင်းဆိုင်ရာပြောင်းလဲမှုကို ဖွင့်ဆိုရာတွင် ပညာရှင် Burnes က အသစ်သော စိတ်ကူး၊ အယူအဆ၊ အပြုအမူတစ်ရပ်ရပ်ကို အဖွဲ့ဝင်များက တစ်စိတ်တစ်ပိုင်းအားဖြင့်သော်လည်းကောင်း၊ ရာနှုန်းပြည့် အားဖြင့်သော်လည်းကောင်း လိုက်လျောညီထွေစွာပြုကျင့်နိုင်ခြင်းကို အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲခြင်းဖြစ်သည်ဟု ဖွင့်ဆိုသည်။[72] ဤဖွင့်ဆိုချက်နှင့်အညီ အဖွဲ့အစည်းများ ပြောင်းလဲမှုပြုလုပ်ရာတွင် လိုက်လျောညီထွေစွာ ပြုကျင့်နိုင်မှု ရာခိုင်နှုန်းကို ကြိုတင်သုတေသနပြုလုပ်ရန် အရေးကြီးသည်။

---

69 Oxford Advanced Learner's Dictionary 9th Edition, p.1088.

70 Collins Dictionary of Sociology, David Jary and Julia Jary

71 Ibid.p.444.

72 Hillary O.Odor, Organisational Change and Development, European Journal of Business and Management,Vol.10,No.7,2018,p.59

အဖွဲ့အစည်းတစ်ရပ်ကို ပြောင်းလဲပစ်လိုက်ရခြင်း၏ ရည်ရွယ်ချက်များစွာ ရှိသည့်တိုင် ပဓာန ကျသည့် ရည်ရွယ်ချက်သည် ပိုမိုအားကောင်းစေရန်၊ ဆက်လက် ရပ်တည်နိုင်ရန် ဟူ၍ဖြစ် သည်။ သို့သော် ပညာရှင်အချို့က အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှုကို ကြိုးပမ်းသည့် အားထုတ်မှုတိုင်း၏ ငါးဆယ်ရာခိုင်နှုန်းအထက်သည် အောင်မြင်လေ့မရှိဟု သုံးသပ်ကြသည်။ တစ်ချို့သော ပညာရှင်များက အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှု၏ သုံးပုံနှစ်ပုံသည် အထမြောက်လေ့မရှိဟု ပြောဆိုကြသည်။[73] အဖွဲ့အစည်း တစ်ရပ်ရပ်ကို တစ်စိတ်တစ်ပိုင်း အားဖြင့်သော်လည်းကောင်း၊ ရာနှုန်းပြည့်အားဖြင့် သော်လည်းကောင်း ပြုပြင်ပြောင်းလဲရန် ကြိုးစားအားထုတ်တိုင်း အထမြောက်ရခြင်းမှာ ထိုပြောင်းလဲမှုကို ခုခံနေသည့်အရာများ ရှိ နေသောကြောင့် ဖြစ်သည်။ ပြောင်းလဲရန် ခက်ခဲရခြင်း၏ အခြေခံအကျဆုံးမှာ အပြောင်း အလဲကို အသားကျရန် အလွန်ခက်ခဲတတ်သော လူ့သဘာဝကြောင့် ဖြစ်သည်။ ထို့ပြင် မိမိတို့ ပြောင်းလဲရမည့် အခြေအနေသည် ရှိရင်းစွဲအခြေအနေထက် လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်မည်လား ဆိုသည်မှာလည်း မသေချာ မရေရာ တတ်သောကြောင့် ဖြစ်သည်။ ပြောင်းလဲခြင်းဟူသည် အသစ်ဖြစ်နေသည်။ အသားကျနေ သော အခြေအနေမှ အစိမ်းသက်သက် အခြေအနေကို သွားနေရခြင်းဖြစ်သည်။ ထို့ကြောင့် အဖွဲ့အစည်းတိုင်း၏ ပြောင်းလဲမှုတိုင်းတွင် ဖြစ်ပေါ်လေ့ရှိသော လူသားတို့၏ တုံ့ပြန်မှုသည် အကြောက်တရားနှင့် သံသယဖြစ်သည်။ ပြောင်းလဲမှုဟူသည် စကားလုံးအရသာ ပြောင်းလဲမှုဖြစ် သော်လည်း၊ အဖွဲ့အစည်းဝင်များအတွက် အဆုံးသတ်သွားခြင်း (Ending) ဟု ယူဆလေ့ရှိ တတ်ခြင်းပင်ဖြစ်သည်။ ကာယကံရှင် များကိုယ်တိုင် အလွန်တရာနှစ်မြို့က်သည့် ပြောင်းလဲမှု ဖြစ်သော်လည်း ပြောင်းလဲမှုတိုင်းတွင် နိဂုံးအဆုံးသတ် လိုက်ရသည့် လုပ်ငန်းစဉ်များ ပါဝင် ရသောကြောင့် ဆုံးရှုံးမှု၊ ပေးဆပ်လိုက်ရမှု ဟူသည့် စိတ်ခံစားမှု ရှိတတ်ကြသည်။ နယ်ပယ်အသစ်၊ အခြေအနေအသစ်တစ်ခုတွင် မိမိတို့၏ ဖြစ်တည်မှု ပြန်လည် အနက်ဖွင့်ဆိုရန်၊ အထိုင်ချရန် ဟူသော စိန်ခေါ်မှုကလည်း ရှိတတ်သည့်အလျောက် ပြောင်းလဲမှုဟူသည် အဖွဲ့အစည်းဝင် များအတွက် စိတ်သက်သာရာတော့ဖြစ်လေ့မရှိပေ။[74]

မြန်မာနိုင်ငံသည် စစ်တပ်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သော် လည်း တစ်နိုင်ငံလုံးအပေါ် ကွပ်ကဲအုပ်ချုပ်နိုင်မှု မလုပ်ဆောင်နိုင်ခဲ့ပေ။ ထို့အပြင် တိုင်းရင်းသား

73 Ibid p.59.
74 Adult Education Perspectives for Judicial Education, Chapter 12: Organizational Change and Devel opment, p.12.7.

လက်နက်ကိုင် အဖွဲ့အစည်းများ မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်း ကျေးလက်ဒေသများ တစ်လျောက်တွင် လုံခြုံရေးပတ်ဝန်းကျင် တည်ဆောက်ခြင်း အဖြစ်ရပ်တည်ကာ စစ်ရေး၊ တရားဥပဒေ လေးစားလိုက်နာစေရေးနှင့် တရားရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျင့်သုံးနေသောများစွာသောတန်ခိုးသြဇာရှိအုပ်စုများကိုဖွဲ့စည်းထားသည့်များပြားလွန်းလှသော တိုင်းရင်းသား လက်နက်ကိုင်ဆောင်သူ အမျိုးစုံရှိနေကြသည်။ ဤအဖွဲ့များတွင် လွန်ကဲစွာ စစ်ပုံသွင်းထားကာ ဗဟိုချုပ်ကိုင်မှု များလွန်းသည့် တိုင်းပြည်၏ စစ်တပ်အပြင် EAO အဖွဲ့များ၊ အစိုးရ ကျောထောက်နောက်ခံ မှုရရှိထားသည့် အရန်စစ်အဖွဲ့များ ပါဝင်သည်။ ထုံးစံအားဖြင့် EAO အဖွဲ့များတွင် သီးခြားစီထားရှိသည့် လက်နက်ကိုင်အဖွဲ့များ၊ တရားစီရင်ရေးနှင့် တရားသူကြီးများ၊ ၎င်းတို့ကိုယ်ပိုင် ရဲတပ်ဖွဲ့ များရှိသည်။ ထို့ကြောင့် ပြင်ပကျူးကျော်မှုမှ နယ်မြေဒေသကို ကာကွယ်နိုင်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသား တို့၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက် နိုင်စွမ်းရှိသည်။ ထို့ကြောင့် လုံခြုံရေးကဏ္ဍ ပြုပြင် ပြောင်းလဲမှုများမှာ ဤနယ်ပယ်စုံမှ အမျိုးမျိုးသော ပါဝင်နေသူများ၏ လုံးဝကူးပြောင်းခြင်းအပေါ် ဖောက်ချထားမှု ပေါ်တွင် မူတည်နေမည် ဖြစ်သည်။[75]

လုံခြုံရေးဆိုင်ရာ ပေါင်းစည်းခြင်းကို မြန်မာနိုင်ငံက ခေတ်အဆက်ဆက် ကြိုးပမ်းမှုတွင် ရလဒ်ပေါင်းစုံဖြင့် ရှည်ကြာသည့် သမိုင်းစဉ်ရှိခဲ့ပါသည်။ ၁၉၆၀ပြည့်နှစ်အလွန် ကတည်းက တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အပေါ် တပ်မတော်က တန်ပြန်လှုပ်ရှားမှုများ လုပ်ရာတွင် အဓိကလုပ်ဆောင်ချက်မှာ EAO အဖွဲ့များကို တပ်မတော်၏ ကွပ်ကဲမှုလက်အောက် ရှိ အရန်တပ်ဖွဲ့ များအဖြစ်သို့ ကူးပြောင်းစေရန် ဖြစ်ကာ မကြာသောကာလတွင် တပ်မတော်၏ အမြဲတမ်းတပ်ဖွဲ့များ အဖြစ်သို့ တရားဝင် ပေါင်းစည်းစေရန် ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ရာ တွင် ရလဒ်အမျိုးမျိုးကိုရပါသည်။ အရွယ်အစားကြီးမားသည့် EAO အဖွဲ့အများစုသည် လွတ်လပ်သော လက်နက်ကိုင်လှုပ်ရှားသူများအဖြစ် ဆက်လက်ရပ်တည်လိုကြပြီး ၎င်းတို့ဒေသ တွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်အား ခွင့်ပြုပေးမည့် အကောင်းဘက် လုံးဝကူးပြောင်းသည့် နိုင်ငံရေး အပြောင်းအလဲ အာမခံချက်ရှိမှသာ တပ်မတော်အတွင်းသို့ ဝင်ရောက်လိုကြပါသည်။ ယနေ့ ခေတ်တွင် ယခင်အဓိက EAO အဖွဲ့များ တပ်မတော်ကွပ်ကဲမှုအောက် ဝင်ရောက်သည်မှာ နယ်ခြားစောင့်တပ် (BGF) (၂၃) ဖွဲ့နှင့် အနည်းဆုံး ပြည်သူ့စစ်အဖွဲ့များ (PMF) (၁၅) ဖွဲ့တို့ဖြစ် ကြပါသည်။[76]

75 SAFERWORLD, Security integration in conflict-affected societies, p 6.
76 Ibid p 17.

ဤသို့ လုံခြုံရေးဆိုင်ရာ ပေါင်းစည်းခြင်း၌ တပ်မတော်၏ ကွပ်ကဲမှုအောက် ဝင်ရောက်သွားသည့် လက်နက်ကိုင်အဖွဲ့အများစုသည် ဩဇာညောင်းသည့် မူလလက်နက်ကိုင် အဖွဲ့အစည်းကြီးများထဲမှ ခွဲထွက်ခဲ့သည့် လက်နက်ကိုင်အဖွဲ့ငယ်များသာ များသောအားဖြင့် တွေ့ရသည်။ EAO အဖွဲ့များအားပုံစံ အမျိုးမျိုးသော အရန်တပ်ဖွဲ့များအဖြစ်သို့ ပြောင်းလဲရန် အစိုးရအဆက်ဆက်၏ ကြိုးပမ်းမှုများ ရှိခဲ့သော်လည်း ရလဒ်ကောင်းဟူ၍ ပြောပြထောက်ပြရန် ခက်ခဲလှပါသည်။ အကြောင်းမှာ အနာဂတ် အတွက် မိမိတို့၏ လုံခြုံမှုကို မမြင်နိုင်သေးသရွေ့ လုံခြုံရေး ကဏ္ဍပြုပြင်ပြောင်းလဲရန် မဖြစ်နိုင်ပါ။

အထူးသဖြင့် တပ်မတော်နှင့် EAOs အဖွဲ့များသည် ဖွဲ့စည်းတည်ဆောက်ပုံ (structure) အရ သော် လည်းကောင်း၊ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ခြင်း မူဝါဒ (policy) အရ သော် လည်းကောင်း မတူကြသည်က ငြင်းဖွယ်မရှိပါ။ တပ်မတော်နှင့် EAOs အဖွဲ့များ၏ စီမံခန့်ခွဲမှုချိန် ခွင်အဆင့်နှင့် ရည်ရွယ်ချက်များမှာ မတူကြပါ။ သို့သော် ဤသို့မတူသည့် အဖွဲ့အစည်းနှစ်ခုသည် အဖွဲ့အစည်း ပုံသဏ္ဍာန်ပြောင်းလဲခြင်း ပြုလုပ်ရာတွင် အတူအကွ လိုက်လျောညီထွေစွာ မည်ကဲ့သို့ တစ်ခုတည်းသော တပ်မတော်ကို ဆောင်ရွက်မည်နည်း၊ အဖွဲ့အစည်းနှစ်ဖွဲ့ကြား မည်ကဲ့သို့ လက်ခံပြီး တစ်ခုတည်းသော တပ်မတော်ကို မည်သို့တည်ဆောက်မည်နည်း ဟူသောမေးခွန်းနှင့် အဖြေသည် အဖွဲ့အစည်းပုံသဏ္ဍာန်ပြောင်းလဲခြင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက် ခြင်းအတွက် မဖြစ်မနေ ရင်ဆိုင်ဖြေရှင်းရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရာတွင် နိုင်ငံရေးသဘောတူညီမှု ရရှိခြင်းထက် လက်နက်ကိုင် အဖွဲ့အစည်းများအတွက် လက်တွေ့တွင် လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်မှုအပိုင်းတို့သည် အဖွဲ့ အစည်း ပုံသဏ္ဍာန် ပြောင်းလဲခြင်း လုပ်ငန်းစဉ်၏ အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည်။ အဖွဲ့အစည်း ပုံသဏ္ဍာန် ပြောင်းလဲခြင်းအရ ပေါင်းစည်းရာတွင် ဩဇာအာဏာရှိမည့် ရာထူး၊ ဌာနတာဝန်များ ပေးအပ်ရာတွင် မတူသော အဖွဲ့အစည်းနှစ်ခုတို့သည် စနစ်တစ်ခုတည်းတွင် ပေါင်းစပ်ဆောင်ရွက် နိုင်ရန်သည် အခက်အခဲများစွာရှိနိုင်သည်။ ဤသို့သော လက်တွေ့အခြေအနေတွင် လူ့ရှုထောင့် (Human dimension) ဖြစ်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၏ သဟဇာတဖြစ်မှုနှင့် ခွဲခြားဆက်ဆံမှု ကင်းခြင်းအပိုင်းတို့သည် အဖွဲ့အစည်းပုံသဏ္ဍာန် ပြောင်းလဲခြင်းတွင် မဖြစ်မနေ လုပ်ဆောင်ရမည့် အရာတစ်ခုဖြစ်သည်။ အထူးသဖြင့် အဖွဲ့အစည်းနှစ်ခုမှ ဝန်ထမ်းများသည် အဖွဲ့အစည်းတစ်ခုထဲတွင် အတူတူ လုပ်နေကြပါက အားလုံးတန်းတူညီမျှမှုရှိသည် ဟူသော ခံစားချက်များရှိရန် လိုအပ်သကဲ့သို့ တန်းတူဖြစ်ကြောင်းလည်း ရှုမြင်တတ်ရမည်။[77]

77 ကင်မ်ဂျိုလီဗ်၊ မြန်မာနိုင်ငံအတွင်းသဘောထားကွဲလွဲမှုဖြစ်ပွားရာဒေသများရှိ တိုင်းရင်းသား ပဋိပက္ခများနှင့်

အဖွဲ့အစည်းများသည် မိမိတို့ အခြေပြုရာ ဘုံသဘောတူညီချက်/ ဘုံရည်မှန်းချက်အတွက် ပိုမိုခိုင်မာသော အဖွဲ့အစည်း၊ ပိုမိုကြီးမား သောအဖွဲ့အစည်း၊ ပိုမိုကြာရှည်စွာ ရပ်တည်နိုင်သော အဖွဲ့အစည်း ဖြစ်ပေါ်နိုင်ရေးအပေါ်အခြေခံ၍တည်ဆောက်ထားသည်ဟု နားလည်သည်။ ဤကဲ့သို့ ရေရှည်ခိုင်မာစွာ ရပ်တည်နိုင်အောင် အဖွဲ့အစည်းများ ဖွဲ့စည်းကတည်းက တည်ဆောက်လာသော အဖွဲ့အစည်း တစ်ခု (သို့မဟုတ်) နှစ်ကာလကြာမြင့်စွာ ရပ်တည်နေခဲ့သော အဖွဲ့အစည်းတစ်ခုကို အဖွဲ့အစည်းပြောင်းလဲမှု ပြုလုပ်ရာတွင် မည်သည့် စိန်ခေါ်မှုများနှင့် ပြောင်းလဲမှုတစ်ခု အတွက်လိုက်လျော ညီထွေစွာ ပြုပြင် ပြောင်းလဲ နိုင်ရန်အတွက်မည်သို့ အဟန့်အတားများ ရှိသည်ကိုသိရှိရန် လိုအပ်သည်။

တပ်မတော် ပြုပြင်ပြောင်းရေးဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်သူ Stephen Rosen က ဗျူရိုကရက်တစ် အဖွဲ့အစည်းကြီးများကို ပြောင်းလဲရန် အလွန်ခက်ခဲရသည်မှာ နဂိုမူလကတည်းက ပြောင်းလဲ ရန်အတွက် ပြောင်းလဲ၍ မရအောင် သန္ဓေမျိုးစေ့ချထားပြီးဖြစ်သည်။ ထို့ကြောင့် ဗျူရိုကရက် အဖွဲ့အစည်းများတွင် အတင်းအကျပ်ဆုံးဖြစ်သည့် စစ်ဗျူရိုကရက်ဆိုလျှင် ပြောင်းလဲခြင်းနှင့် ပတ်သက်လျှင် ဆိုဖွယ်ရာ မရှိတော့ပေ ဟူ၍ မိန့်ဆိုမှုရှိခဲ့သည်။[78]

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အဖွဲ့အစည်းတစ်ခုသာမက စစ်ရေးဆိုင်ရာ ဗျူရိုကရက်အသွင်လည်း ဆောင်နေသည့်အတွက် ဤဖွင့်ဆိုချက်အရဆိုလျှင် ပြောင်းလဲနိုင်ရန် ခက်ခဲသည့် သဘောရှိနိုင်သည်ဟု ယူဆသော်ရနိုင်မည်ဖြစ်သည်။

78 အခြေခံလူမှုဝန်ဆောင်မှုများ၊ စာ ၅၂။ Thomas Bruneau and Harold Trinkunas, Global Politics of Defense Reform, p.271.

> "အပြန်အလှန်မှီခိုနေရမှု၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာသည့် သမိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာအသိအမြင်များတို့ဖြင့်  တည်ဆောက်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းသည် ဒေသခံတို့ကြားတွင် တရားဝင် တည်ရှိနေသည့် နိုင်ငံတော်အစိုးရထက်၊ ၎င်းတို့နှင့်အနီးစပ်ဆုံးတွင် ရှိနေသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုသာ အစိုးရကဲ့သို့ လက်ခံသဘောထားနေရပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှု၊ အာဏာစက်တို့မှာမူ ၎င်းတို့အတွက် ဝေးကွာနေသည်။


Credit to Pyidaungsu Institute



# အခန်း (၅)

# မြန်မာနိုင်ငံ၏ အနာဂတ်လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု/ ပေါင်းစည်းမှုအတွက် စိန်ခေါ်မှုများ

လုံခြုံရေး

လူမှုစီးပွား

တိုင်းရင်းသား

# အခန်း (၅)
# မြန်မာနိုင်ငံ၏ အနာဂတ်လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု/ ပေါင်းစည်းမှုအတွက် စိန်ခေါ်မှုများ

လက်နက်ကိုင်အဖွဲ့အစည်းများ စိုးမိုးထိန်းချုပ်ရာနယ်မြေရှိ လူထုသည် ၎င်းတို့၏ လူမှုဘဝ လုံခြုံမှုနှင့် တရားမျှတမှုတို့ကို မည်သို့ရရှိခံစားနေကြသည်။ ထိုသို့သော ရရှိခံစားမှုကို သက်ဆိုင်ရာ အဖွဲ့အစည်းများက မည်ကဲ့သို့ ဝန်ဆောင်မှု ဆောင်ရွက်စီမံပေးနေသည်၊ ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းတို့၏ အဆောက်အအုံဆိုင်ရာ ခိုင်မာမှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်အသားကျမှုတို့သည် အကယ်၍ နိုင်ငံရေးသဘောတူညီချက်ရရှိပြီး၊ ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာ လုပ်ဆောင်မည်ဆိုပါက မဖြစ်မနေ ထည့်သွင်းတွက်ချက်ရမည့် အကြောင်းအရာ ဖြစ်နေသည့်အပြင် လက်နက်ကိုင်အဖွဲ့အစည်းက ပေးနေသည့် ဘဝလုံခြုံမှုနှင့် တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုကို ဝင်ရောက်ဆက်ခံ၊ တာဝန်ခံပေးမည့် အဖွဲ့အစည်းက အစိုးရ သို့မဟုတ် အခြားသောလက်နက်ကိုင်အဖွဲ့အစည်း တစ်ရပ်ရပ်မည်မျှအထိ အလျင်အမြန် တာဝန်ယူပေးနိုင်စွမ်းရှိမည်နည်း၊ ဒေသခံလူထုကနားလည် သဘောပေါက်ထားသည့် ဘဝလုံခြုံမှုနှင့် လူမှုတရားမျှတမှုကို မည်မျှအထိ နားလည်သဘောပေါက်နိုင်စွမ်း ရှိမည်နည်း ဟူသော အကြောင်းအရာသည်လည်း မဖြစ်မနေကြုံတွေ့ရမည့် စိန်ခေါ်မှုလည်း ဖြစ်သည့်အပြင်၊ စဉ်းစားအဖြေရှာရမည့် အကြောင်းအရာလည်းဖြစ်သည်။ အပြန်အလှန်မှီခိုနေရမှု၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း လာသည့် သမိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အသိအမြင်များတို့ဖြင့် တည်ဆောက်ထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် ဒေသခံတို့ကြား ဆက်ဆံရေးနှင့် အပြန်အလှန် ဆက်ဆံမှုတို့သည် နယ်မြေတစ်ရပ်တွင် အဖွဲ့အစည်းတစ်ရပ်ရပ်တည်ရှင်သန်နိုင်စွမ်းကိုအားပေးကူညီပေးခြင်းနှင့် ထိုအဖွဲ့အစည်း၏ခိုင်မာအားကောင်းမှုကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည့် တွန်းအားတစ်ရပ်လည်း ဖြစ်သည့်အပြင် တရားဝင်တည်ရှိနေသည့် နိုင်ငံတော် အစိုးရထက်၊ ၎င်းတို့နှင့် အနီးစပ်ဆုံးတွင် ရှိနေသော အစိုးရကဲ့သို့သော အဖွဲ့အစည်းကသာ အတူတကွရှိနေသော - Imenence - အရှိတရားဖြစ်နေပြီး၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှု၊ အာဏာစက်တို့မှာမူ ၎င်းတို့အတွက် ဝေးကွာနေသော - transcendence - အရှိတရားကဲ့သို့ ဖြစ်နေသည်။ ခိုင်မာပြီး အသားကျနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုသည် ဒေသခံတိုင်းရင်းသားများအပေါ် အစိုးရသဖွယ် မိမိတို့တည်ရှိရာဒေသနှင့်

၎င်းတို့ထိန်းချုပ်ရာ ဒေသများတွင် အုပ်ချုပ်စီမံလျက်ရှိနေသည်။ အစိုးရထိန်းချုပ် နယ်မြေနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များရှိသော နယ်မြေဒေသများတွင်လည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကို ပို၍ထောက်ခံအားပေးခြင်းများကိုလည်း တွေ့နေရသည်။[79] အစိုးရ မဟုတ်သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အသီးသီးတို့တွင် မိမိတို့၏ လောက အမြင်၊ သီးခြားရပ်တည်မှု၊ သီးခြားစနစ်နှင့် သီးခြားအုပ်ချုပ်မှုတို့ဖြင့် ခိုင်မာစွာ အစိုးရသဖွယ် ဖွဲ့စည်းတည်ရှိကာ ဒေသခံတိုင်းရင်းသားများအတွက် လုံခြုံမှု၊ တရားမျှတမှုနှင့် လူမှုစီးပွားရေးများကို ခိုင်မာစွာ လုပ်ဆောင်ပေးလျက်ရှိသည်ကိုတွေ့ရသည်။ ဤကဲ့သို့ ဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့အစည်းများသည် ဒေသခံပြည်သူများအပေါ် လုံခြုံမှု၊ တရားရေးနှင့် လူမှုစီးပွားရေးတို့ကို ဌာနအလိုက်ကျယ်ပြန့်စွာ ဝန်ဆောင်မှုများပေးလျက် ရှိနေသည်ကိုလည်း လက်နက်ကိုင် အဖွဲ့အစည်းများ၏ အစိုးရသဖွယ် ရှိနေမှုက သက်သေပြနေသည်။

## ၅၊၁။ ဒေသခံပြည်သူများအတွက် လုံခြုံမှုနှင့် တရားမျှတမှုတို့နှင့် ပတ်သက်၍ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ခိုင်မာသော ရပ်တည်ချက်နှင့် သဘောထား

*"ကိုယ့်ဒေသကို ကာကွယ်ဖို့၊ ကိုယ်ပြည်သူလူထုကို စောင့်ရှောက်ဖို့၊*
*ဒီလက်နက်တွေ၊ ဒီတပ်တွေကို ကိုင်ထားရတယ်။"*

(NDAA ခေါင်းဆောင်တစ်ဦး)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများသည် ရာထူး အလိုက်၊ လူပုဂ္ဂိုလ်အလိုက် အဖွဲ့အစည်းတစ်ခုပေါ် သက်ရောက်မှုသည် မတူညီနိုင်သော်လည်း တစ်ဦး တစ်ယောက်ချင်းစီတိုင်း ၏လောကအမြင်အရ အဖွဲ့အစည်းအပေါ်တွင် ကိုယ်စားပြုမှုနှင့် အကျိုး သက်ရောက်မှုရှိကြသည်။ တာဝန်ထမ်းဆောင် နေကြသော ပုဂ္ဂိုလ်များ၏ လုပ်ငန်းဆောင် ရွက်မှုများကို သိရှိခြင်းဖြင့် ၎င်းတို့ထိန်းချုပ်ရာ နယ်မြေများရှိ ဒေသခံတိုင်းရင်းသားများကို လူမှု ဘဝလုံခြုံမှု၊ တရားမျှတမှုနှင့် လူမှုစီးပွားရေးတို့ကို မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်၊ အပြန်အလှန် မှီခိုဆက်နွယ်မှုနှင့်ခိုင်မာသော အဖွဲ့အစည်းတစ်ရပ်ကို မည်ကဲ့သို့ တည်ဆောက်ထားသည်ကို ဆန်းစစ်နိုင်သည်။

79 SAFERWORLD - ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် ၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသမှ လုံခြုံရေး၊ တရားမျှတရေး၊ အုပ်ချုပ်ရေး၊ စာ ၆၆။




ပုံ-၁ မိုင်းလားအထူးဒေသ (၄) စစ်ဆေးရေးဂိတ်တစ်ခု

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထဲတွင် ဒေသခံပြည်သူများ တာဝန်ထမ်းဆောင်ခြင်းနှင့် အားပေး ထောက်ခံမှုများသည် ၎င်းတို့၏ လုံခြုံရေးခြိမ်းခြောက်ခံရမှုအပေါ်တွင် ယင်းအဖွဲ့အစည်းများကတစ်စုံတရာသောအတိုင်းအတာအထိလုံခြုံမှုပေးနိုင်သည်ဟုယုံကြည်သောကြောင့် ဖြစ်သည်ကိုလည်း တွေ့နိုင်သည်။

*"စစ်အာဏာရှင်အနေနဲ့မဟာလူမျိုးကြီးဝါဒ၊ အခြားတိုင်းရင်းသားတွေကိုတော့ ဒုတိယတန်းစားလို့ မြင်နေ တဲ့အပေါ်နှစ်များစွာ တိုက်ပွဲဝင်ပြီး ယနေ့အထိ တော်လှန်ရေးပန်းတိုင်မရောက်တဲ့ အနေထား အပေါ်မှာ လူမျိုးရဲ့ရသင့် ရထိုက်တဲ့ အခွင့်အရေး၊ အခြားလူမျိုးလို ဖွံ့ဖြိုးတိုးတက်ဖို့ လက်ဆင့်ကမ်း လုပ်ဆောင်တယ်။ ဒါကြောင့် ကျနော်တို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းကို ဒေသခံ တိုင်းရင်းသားတွေကအားပေးထောက်ခံသလို ကျနော်တို့လည်း ဒေသခံတိုင်းရင်းသားများအတွက် ရပ်တည်ပေးနေတာပါ။ ကိုယ်တိုင်လည်း လုပ်ရမယ်၊ နိုင်သလောက်နဲ့ လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ တော်လှန်ရေးကို လုပ်နေတာဖြစ်တယ်။ အမျိုးသားရေးကို ချစ်တဲ့စိတ်ပဲ။ ကိုယ့်အမျိုးသားကို ချစ်လို့၊ အခြားအမျိုးသားကို မုန်းလို့မဟုတ်ဘူး။ လွတ်လပ်တဲ့ ဘဝလုံခြုံမှုရှိတဲ့ အမျိုးသားအဖြစ် နေချင်လို့ပဲ ဖြစ်တယ်။"*[80] ဟု KNU အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

80 ကရင်အမျိုးသားအစည်းအရုံး၊ တရားရေးဌာနခေါင်းဆောင်နှင့်တွေ့ဆုံမေးမြန်းခြင်း။(၂၀၁၉ ခုနှစ်၊ မေလ)

မိမိတို့၏လူမျိုးကို ချစ်မြတ်နိုးခြင်းနှင့် လွတ်လပ်ပြီး ဘဝလုံခြုံမှုရှိသော လူမျိုးတစ်မျိုးအဖြစ် ရပ်တည်နိုင်ရေးသည် လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်က ၎င်းတို့၏ဆိုင်ရာလူထုကို ကာကွယ်စောင့်ရှောက်စေသည့် တွန်းအားဖြစ် သည်ကို တွေ့ရသည်။

*"တော်လှန်ရေးအဖွဲ့ကနေ နားချင်တဲ့ စိတ်တွေက ရှိပါတယ်။ မိသားစုကိစ္စအတွက် စဉ်းစားရင် နားချင်တယ်။ အမျိုးသားပြည်သူလူထုကိုကြည့်ရင် နားချင်တဲ့ စိတ်ကမရှိဘူး။ ကျနော်တစ်ယောက်တစ်ဦးပဲ စဉ်းစားမိတဲ့အခါ အခြားသူ အထူးသဖြင့် အမျိုးသား၊ လူမျိုးတွေ ဖိနှိပ်ခံနေတာကို ကျနော့်မျိုးဆက်မှာ မလုပ်ရင် မဖြစ်ဘူး။"*[81] ဟု KNPP တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးကပြောသည်။ ဖိနှိပ်မှုကို တားဆီးကာကွယ်ရန်ဟူသော ရပ်တည်ချက်နှင့် ၎င်း အပေါ်စေ့ဆော်မှုသည် အဖွဲ့အစည်းတစ်ရပ်၏ လုပ်ငန်းတာဝန်ကို မောင်းနှင် နေသော အားတစ်ရပ်ဖြစ်နေသည်ကို တွေ့ရသည်။

*"လောလောဆယ် ကိုယ့်ဒေသကို ကာကွယ်ဖို့၊ ကိုယ်ပြည်သူလူထုကို စောင့်ရှောက်ဖို့၊ ဒီလက်နက်တွေ၊ ဒီတပ်တွေကို ကိုင်ထားရတယ်။*[82]" ဟူသော NDAA အဖွဲ့ဝင်တစ်ဦး၏ ပြောစကားသည် အခိုင်အမာ နယ်မြေ ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းများတွင် လူထုကိုသာမက နယ်မြေဒေသကိုပါ ကာကွယ်ရမည်ဟူသော သဘောထားရပ်တည်ချက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

သက်ဆိုင်ရာလူမျိုးဖြစ်တည်မှုကို ချစ်မြတ်နိုးခြင်း၊ လုံခြုံမှုရှိသော လူမျိုးအဖြစ် ရပ်တည်စေလိုခြင်း၊ ပြင်ပမှ ဖိနှိပ်မှုကို ကာကွယ်ခြင်း၊ လူထုကိုသာမက မိမိတို့၏ပိုင်နက်နယ်မြေကို ကာကွယ်ရမည်ဟူသော ခံယူချက်တို့သည် လုံခြုံမှုနှင့်တရားမျှတမှုနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များ၏ အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးတစ်ရပ် (Organizational value) ပင်ဖြစ်သည်။

81 ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ထိပ်တန်းခေါင်းဆောင်တစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း (၂၀၁၉ ခုနှစ်၊ ဖွန်လ)
82 NDAAတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း။ (၂၀၁၉ ခုနှစ်၊ ဖွန်လ)

## ၅၊၂။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဒေသခံများအပေါ် လုံခြုံရေးနှင့် ဝန်ဆောင်မှုများ

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့တိုင်းရင်းသားလူမျိုးစု၏ လိုလားချက်များကို ကိုယ်စားပြုတောင်းဆိုခွင့် ပိုမိုရနိုင်မည့် နည်းလမ်းများအဖြစ် သက်ဆိုင်ရာ နယ်မြေများနှင့် လူထု အသိုင်းအဝိုင်းများကို ထိန်းချုပ်ရန်အဓိကအားဖြင့် ကြိုးစားကြသည်။ ထိန်းချုပ်ပြီးနောက်တွင် ဒေသခံ လူထုကို အုပ်ချုပ်စီမံရသည်ဖြစ်ရာ များသောအားဖြင့် အုပ်ချုပ်သူအကြီးအကဲ၏ ထုံးတမ်းစဉ်လာ တာဝန်ဝတ္တရားများဖြင့် လုပ်ငန်းစဉ်စတင်လေ့ရှိပြီး ၎င်း လုပ်ငန်းစဉ်တွင် ရဲလုပ်ငန်းနှင့် တရားစီရင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးနှင့် လူမှုဖူလုံရေးကို မြှင့်တင်ခြင်း၊ လူထုအား ပြင်ပဘေးရန်များမှ အကာအကွယ်ပေးခြင်း စသည်တို့ ပါဝင်သည်။[83]

တိုင်းရင်းသားအုပ်စုအမျိုးမျိုးတို့သည် သမိုင်းတလျှောက် အုပ်ချုပ်မှုပုံစံတစ်မျိုးမျိုးနှင့် နေထိုင်လာသည့် အခြေခံအုတ်မြစ်ရှိပြီးဖြစ်ရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက လုံခြုံရေးနှင့် လူမှုစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ထိန်းချုပ်နယ်မြေများအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ၎င်းတို့သြဇာဖြန့်ထားနိုင်သည့် နယ်မြေများ၊ အပြည့်အဝထိန်းသိမ်းထားနိုင်သည့် နယ်မြေများတွင် ဒေသခံပြည်သူ လူထုကို စစ်ရေးနည်းဖြင့် ထိန်းချုပ်ထားခြင်း မဟုတ်ပါ။[84] တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ဒေသခံ တိုင်းရင်းသား လူထုအတွက် လုံခြုံမှုနှင့် တရားမျှတမှုကို အစိုးရ တစ်ရပ်ကဲ့သို့ အုပ်ချုပ်စီမံခန့်ခွဲပေးသည်ကိုလည်း တွေ့ရသည်။

*"ကျနော်က KNPP ပြည်ထဲရေးဌာနမှာ တာဝန်ထမ်းဆောင်နေတယ်။ ပြည်ထဲရေးဌာနက တရားစီရင်ရေး၊ နိုင်ငံရေး၊ စစ်ရေး အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်ရတယ်။ ဌာနခွဲမှာ မြေယာနှင့် သစ်တော၊ အခွန်စည်းကြပ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ အကျဉ်းဦးစီးဌာနနှင့် ပြောက်ကျားတပ်လည်း ရှိတယ်။ ကာကွယ်ရေးတပ်နဲ့ အခု ပြောက်ကျားတပ်က မတူဘူး။ ကာကွယ်ရေးတပ်က ရှေ့တန်းအတွက်လုပ်တယ်။ ခရိုင်အတွင်းမှာ မူးယစ်ဆေးဝါးနှင့် မူးယစ်ရမ်းကား တဲ့သူတွေကို ထိန်းချုပ်ဖို့ ကာကွယ်ရေးတပ်ကို*

83 ကင်မ်ဂျိုလိဗ်၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခနှင့် နယ်မြေပိုင်နက်ဆိုင်ရာအုပ်ချုပ်ရေး၊ စာ၁။

84 ကင်မ်ဂျိုလိဗ်၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခနှင့် နယ်မြေပိုင်နက်ဆိုင်ရာအုပ်ချုပ်ရေး၊ စာ vii.

*ခေါ်ဖို့ အဆင်မပြေဘူး။ ပြောက်ကျားတပ်က ထိန်းသိမ်းပေးတယ်။ ဦးစီးဌာနခွဲ ဖြစ်တဲ့ အခွန်စည်းကြပ်တဲ့အချိန် ကရင်နီဥပဒေအရ အမျိုးသားခွန်တွေ ကောက်ပါတယ်။ မူးယစ်ဆေးဝါးတွေ ဖမ်းမိမယ် ဆိုရင် ထိန်းချုပ်တဲ့ အကျဉ်းထောင် ရှိတယ်။ ပြည်ထဲရေးထဲမှာက လူထုရဲ့ပြဿနာကို ဖြေရှင်းပေးရတာတွေလုပ်တယ်။ ခုတလောက မြေယာ ပြဿနာ၊ ခိုးမှုတွေကို တော်လှန်ရေးကဘဲ ဖြေရှင်းပေးနေတယ်။"*[85] ဟု ကရင်နီပြည်အစိုးရ အဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ပြည်ထဲရေးဌာနသည် တရားစီရင်ရေး၊ နိုင်ငံရေးနှင့် စစ်ရေးတို့ကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးရသည့် တာဝန်ကို အဓိကလုပ်ဆောင်နေသည် ကိုတွေ့ရသည်။ လက်နက်ကိုင်တပ်ဖွဲ့နှစ်ဖွဲ့ဖြစ်သည့် ကာကွယ်ရေးတပ်သည် စစ်ရေးဆိုင်ရာတပ် ဟုခေါ်ဆိုနိုင်ပြီး ပြောက်ကျားတပ်မှာမူ ရဲတပ်ဖွဲ့လုပ်ငန်းကို ထမ်းဆောင်နေရသည်ကိုတွေ့ရသည်။ မူးယစ်ဆေးဝါးကို ဖမ်းဆီးသည့်အဖွဲ့ရှိရုံမက ဖမ်းဆီးထိန်းသိမ်း အပြစ်ပေးသည့် အကျဉ်းထောင်စနစ်ကိုပါ ထူထောင်ထား သည်ကိုတွေ့ရသည်။ ဒေသခံလူထုနှင့် အနီးကပ်ဆုံးဌာနအဖွဲ့အစည်းသည် ပြည်ထဲရေးဌာနဖြစ်နေပြီး လတ်တလောပြဿနာ အများဆုံးဖြစ်နေသည့် မြေယာပြဿနာကိုလည်း ကိုင်တွယ်ဖြေရှင်းပေးရသည့် အခြေအနေကို ထောက်ဆကြည့်လျှင် ဒေသတစ်ခု၏ အစိုးရတစ်ရပ် ကဲ့သို့ဖြစ်နေသည့် သက်သေတစ်ခုပင် ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်တွင် အခွန်စည်းကြပ်ရေးဌာနက ဒေသခံများကို ၁၀၀ ကျပ်လျှင် ၂ ကျပ် နှုန်းဖြင့် ကောက်ခံလေ့ရှိသည်။ ထိုသို့ကောက်ခံရာတွင် ရရှိသည့် အခွန်ငွေများကို ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပြန်လည်ထောက်ပံ့ပေးကြောင်း ရှင်းပြလေ့ရှိသည်။[86] ကိုယ်ထူကိုယ်ထကျောင်းများ တည်ဆောက်ရေးတွင်လည်း ထိုအခွန်ငွေဖြင့် သုံးစွဲကုန်ကျခံလေ့ ရှိကြောင်းသိရသည်။ ထူးခြားသည့် လုပ်ဆောင်မှုတစ်ရပ်မှာ လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သော်လည်း ဒေသခံလူထုထံမှ အခွန်ကောက်ယူသည့်အခါ အခွန်ကောက်ရသည့် အကြောင်းရင်းကို သေချာစွာ ရှင်းပြလေ့ရှိသည့်အပြင် ထိုအခွန်ငွေများကိုမည်သည့်ကဏ္ဍတွင် ပြန်လည်သုံးစွဲသည့်အကြောင်းကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစွာလုပ်ဆောင်ခြင်း ပင်ဖြစ်သည်။

---

85 ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ခရိုင်အဆင့်ရှိအရာရှိတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း။ (၂၀၁၉ ခုနှစ်၊ ဇွန်လ)

86 ၎င်း။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ၎င်းဒေသတွင် မိုင်းဒဏ်ကြောင့် ဒုက္ခိတမသန်စွမ်း ဖြစ်သွားသည့် လူထုများ၏ စာရင်းပြုစုပေးခြင်း၊ ကူညီထောက်ပံ့ပေးခြင်း၊ ခြေတုများ ထုတ်လုပ်ပေးခြင်း၊ နိုင်ငံတကာ အကူအညီများဖြင့် ခြေတုတပ်ဆင်ထားသူများကို သန့်စင်ခန်းမည်ကဲ့သို့ တက်ရမည်ဟူသော သင်တန်းကိုပါ လုပ်ဆောင်ပေးသည်။ ၎င်းတို့အဖွဲ့အစည်းတွင် ခြေတု ထုတ်လုပ်သည့် စက်ရုံကိုပါ ထူထောင်ထားသည်ကိုပါ တွေ့ရသည်။[87] စနစ်ကျသော၊ တရားမျှတသော ဝန်ဆောင်မှုများဖြစ်သည့် အလျော်ကြေးကဲ့သို့ ထိခိုက်နစ်နာမှုကို ခံစားရသည့် ဒေသခံများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတစ်စိတ်တပိုင်းကို တာဝန်ယူဖြေရှင်းပေးသည့် အလေ့အကျင့်က အစိုးရ ကောင်းတစ်ရပ်အလား လူထုအမြင်တွင်လက်ခံစေပါသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီတွင် ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအဆင့်ဟူ၍ အဆင့်ဆင့် တာဝန်ခွဲဝေစီမံမှုရှိပါသည်။ ဗဟိုနှင့်ခရိုင်အဆင့်တွင် စနစ်တကျ တည်ဆောက်ထားသည့် အဆောက်အအုံများနှင့် အုပ်ချုပ်ရေးယန္တရားကို လည်ပတ်ဆောင်ရွက်နိုင်ကြသော်လည်း၊ မြို့နယ်အဆင့်တွင်မူ ရွေ့လျားသည့် ပုံစံဖြင့် စီမံဆောင်ရွက် ရလေ့ရှိသည်။ အချို့သောမြို့နယ်မှူးများသည် ကျောပိုးအိတ်လွယ်လျက် သက်ဆိုင်ရာကျေးရွာ နယ်မြေ၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးလျက် ရှိသည်။ ထို့ကြောင့်မြို့နယ်မှူးတစ်ဦးဆိုလျှင် ကျောပိုးအိတ်သည် ၎င်း၏ နေအိမ်၊ ရုံးခန်းကဲ့သို့ ဖြစ်နေကြောင်း ပြောဆိုခဲ့သည်။[88]

ထိုအခြေအနေများတွင် လုံခြုံမှုဘဝကို ဖော်ဆောင်ပေးနေသော အဖွဲ့အစည်း အခိုင်အမာ ရှိနေခြင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကို စီမံဆောင်ရွက်သည့်အခါ အလေးအနက်ထား စဉ်းစားရမည့် အကြောင်းတရားတစ်ခုဖြစ်သည်။

87 ၎င်း။
88 ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကရင်နီပြည်အစိုးရအဖွဲ့၊ ခရိုင်ဥက္ကဋ္ဌနှင့်တွေ့ဆုံမေးမြန်းခြင်း။ (၂၀၁၉ ခုနှစ်၊ ဖွန်လ)

## ၅၊၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တရားမျှတမှုစီရင်ရေး

*တိုင်းရင်းသားများအတွက် မိမိတို့နေရာဒေသအလိုက်သော်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှုများ၏ တန်ဖိုးထားမှုများအရသော်လည်းကောင်း တရားစီရင်ရေး ဥပဒေများတွင် တရားဝင်ဥပဒေများအဖြစ် ကိန်းအောင်းလျက် ရှိနေသည်ကို တရားမျှတစွာစီရင်ရေးအတွက် လျစ်လျူရှုထား၍မရနိုင်ပါ။*

တရားမျှတရေးစနစ်သည် ပဋိပက္ခခံစားရသော ဒေသများမှ ပြည်သူလူထု၏ အစဉ်အဆက် အဓိက တောင်းဆိုခဲ့သည့် အချက်များအတွင်းမှ အချက်တစ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် ယုံကြည်အားထားရသော၊ ထိရောက်သော၊ တစ်သမတ်တည်းဖြစ်သော တရားစီရင်ရေးကို တည်ထောင်နိုင်ခြင်းသည် ဒေသခံ ပြည်သူလူထု၏ အမြင်တွင် အာဏာပိုင်၏ တရားဝင်ဖြစ်မှုနှင့် အုပ်ချုပ်မှုအာဏာ တည်ဆောက် ရန်အတွက် အဓိကဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းသည် ထိန်းချုပ်နယ်မြေအတွင်း ဥပဒေဘောင်နှင့်အညီ ဆောင်ရွက်စီမံမှုကြောင့် တရားဥပဒေစိုးမိုးနိုင်စွမ်း ရှိလေလေ ဒေသခံလူထု၏အမြင်တွင် ထိုအဖွဲ့အစည်း၏ တရားဝင်မှုသည် အားကောင်းခိုင်မာလေလေဖြစ်သည်။ တရားစီရင်မှု တည်ဆောက်ပုံကို အောင်မြင်စွာဖန်တီးနိုင်မှုသည် ရပ်ရွာလူထုအပေါ်အဖွဲ့တစ်ဖွဲ့၏အခွင့်အာဏာကို ပို၍လေးနက်စေပြီး ဒေသခံလူထု၏ တရားမျှတမှုအတွက်အပြင် အပြန်အလှန်အားဖြင့် အဖွဲ့အစည်း၏ တရားဝင်မှုကိုပါ ဖြစ်စေသည်။ တရားမျှတမှုစီရင်ရေးဟုဆိုရာ၌ တရားသူကြီးများ၊ တရားဥပဒေများသည် အရေးကြီးသောကဏ္ဍတွင် ရှိသည်။ တရားဆုံးဖြတ်ပေးသည့် တရားသူကြီးသည် မိမိတရားစီရင်မည့် အမှုတစ်မှုအပေါ်တွင်ရှိသည့် ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ သော်လည်းကောင်း၊ ယုံကြည်တန်ဖိုးထားမှုများအရသော် လည်းကောင်း ဖွဲ့စည်းတည်ဆောက်ထားသော ၎င်းတို့အတွက် တရားဝင်သော ဥပဒေများကို နားလည် လက်ခံခြင်းမရှိဘဲ တရားဆုံးဖြတ်ပေးခြင်းသည် တရားမျှတမှု မရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တရားမျှတစွာ စီရင်ရေးသည် မိမိတို့နေရာဒေသ၊ ရိုးရာယဉ်ကျေးမှုများ၏ တန်ဖိုးထားမှုများ ကိန်းအောင်းလျက် ၎င်းတို့အတွက် တရားဝင်ဥပဒေတစ်ရပ်ကဲ့သို့ ရှိနေသည်ကို တရားမျှတစွာ စီရင်ရေးအတွက် လျစ်လျူရှုထား၍မရနိုင်ပါ။

အစိုးရ၏ တရားစီရင်ရေးသည် ဒေသခံတိုင်းရင်းသားများအတွက် အသုံးပြုရန် လက်တွေ့တွင် ခက်ခဲမှုများစွာ ရှိသည်။ အာဏာပိုင်များနှင့် ဝေးကွာခြင်းတို့သည် တရားရေးဆိုင်ရာများအတွက် အဓိက အတားအဆီးများ ဖြစ်သည်။ အထူးသဖြင့် အစိုးရထိန်းချုပ်နယ်မြေများတွင် ဖြစ်သည်။ အစိုးရတရားစီရင်ရေးစနစ်ကို အသုံးပြုရာတွင် ကုန်ကျစရိတ် မြင့်မားခြင်းအပြင် အမှုကိစ္စများကို ရှင်းပြရာတွင် အထူးသဖြင့် ဘာသာစကား အခက်အခဲရှိခြင်းနှင့် အစိုးရတရား စီရင်ရေးစနစ်တွင် ဗမာအများဆုံး ပါဝင်နေကာ အစိုးရစနစ်ကို ယုံနိုင်စရာမရှိသည့် ဖိနှိပ်ချုပ်ချယ်သည့် စနစ်အဖြစ် ရှုမြင်နေကြဆဲ ဖြစ်သည်။[89]

KNU တရားရေးစနစ်တွင် ကျေးရွာနှင့် ကျေးရွာအုပ်စု ခေါင်းဆောင်များအား လိုအပ်သည့် ရှေ့ဆက် ဆောင်ရွက်ရမည့် အသေးစိတ်လမ်းညွှန်မှုများထားရှိပြီး မည်သည့် အာဏာရှိပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းတို့နှင့် အဆင့်ဆင့်အလွှာလိုက် ချိတ်ဆက်လုပ်ဆောင်သွားရမည်ကို တိတိကျကျ ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ဒေသခေါင်းဆောင်များအား အမှုကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်းရမည့် အဆင့်များကို ရေးဆွဲပေးထားသည်။ တရားစီရင်ရေးအား ပြစ်မှု၏ အမျိုးအစား၊ အတိုင်းအတာ အခြေအနေ အပေါ်မူတည်၍ မည်သည့်အဆင့် တရားစီရင်ရေး (ဥပမာ- မြို့နယ်၊ ခရိုင်နှင့် တရားရုံးချုပ်)သည် မည်မျှအမြင့်ဆုံး တရားစီရင်ရေးအာဏာရှိသည် ဆိုသည်ကို ပြဋ္ဌာန်းထားပါသည်။[90]

နိုင်ငံရေးအခြေအနေ အမျိုးမျိုးပြောင်းလဲမှုများ ရှိနေသော်လည်း တရားမျှတမှုကိုပေးစွမ်းနိုင်သော တရားရေးစနစ်ကိုသာလျှင် ဒေသခံတိုင်းရင်းသားလူထုက ဆက်လက်အားကိုးမှီခိုနေဦး မည်ဖြစ်သည်။ ထို့ကြောင့် ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ခိုင်မာသော ဆက်ဆံရေးများ ရှိနေသည့်အပြင် အပြန်အလှန် ယုံကြည် အားထားမှုဖြင့် ရေရှည်တည်တံ့အောင်လည်း ထိန်းသိမ်းနိုင်ခဲ့သည်။ အထူးသဖြင့် မည်သည့် နိုင်ငံရေးဝါဒ လက်ကိုင်ထားသည်ဖြစ်စေ ဒေသခံတိုင်းရင်းသားများ၏ လုံခြုံရေးနှင့် လူမှု စီးပွားရေးတို့ကို အာမခံပေးနိုင်သရွေ့ လက်နက်ကိုင်အဖွဲ့အစည်းသည် တည်မြဲနေမည်ဖြစ်သည်။ ဤကဲ့သို့ သူ့ဘက်ကိုယ့်ဘက်ရှိနေသော အဖွဲ့အစည်းများကို လုံခြုံရေးကဏ္ဍ ပေါင်း စည်းမှုများ အတွက်အခက်အခဲနှင့် ဒေသခံပြည်သူများ၏ အားကိုးမှီခိုမှုရှိနေသော လက်နက်ကိုင် အဖွဲ့အစည်း များအတွက် အနာဂတ်ပြုပြင်ပြောင်းလဲမည့် လုံခြုံရေးကဏ္ဍတွင် အစိုးရမှ

89 ဘရိုင်ယန်မက်ကာတန်နှင့် ကင်မ်ဂျိုလိမ်၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ တရားစီရင်ရေး စနစ်များ၊ စာ-၅၃။

90 SAFERWORLD - ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် ၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသမှ လုံခြုံရေး၊ တရားမျှတရေး၊ အုပ်ချုပ်ရေး၊ စာ ၉၀။

ကိုယ်စား လုပ်ဆောင်ပေးနိုင်ခြင်း မရှိသည့်အခြေအနေတွင် ဒေသခံ တိုင်းရင်းသားများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအတွက် စိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်။

## ၅၊၄။ သီးခြားစနစ်၊ သီးခြားအုပ်ချုပ်မှုဖြင့် ဒေသခံတိုင်းရင်းသားများအတွက် လုံခြုံမှု၊ တရားမျှတမှု အပြည့်အဝရှိခြင်း

*တိုင်းရင်းသားလက်နက်ကိုင် အုပ်ချုပ်စိုးမိုးရာဒေသတွင် လက်နက်ကိုင် အဖွဲ့အစည်းထက်ကို ကျော်လွန်ပြီး အစိုးရအဖွဲ့အစည်းတစ်ရပ်အဖြစ် ဒေသခံလူထုနှင့်အတူ တစ်သားတည်းဖြစ်လျက်*
*လူမှုဘဝလုံခြုံမှုနှင့် တရားမျှတမှုတို့ကို ရှေးရှုပြီး အုပ်ချုပ်မှုယန္တရား လည်ပတ်နေသည်မှာ ဆယ်စုနှစ်သုံးစု ကျော်လွန်ရှိနေသည်။*




ပုံ-၂ မိုင်းလားအထူးဒေသ (၄) နှစ် ၃၀ ပြည့်အခမ်းအနားတွင် စစ်ရေးပြနေသည့် စစ်သမီးများ

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်သော အမျိုးသားဒီမိုကရေစီမဟာမိတ်တပ် (NDAA) ထိန်းချုပ်ရာ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ အထူးဒေသ (၄) သည် သီးခြားစနစ်၊ သီးခြားအုပ်ချုပ်မှုများဖြင့် ဒေသခံပြည်သူလူထုအား လူမှုဘဝလုံခြုံမှု၊ တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ပေးအပ်ကာ ပြည်သူ လူထု ထောက်ခံမှုဖြင့် ယနေ့ ထိတိုင် ရပ်တည်နေသည်။

အမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ် (NDAA) အဖွဲ့၏ နယ်မြေမှာ ကိုယ်ပိုင်အုပ်ချုပ်သော ရှမ်းပြည်နယ် အထူးဒေသ (၄) မိုင်းလားမြို့ အပါအဝင် ဆီလူးနှင့် နမ့်ပန်းဒေသတို့ ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့သည် "စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ" အဖြစ် လုပ်ငန်း အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် "ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ" အဖြစ် အမည်ပြောင်းလဲ ခေါ်ဆိုခဲ့သည်။

NDAA ထိန်းချုပ်နယ်မြေ မိုင်းလားအထူးဒေသ (၄) တွင် ဒေသခံပြည်သူလူထုများအတွက် လုံခြုံမှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ခြင်း ဆောင်ရွက်ခြင်း လမ်းစဉ်အခြေခံမှုများ၊ ပေါ်လစီများ သည် နိုင်ငံတော်နှင့် ဒေသအတွင်းရှိ တိုင်းရင်းသား ပြည်သူလူထုများအတွက် သဟဇာတဖြစ်စေပြီး အခြေခံ အကျိုးသက်ရောက်မှုများ ရှိခဲ့သည်။ ဒေသအတွင်းရှိ ပြည်သူ လူထုအားလုံး၏ ခိုင်မာသော ထောက်ခံ အားပေးမှုကို ရရှိထားသည်။

အထူးသဖြင့် ရှမ်းပြည်နယ် အထူးဒေသ (၄) မြေပထဝီအနေအထားသည် ရွှေတြိဂံဒေသနှင့် ထိစပ်လျက်ရှိသည်။ ရွှေတြိဂံဒေသသည် မိုးများ၍ ရာသီဥတုသင့်လျော်ပြီး ပင်လယ်ရေမျက်နှာပြင် အထက် မီတာ (၁၀၀၀) ကျော်တွင် တည်ရှိသောကြောင့် ဘိန်းစိုက်ပျိုးရန်ကောင်းသော ဒေသဖြစ်သည်။ ထို့ကြောင့် ၁၉၉၇ ခုနှစ် မတိုင်မီအထိ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး အမည်ပျက် စာရင်းတွင် ရှိခဲ့သည်။ သို့သော် ၁၉၉၂ ခုနှစ်တွင် "မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (၆) နှစ်တာ စီမံကိန်း"ကို လုပ်ဆောင်ခဲ့ပြီး ၁၉၉၇ ခုနှစ် ဧပြီလ (၂၂) ရက်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်သည့်ဒေသအဖြစ် စာမျက်နှာအသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့သည်။ ရှမ်းပြည်နယ် အထူးဒေသ (၄) ဘိန်းပပျောက်ရေး အထိမ်းအမှတ် ပြတိုက်ကိုလည်း နိုင်ငံတော်ခေါင်းဆောင်ကြီး များကိုယ်တိုင် မိုင်းလားမြို့သို့လာ၍ အထိမ်းအမှတ်ပြတိုက်အား ဖဲကြိုးဖြတ် ဖွင့်လှစ်နိုင်ခဲ့သည်။ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုစီမံကိန်းအတွက် ဒေသခေါင်းဆောင်များတရုတ်နိုင်ငံသို့အကြိမ်ကြိမ် သွားရောက်၍ လက်တွေ့စူးစမ်း လေ့လာခဲ့ပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ပေး လျက်ရှိသည်။ ယခုဆိုလျှင် ဘိန်းစိုက်ပျိုးခြင်း လုံးဝကင်းစင်နေပြီဟု ပြောနိုင်ပြီဖြစ်သည်။

ရှမ်းပြည်နယ် အရှေ့ပိုင်း အထူးဒေသ (၄) တွင် ပညာရေးလုပ်ငန်းကဏ္ဍအဖြစ် မူလတန်း၊ အလယ် တန်း၊ အထက်တန်းကျောင်း စုစုပေါင်း (၅၂) ကျောင်းရှိပြီး ဆရာ၊ ဆရာမစုစုပေါင်း (၇၀၀) ဦး ကျော်နှင့် ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၂၀၀၀) ဦးခန့် ပညာသင်ကြားလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးသည့် စာသင်ကျောင်း (၉) ကျောင်းရှိပြီး နိုင်ငံတော်အစိုးရမှ ကျောင်းဆရာ၊ ဆရာမများ စေလွှတ်ပေးခဲ့သည်။ ကျောင်းများတွင် ဒေသအခြေအနေအရ တရုတ်သင်ရိုးညွှန်းတမ်းအပြင် တရုတ်စာကို အထူးသင်ရသည်။ မိမိတို့ ဒေသသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြသည့် အခြေအနေအရ တိုင်းရင်းသားစာသင်ကျောင်းများ ထပ်မံတည်ဆောက်ပြီး တိုင်းရင်းသား ဘာသာမျိုးစုံလည်း သင်ကြားပေးလျက်ရှိသည်။

*"ကျောင်းတွေမှာ အစိုးရထောက်ပံ့တယ်။ အစိုးရဆိုတာ မိုင်းလားအစိုးရကို ပြောတာပေါ့။ ရုံးသုံးစာကျတော့ မြန်မာနဲ့ တရုတ်၊ မြန်မာစာတတ်တဲ့သူတွေက မြန်မာ။ တရုတ်စာတတ်တဲ့သူတွေ တရုတ်နဲ့။ ဒါပေမယ့် အားလုံး စကားပြန်တယ်။ ကျနော်တို့ဆီမှာ ရှမ်းစကားနဲ့ပြောမယ်။ တရုတ်စကားနဲ့ပြောရင် အာခါနဲ့ပြန်မယ်။ ရှမ်းလို့ပြန်မယ်။ တရုတ်လို့ပြောရင်တော့ ရှမ်း၊ အာခါပြန်မယ်။ ရှမ်းစကားပြောရင်တော့ အားလုံးသိပြီလေ။"*[91] ဟု NNDA အဖွဲ့ဝင် တစ်ဦးကဆိုသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)တွင် နိုင်ငံရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးအတွက် တရုတ်စကားသည် ဒုတိယ ဘာသာစကား ဖြစ်လာသည်။ ထို့အပြင် တရုတ်ငွေကြေးကို သုံးကြသည်။ အစောပိုင်းက မြန်မာငွေကြေး သုံးသော်လည်း မြန်မာငွေကြေးဖောင်းပွမှုဒဏ်ကြောင့် အလိုအလျောက် ခိုင်မာသည့် တရုတ်ငွေကြေးကို ပြောင်းလဲသုံးစွဲ ကြသည်။[92]

လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့ထိန်းချုပ်နယ်မြေတွင် ဒေသခံတိုင်းရင်းသားများအပေါ် ပွင့်လင်း မြင်သာမှုရှိခြင်းသည် အထူးသဖြင့် အခွန်စနစ်၊ တရားစီရင်ရေးနှင့် ဥပဒေစိုးမိုးရေးတို့တွင် ရှိသည်ကိုတွေ့ရသည်။ ရှမ်းပြည်နယ်အထူးဒေသ (၄) ၏ လက်နက်ကိုင်အဖွဲ့ NDAA ၏ တရားဥပဒေ စိုးမိုးမှုသည် ဒေသခံပြည်သူလူထုအတွက် ခိုင်မာသော ဥပဒေတစ်ခု ဖြစ်စေသည်။ NDAA သည် နှစ် (၃၀) အတွင်း တရားဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ သတ်မှတ်ကာ ပညာပေး လုပ်ငန်းကို တွယ်ကျယ်စွာ စဉ်ဆက်မပြတ် သင်ကြားပို့ချခြင်းကြောင့် ပြည်သူများနှင့် တရားဥပဒေ စနစ်အား အခြေခိုင်မာအောင် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ တရားရေးရာကော်မတီ၊ ဌာန (၃) ခု နှင့် ခုံရုံး (၁) ရုံးတို့သည် ဒေသအတွင်း လုံခြုံရေးနှင့် အခြားသော ရာဇဝတ်ပြစ်မှု ကျူးလွန်သူများ တိုက်ဖျက်နှိမ်နင်းရေး တို့ကို တာဝန်ယူထမ်းဆောင်လျက်ရှိသည်။ ဥပဒေချိုးဖောက်၍ ပြစ်မှုကျူးလွန် သူများကိုလည်း ဥပဒေအရ ပြတ်သားစွာနှိမ်နင်းခဲ့ပြီး ဒေသ တည်ငြိမ်လုံခြုံရေးကို စနစ်တကျ ဆောင် ရွက်လျက်ရှိသည်။

91 မိုင်းလားအဖွဲ့၊ နမ့်ပန်းဒေသအုပ်ချုပ်ရေးမှူးတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း။ (၂၀၁၉ ခုနှစ်၊ ဖွန်လ)
92 မောင်မောင်စိုး၊ တိုင်းရင်းသားလက်နက်ကိုင်များအကြောင်း တစေ့တစောင်း၊ စာ ၁၇၈။

*"အခွန်ဦးစီးဌာနကျတော့ လမ်းဘေး အခွန်တွေပါ။ နိုင်ငံခြားက အခွန်တွေပါ။ ကျနော်တို့ ဒေသခံအခွန် တွေကိုတော့ မကောက်ပါဘူး။ ဒေသကိုအပြင်ကနေ လာရောင်းရင်တော့ အခွန်နည်းနည်းပါးပါးတော့ ရှိတာပေ့ါ။ လမ်းကြေး၊ တံတားကြေးတို့တော့ ဒါတွေကိုတော့ နည်းနည်းပါးပါး ကောက်တာပေ့ါ။ ကျနော်တို့ ဒေသခံလူထုတော့ မဟုတ်ဘူး။ အပြင်က လူပါ။ တရုတ်၊ လာအို၊ ဗမာပြည် ဒီအနားက လူတွေက စုံပါတယ်။ အများဆုံးက တရုတ်ပဲပေ့ါ။ တရုတ်နဲ့နီးတာကိုး။* [93] " ဟု NNDA အဖွဲ့ဝင်တစ်ဦး က ပြောသည်။ NDDA ထိန်းချုပ်ရာဒေသ မိုင်းလားအထူးဒေသ (၄) တွင် တရားမျှတသော ပွင့်လင်းမြင်သာသော အခွန်စနစ်အား ဒေသခံများအတွက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပင်စင်ခံစားခွင့်လည်း အဖွဲ့အစည်းတွင်ရှိသည်။

"ပင်စင်ကျတော့ အစိုးရကထောက်ပံ့တယ်။ အစိုးရဆိုတာ မိုင်းလားအစိုးရကိုပြောတာ။ ဒေသခံတစ်ယောက် အနေနဲ့ ပညာအရည်အချင်းရှိတယ်။ ကျန်းမာရေးလည်း ကောင်းတယ်။ သူ့အိမ်တွင်းကိစ္စ လည်း ခက်ခဲမှုမရှိဘူး ဆိုရင်တော့ ကိုယ်လုပ်နိုင်သလောက်ပေ့ါ။ ကိုယ်ကမလုပ်နိုင်ဘူး။ ရောဂါရှိတယ်။ အိမ် အခက်အခဲရှိတယ်။ ဒါတွေကို တင်ပြရင် ကျနော်တို့အပိုင်းမှာတော့ ဒေသအုပ်ချုပ်ရေးပေ့ါ။ မိုင်းလားမှာ တစ်လတစ်ကြိမ် သွားထုတ်တယ်။ သူ့ရာထူး၊ သူ့လစာအတိုင်းပေ့ါ။ ကျနော်တို့ အဖွဲ့အစည်းက အုပ်ချုပ်ရေးမှူးရှိတယ်လေ။ စာရင်းနဲ့ အားလုံးပြုစုပြီးတော့ အားလုံးကို မိုင်းလားကို သွားထုတ်တာပေ့ါ။" ဟု NNDA အဖွဲ့ဝင်တစ်ဦးကပြောသည်။ ဤလုပ်ဆောင်ချက်များသည် ဒေသခံ တိုင်းရင်းသားများအတွက် အနာဂတ် လူမှုဘဝလုံခြုံရေးကို ဆောင်ရွက်ပေးနေခြင်းဖြစ်ရာ အဖွဲ့အစည်း နှင့် ဒေသခံများ တသားတည်း အပြန်အလှန်မှီခိုနေသည်ကို တွေ့ရသည်။




ပုံ-၃ မိုင်းလားအထူးဒေသ (၄) ကားလိုင်စင်နံ့ပါတ်ပြား/ Special Region 4- SR4

93 မိုင်းလားအဖွဲ့၊ နမ့်ပန်းဒေသအုပ်ချုပ်ရေးမှူးတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း။ (၂၀၁၉ ခုနှစ်၊ ဇွန်လ)

*"တရားရေးဌာနက အဲဒီမှာ ရဲဌာနနဲ့ တွဲထားတယ်။ ရဲနဲ့တူတူ ပေါင်းစပ်ထားတာပေ့ါ။ ဌာနအလိုက် အဖွဲ့လိုက် ခွဲပြီးတော့ အဖွဲ့ပေါင်းစုံ အဲဒီမှာရှိတယ်။ အပြင်ပိုင်းလုံခြုံရေး၊ အတွင်းပိုင်းလုံခြုံရေး၊ ရဲဌာန၊ မူးယစ်ဆေးဝါးပဲဖြစ်ဖြစ်၊ လမ်းဘေးအန္တရာယ်ပဲဖြစ်ဖြစ်၊ အရက်သောက်မူးတာပဲဖြစ်ဖြစ်၊ အဲဒါ ခွဲဝေပြီးတော့ ကားလိုင်စင်ပဲဖြစ်ဖြစ်၊ အားလုံးခွဲဝေပြီးတော့ လုပ်ကြပါတယ်။ ဒါက ရဲဌာနမှာ တာဝန်ရှိတာပေ့ါ။"*[94] ဟု NNDA အဖွဲ့ဝင်တစ်ဦးကပြောသည်။ ထို့အပြင် ဒေသတစ်ခုလုံးရှိ ပြည်သူလူထုများအတွက် နေ့စဉ်သတင်းများ လက်လှမ်းမီရရှိနိုင်ရန် အထူးဒေသ (၄) သတင်းကွန်ရက်၊ မိုင်းလား ရုပ်မြင်သံကြားနှင့် ရှမ်းအရှေ့အထူးဒေသ (၄) သတင်းဂျာနယ်တို့ဖြင့် ပြည်သူလူထုအတွက် ဖြန့်ဝေလျက်ရှိသည်။ ယခုအခါ မိုင်းလား FM ကိုလည်း ဒေသတစ်ခုလုံးတွင် ဖမ်းယူနားဆင်နိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် အရှေ့ပိုင်း၊ အထူးဒေသ (၄) တွင် ရှမ်းရှေ့အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့ အမည်ဖြင့် စစ်သင်တန်းကျောင်းတစ်ကျောင်းရှိသည်။ "ပြည်သူလူထုသည် ငြိမ်းချမ်းရေး၏ ကျောထောက်နောက်ခံဖြစ်သည်။ ပြည်သူနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို ကာကွယ်စောင့်ထိန်းမည်" ဟူသည့် ကြွေးကြော်မှုနှင့်အတူ ဒေသခံပြည်သူလူထုအတွက် အားကောင်းသော လုံခြုံရေးစစ်တပ်သည် ရှမ်းအရှေ့အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့ စစ်သင်တန်းကျောင်းမှ မွေးထုတ်ပေးလျက်ရှိသည်။ ထိုအပြင် အလှည့်ကျ စစ်မှုထမ်းစနစ်ကို ကျင့်သုံးလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏စိုးမိုးရာဒေသတွင် လက်နက်ကိုင်အဖွဲ့အစည်းထက်ကို ကျော်လွန်ပြီး အစိုးရအဖွဲ့အစည်းတစ်ရပ်အဖြစ် ဒေသခံ လူထုနှင့် အတူ တစ်သားတည်းဖြစ်လျက် လူမှုဘဝလုံခြုံမှုနှင့် တရားမျှတမှုတို့ကို ရှေးရှုကာ အုပ်ချုပ်မှုယန္တရားလည်ပတ်နေသည်မှာ ဆယ်စုနှစ်သုံးစု ကျော်လွန်သွားပြီကို မိုင်းလားအထူးဒေသ (၄) နှင့် "ဝ" အထူးဒေသ (၂) တို့က ခိုင်မာသည့် သက်သေများပင်ဖြစ်သည်။ ထို့ကြောင့် လုံခြုံရေးကဏ္ဍပြုပြင် ပြောင်းလဲရေးတွင် နိုင်ငံရေးသဘောတူညီချက် ရရှိနိုင်မှုအခက်အခဲနှင့် လက်နက်ကိုင်လမ်းစဉ် ပြောင်းလဲရေး သက်သက်မဟုတ်ဘဲ ထိုဒေသများရှိ နိုင်ငံရေးစနစ်နှင့် အုပ်ချုပ်ရေးစနစ်တို့ကိုပါ ချိန်ညှိပြောင်းလဲနိုင်ရန်အထိ စဉ်းစားရန်လိုအပ်သကဲ့သို့ ၎င်းဒေသတွင်ရှိသော ဒေသခံများသည် မိမိတို့၏ လူမှုဘဝလုံခြုံရေး၊ တရားမျှတမှုတို့ကို အစိုးရကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ အခိုင်အမာအပြည့်အဝ ရရှိနေခြင်း၊ အပြန်အလှန်

94 မိုင်းလားအဖွဲ့၊ နမ့်ပန်းဒေသအုပ်ချုပ်ရေးမှူးတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း။ (၂၀၁၉ ခုနှစ်၊ ဇွန်လ)

မှီခိုမှုရှိခြင်းတို့သည် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းရေး၏ ပေါင်းစည်းမှုလုပ်ငန်းများအတွက် ဤဖြစ်တည်နေမှုများကိုလည်း အလေးအနက်ထား စဉ်းစားလုပ်ဆောင်ရမည့် အချက်များပင် ဖြစ်သည်။

## ၅၊၅။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ပညာရေးစနစ်

*တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပညာရေးစနစ်တွင် သက်ဆိုင်ရာလူမျိုးစု၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ၎င်းတို့၏ပညာရေးစနစ်တွင် ဘာသာစကား၊ စာပေဆိုင်ရာတန်ဖိုး၊ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုး၊ သမိုင်းဆိုင်ရာတန်ဖိုးများ ကိန်းအောင်းနေသည်။*




ပုံ-၄ မိုင်းလားအထူးဒေသ (၄) နမ့်ပန်းဒေသရှိ ကျောင်းတစ်ကျောင်း

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်စပ်နေသည့် ပညာရေးစနစ်သည် မြန်မာနိုင်ငံအနာဂတ် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာတွင် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (organizational change) လုပ်ငန်းစဉ်များအတွက် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်နေသည်။ လူတစ်ဦးတစ်ယောက်ချင်းစီအပေါ် ယင်းတို့၏ စဉ်းစားမှု၊ တွေးခေါ်မှု၊ တန်ဖိုးထားမှုနှင့် နားလည်မှုတို့သည် ပညာရေးဟူသောအရာက လုပ်ဆောင်ပေးနိုင်သောကြောင့်ဖြစ် သည်။ သင်ကြားပို့ချနေသော ပညာရေးသည် လူသားတို့၏ ဘဝခရီးစဉ်အတွက် ကြီးမားသော တည်ဆောက်မှုနှင့် လမ်းညွှန်မှုကိုပေးသည်။[95] မြန်မာနိုင်ငံတွင် ပညာရေး စနစ်သည် အစိုးရပညာရေးစနစ် နှင့် အစိုးရမဟုတ်သော (လက်နက်ကိုင်အဖွဲ့အစည်းများ၏) ပညာရေးစနစ်ဟူ၍နှစ်မျိုးတွေ့နိုင် သည်။ အစိုးရမဟုတ်သော (လက်နက်ကိုင်အဖွဲ့အစည်းများ၏) ပညာရေးစနစ်သည်လည်း အစိုးရကဲ့သို့ခိုင်မာစွာရပ်တည်လျက် တည်ဆောက်ထားသည်ကိုလည်း တွေ့ရသည်။ အထူးသဖြင့် KNU အဖွဲ့၏ ပညာရေးစနစ်သည် ၎င်းတို့၏ သင်ရိုး ညွှန်းတမ်းဖြင့် ပညာရေးစနစ်တစ်ခုကို ပြည်တွင်းစစ် နှစ် (၇၀) ကျော်အတွင်း နိုင်ငံတော်အစိုးရနှင့် သီးခြားစနစ် အနေဖြင့် အခိုင်အမာ ရပ်တည်လျက် တည်ဆောက်ထားသည်။ ထို့အတူ အခြားတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများသည်လည်း KNU အဖွဲ့ကဲ့သို့ ပညာရေးစနစ်ကို ခိုင်မာစွာတည်ဆောက်ထားကြသည်။ ထည့်သွင်း စဉ်းစားရမည်မှာ EAOs ပညာရေးစနစ်တွင် ကြီးပြင်းလာသောသူနှင့် အစိုးရစနစ်တွင် ပညာသင်ယူခဲ့သောသူတို့သည် နိုင်ငံရေးဆိုင်ရာခံယူချက်နှင့် သမိုင်းအမြင်များတို့တွင် တူညီမှု ရှိနိုင်မည်မဟုတ်ပေ။

*"KNU မှာ ကရင်သမိုင်းကို လေးတန်းကစပြီး KNU ၏ သင်ရိုးညွှန်းတမ်းနဲ့ သင်နေတယ်။ ကျနော် အကြိုက်ဆုံးက သမိုင်းဘာသာရပ်ဘဲ။ KNU ၏ သင်ရိုးညွှန်းတမ်းနဲ့ သင်တဲ့ကျောင်းက ခရိုင် (၇) ခု စလုံးမှာရှိတယ်၊ အစိုးရဟာလည်း သင်တယ်။ ပြောချင်တာက Mix-school လည်းရှိတယ်။"*[96] ဟု KNU အဖွဲ့မှ ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးမှူးတစ်ဦးက ရှင်းပြသည်။ KNU အဖွဲ့နှင့် အလားတူပင် KIO ထိန်းချုပ်ရာ နယ်မြေတွင် ဖက်ဒရယ်ဥပဒေအကယ်ဒမီ (Federal Law Academy)၊ Pre-college, မိုင်ဂျာယန်ကော်လိပ် အစရှိသည့် ကျောင်းကိုလည်း မိုင်ဂျာယန်မြို့တွင် ဖွင့်လှစ်ထားသည်။

95 The Scots Collage (Sydney Australia), Educational philosophy: what is it all about?

96 ကရင်အမျိုးသားအစည်းအရုံးအဖွဲ့၊ ပညာရေးဌာနတွင် စီမံခန့်ခွဲရေးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း။ (၂၀၁၉ ခုနှစ်၊ မေလ)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ပညာရေးဌာနသည် အခြေခံ ပညာကျောင်း (၄၆၀)၊ အလယ်တန်းကျောင်း (၃၃) ကျောင်းနှင့် အထက်တန်းကျောင်း (၁၂) ကျောင်းတို့ကို စုစုပေါင်း ဆရာ၊ ဆရာမ (၁၆၇၇) ဦး ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိသည်။ အစိုးရ ပညာရေးဝန်ကြီးဌာနက ကျောင်းပေါင်း (၃၈၈) ကျောင်းကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။[97] လက်နက်ကိုင်အဖွဲ့အစည်းများ၏ ပညာရေးဌာန အများစုသည် သီးခြားလွတ်လပ်သော ပညာရေးစနစ်များကို ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းလျက် ဆောင်ရွက်နေကြသည်။ မွန်လက်နက်ကိုင်အဖွဲ့အစည်း ဦးဆောင်မှု၏ ပညာရေးသည်လည်း မွန်အမျိုးသားကျောင်းမှ တဆင့် ကျောင်းသားပေါင်း ၁၃၀၀၀ ကျော်ကို ပညာသင်ပေးနေသည်။ မွန်အမျိုးသား ပညာရေးတွင် အခြေခံပညာကျောင်း (၁၂၇) ကျောင်း၊ အလယ်တန်းကျောင်း (၁၂) ကျောင်းနှင့် အထက်တန်းကျောင်း (၃) ကျောင်း ရှိကာ ကျောင်းဆရာပေါင်း (၈၀၀) ကျော်ကို ခန့်ထားဆောင်ရွက်လျက်ရှိသည်။ ယင်းကျောင်းများ၏ တဝက်ကျော်မှာ မြန်မာအစိုးရက တိုက်ရိုက်အုပ်ချုပ်သောဒေသများတွင်ရှိသည်။[98] မွန်ပြည်သစ်ပါတီ၏ မွန်အမျိုးသားပညာရေး စနစ်သည် အခြေခံအုတ်မြစ်ကောင်းကောင်းချကာ ဖွဲ့စည်းတည်ထောင် အကောင်အထည်ဖော်ထုတ်နေသည်ကို တွေ့ရသည်။

*"ကျောင်းမှာ ဗမာနာမည် မှည့်ပေးတယ်။ ဒီကျောင်းမှာ ဝင်ရင် ဗမာစကားပဲ ပြောရတယ်။ ကျနော်အတွက် ဗမာဆိုတာ ကြားလည်း မကြားဖူးဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ ဗမာစကားလည်း မပြောတတ်ဘူး။ တိုင်းရင်းသား စကားပြောရင် ဒဏ်ငွေ (ငါးပြား) ရိုက်၊ ဒါက မတူတဲ့ တိုင်းရင်းသားတွေထဲ နေရ တဲ့ အတွေ့အကြုံပေါ့။"* ဟု ကရင်နီပြည်အစိုးရအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူက ပြောသည်။ အစိုးရ၏ ပညာရေးစနစ်အောက်ကြီးပြင်းလာပြီး ၎င်း၏ ဖခင်ဖြစ်သူမှာ ကရင်နီတိုးတက်ရေးပါတီဝင် ရဲဘော်တစ်ဦးလည်းဖြစ်သည်။ ပညာရေးစနစ် နှစ်ရပ်ကြားတွင် ကြီးပြင်းလာသည့် တော်လှန်ရေး သမားတစ်ဦးဖြစ်သည်ဟု သတ်မှတ်နိုင်သည်။

"၁၉၇၀ခုနှစ်မှာ မွေးတယ်။ တပ်မဟာ (၃) ညောင်လေးပင်မှာ မွေးတယ်။ ကျောင်းကတော့ ဟိုပြောင်း ဒီပြောင်း တက်တော့တက်ရပေမယ့်၊ စစ်ရှောင်နေလို့ တောထဲမှာပဲ တော်လှန်ရေးက ဆရာမတွေက သင်ပေးတယ်။ ကရင်၊ ဗမာ၊ အင်္ဂလိပ် တွေသင်ရတယ်။ ကော်သူလေး ကျောင်းမှာ ဆယ်တန်းအောင်တယ်"ဟု KNU အရပ်ဘက်အုပ်ချုပ်ရေးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

97 ကင်မ်ဂျိုလီဗ်၊ မြန်မာနိုင်ငံအတွင်း သဘောကွဲလွဲမှုဖြစ်ပွားရာ ဒေသများရှိ တိုင်းရင်းသားပဋိပက္ခများနှင့် အခြေခံလူမှု ဝန်ဆောင်မှုများ၊ စာ၂၅။

98 ယင်း စာ၄၁။

ထိုအရာရှိသည် ကရင်လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း၏ ပညာရေးစနစ်တစ်ခုတည်းဖြင့် ကြီးပြင်းလာသူဖြစ်သည်။

*"ကရင်နီပြည်နယ် သံလွင့်အရှေ့ဘက်ခြမ်း ရွာလေးတစ်ရွာမှာမွေးတယ်။ KNPP မှာပဲကျောင်းပြီးတယ်။ မိဘတွေလည်း တော်လှန်ရေးသမားတွေပဲ။ ၂၀၀၀ ပြည့်နှစ်ကျောင်းပြီးပြီ ပညာရေးဌာနမှာကျောင်းဆရာ လုပ်တယ်။ KNPP post ten ပြီးတော့ ကရင်နီကျောင်းမှာ ကျောင်းဆရာ အလုပ်လုပ်တယ်။"* ဟု ကရင်နီပြည် အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးဖြစ်သူ ပြောသည်။

မတူညီသည့်ပညာရေးစနစ်တစ်ခုမှ ပညာသင်ကြားလာရသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင် များအတွက် ပြင်ပအဖွဲ့အစည်း၊ ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံသည့်အခါ အခြားသော ပညာရေး စနစ်ဖြင့် ကြီးပြင်းလာသည့် ပုဂ္ဂိုလ်များနှင့် အမြင်၊ ဓလေ့ချင်းတူညီရန်ခက်ခဲနိုင်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပညာရေးစနစ်တွင် သက်ဆိုင်ရာလူမျိုးစု၏ ဘာသာ စကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ၎င်း တို့၏ ပညာရေး စနစ်တွင် ဘာသာစကား၊ စာပေဆိုင်ရာတန်ဖိုး၊ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုး၊ သမိုင်းဆိုင်ရာတန်ဖိုးများ ကိန်းအောင်းနေသည်ကို တွေ့ရှိရပါသည်။

“ လက်နက်ကိုင်အဖွဲ့အစည်းများပြုပြင်ပြောင်းလဲမှုဆိုရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ သာမက နိုင်ငံတော်အစိုးရနှင့် မြန်မာ့တပ်မတော်တို့သည် လည်း လိုက်လျောညီထွေစွာပြုပြင်ပြောင်းလဲရန် လိုအပ်သည်။


*Credit to Sai Tun Aung Lwin*



# အခန်း (၆)

# သုံးသပ်ချက်

တာဝန်

အာမခံချက်

လောကအမြင်

# အခန်း (၆)
# သုံးသပ်ချက်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ၏ လောကအမြင်သည် ဗမာပြည်မရှိလူ့အဖွဲ့အစည်း၏ လောကအမြင်နှင့် ထပ်တူကျမှုမရှိသကဲ့သို့ လက်နက်ကိုင်အဖွဲ့အစည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့သည်လည်း လောကအမြင်ပိုင်းတွင် တထပ်တည်းမကျနိုင်ပေ။ တစ်ဖွဲ့ချင်းစီ၏ထူးခြားသည့်ဝိသေသများကြောင့် ကွဲပြားခြားနားမှုသည် တစ်ဖွဲ့ချင်းတိုင်းတွင် ရှိကြသည်ကိုတွေ့ရပါသည်။ သို့သော် လက်နက်ကိုင်အဖွဲ့အစည်းတိုင်းလိုလိုတွင် တူညီတတ်ကြသည့် လောကအမြင်လည်း ရှိနေပြန်ပါသည်။

လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဝင်များတွင် စူးစူးနစ်နစ်စွဲထင်နေပြီး ဖမ်းဆုပ်သက်သေပြရန် ခက်ခဲသည့် အရှိတရားများစွာအနက် မိမိတို့သက်ဆိုင်ရာဒေသတွင် အုပ်စိုးနေသည့် အစိုးရတစ်ရပ်တည်ရှိနေသည်၊ ထိုအစိုးရတစ်ရပ်၏ လမ်းညွှန်မှုအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့တစ်ရပ်တည်ရှိနေသည်ဟု လက်ခံထားခြင်း ဖြစ်သည်။

အစိုးရနှင့်လက်နက်ကိုင် တပ်ဖွဲ့ရှိသည့်အပြင် နယ်မြေပိုင်စိုးမှုကလည်းရှိသည်၊ တရားနည်းလမ်းကျမှုနှင့် အမျိုးသားရေးဆိုင်ရာ စရိုက်လက္ခဏာများလည်းရှိသည်။ တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့ဝင်များ၏ ပုဂ္ဂလိက လောကအမြင်တွင် လူမျိုးတစ်မျိုးဖြစ်တည်မှု၊ ဒေသခံဖြစ်တည်မှု တို့တွင် သက်ဆိုင်ရာ လက်နက်ကိုင် တပ်ဖွဲ့နှင့်တစ်သားတည်း ဖြစ်တည်မှုသည် အရေးပါလှသည်ကို တွေ့ရသည်။ တိုင်းရင်းသား လူမျိုးတစ်မျိုး၏ ဖြစ်တည်မှုသည် ၎င်းတို့၏ လူမျိုးကို ကိုယ်စားပြုသည့် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းတို့အကြား အညမညဆက်စပ်မှု ရှိနေသည့်အတွက် လက်နက်ကိုင်အဖွဲ့အစည်းသည် ၎င်းတို့အတွက် Sense of belongings ဖြစ်နေတတ်ပါသည်။

လက်နက်ကိုင်တပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခြင်းသည် တိုင်းရင်းသားလူမျိုးစုတို့အတွက် ဝေးကွာ သည့်အရာမဟုတ်ပေ။ နီးကပ်ပြီး ဘဝလူနေမှုပုံစံတစ်ရပ်ကဲ့သို့ဖြစ်နေသည့် ဓလေ့ တစ်ရပ်ကဲ့သို့ဖြစ်နေပါသည်။ လေ့လာတွေ့ရှိချက်အရ တစ်ဦးတည်းပင်လျှင် လက်နက်ကိုင်အဖွဲ့အစည်း သုံးဖွဲ့အထိ တော်လှန်ရေး လုပ်ငန်းကို တာဝန်ထမ်းဆောင်သည့်ဖြစ်စဉ်များရှိပါသည်။ ထို့ကြောင့်

လက်နက်ကိုင်အဖွဲ့အစည်း တစ်ရပ်ပြိုလဲသွား၊ ယုတ်လျော့ အားနည်းသွားသည့်တိုင်၊ လူမျိုးစု တစ်စု၏ ကိုယ်စားပြု လက်နက်ကိုင်အဖွဲ့အစည်းသည် အခြားသော ပုံသဏ္ဍာန်တစ်ရပ်ဖြင့် ပြန်လည် ပေါ်ပေါက်လာသည့်အခါ အသစ်ပေါ် ပေါက်လာသည့် အဖွဲ့အစည်းကို အားပေးကူညီရန် လူမျိုးစု တစ်စုအတွင်းမှာပင် အစီအရီပေါ်ပေါက် လာသည့်သဘောရှိတတ်ပါသည်။

လက်နက်ကိုင်တော်လှန်ရေးဆင်နွဲခြင်းသည် အာမခံချက်မရှိသည့်တိုင်၊ မျှော်လင့်ချက်တစ်စုံတရာ အတွက် ဟူသော ညီညွတ်ဖမ်းစားနိုင်မှု ရှိနေသည်ကိုတွေ့ရသည့်အပြင်၊ နောင်မျိုးဆက်အတွက် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်း ဟူသော ခံယူချက်ကိုလည်း အထင်အရှားတွေ့ရပါသည်။

ကျဆုံးလေပြီးသော တော်လှန်ရေးရဲဘော်များ၏ ပေးဆပ်မှုက တော်လှန်ရေးကို ပြီးဆုံးသည့်အထိ လျှောက်လှမ်းရန် အဓိကတွန်းအားပေးသည့် အကြောင်းအရာဖြစ်သည့်အပြင်၊ တော်လှန်ရေးသည် ဘဝတန်ဖိုးတစ်ရပ်ဖြစ်သည်ကို တွေ့ရပါသည်။

လူထုနှင့်ဒေသကို ကာကွယ်စောင့်ရှောက်ရမည်ဟူသော ရည်ရွယ်ချက်နှင့် လက်နက်ကိုင်နိုင်ငံရေးသည် အထိရောက်ဆုံးနှင့် လက်ငင်းအကျိုးမြင်ရသည်ဟူသော နားလည်မှုသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွင် တွေ့ရသည့် လုပ်ဆောင်မှုဆိုင်ရာဖွင့်ဆိုချက်ဖြစ်ပါသည်။

လက်နက်ကိုင်အဖွဲ့အစည်းများ၏ ပညာရေးစနစ်သည် ၎င်းတို့ တည်ဆောက်လိုသော လူ့အဖွဲ့အစည်းနှင့် အနာဂတ်မြင်ကွင်းကို တည်မှီ၍ စနစ်တကျဒီဇိုင်းဆင် တည်ဆောက်ထားသည့် အတွက် အနာဂတ်ဆိုင်ရာ တန်ဖိုးများ ပါဝင်နေသည့်အပြင်၊မိမိတို့၏ ဘာသာစကား၊ စာပေ၊ သမိုင်းနှင့် ယဉ်ကျေးမှုတို့ကိုလည်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည်ဟူသော တန်ဖိုးများလည်း ပါဝင်နေပါသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏လုံခြုံရေးဆိုင်ရာတွင် မိမိတို့စိုးမိုးနယ်မြေအတွင်းရှိ လူထုကို လည်းကောင်း၊ နယ်မြေအပိုင်းအခြားကိုလည်းကောင်း ထိန်းသိမ်းကာကွယ်ရမည် ဟူသော တာဝန်ယူမှုသည် အဓိကဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းပိုင်းတွင်လည်း နိုင်ငံတော်အစိုးရနည်းတူ မိမိတို့၏ အရပ်ဒေသတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် သီးခြားစနစ်အဖြစ် ခိုင်ခိုင်မာမာရပ်တည် လည်ပတ်နေပြီး၊ ဒေသခံလူထုအတွက် အခြေခံဝန်ဆောင်မှုကိုပင် ပေးစွမ်းနိုင်သည်ကို တွေ့ရပါသည်။ သီးခြားစနစ် ဖြစ်တည်မှုနှင့်အတူ ဒေသခံ လူထုနှင့်လည်း သဟဇာတဖြစ်မှုသည်လည်း ခိုင်မာအားကောင်းနေသည်ကို တွေ့ရပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များတွင်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့မတူညီသော သီးခြားစနစ်ဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး ကဏ္ဍများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုတိုင်းတွင် အောင်မြင်မှုထက် ဆုံးရှုံးမှုက ပိုမိုကြုံတွေ့ရလေ့ရှိပြီး၊ စစ်ဗျူရိုကရက်တစ်အဖွဲ့အစည်းတစ်ဖြစ်လဲ လက်နက်ကိုင်အဖွဲ့အစည်းများကို ပြောင်းလဲရန် အလွန်ခက်ခဲတတ်ကြောင်းပညာရှင်များ၏ထောက်ပြချက်က လူမျိုးစုလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် အလေးအနက်ထားစဉ်းစားရမည့် အကြောင်းအရာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သက်ဆိုင်ရာဒေသအသီးသီးတွင် အစိုးရသဖွယ် ခိုင်ခိုင်မာမာ ရှိနေသည့် လက်နက်ကိုင်အဖွဲ့အစည်း အုပ်ချုပ်မှုများကို သိမြင်နားလည်နိုင်မှသာ အကောင်အထည် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အချို့သောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ကိုယ်ပိုင်အုပ်ချုပ်မှုအဖွဲ့အစည်း၊ ကိုယ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်နိုင်သည့် အခြေအနေတွင်ရှိနေပါသည်။ အချို့သောအဖွဲ့အစည်းမှာမူ ရပ်တည်နိုင်ရုံ အခြေအနေတွင်သာရှိနေပါသည်။ ခိုင်ခိုင်မာမာတည်ဆောက်နိုင်သည့် အခြေအနေတွင်ရပ်တည်နေသည့် အဖွဲ့အစည်းများတွင်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူညီသော ဝိသေသထူးများလည်း ရှိသကဲ့သို့ ရပ်တည်နိုင်ရုံ အခြေအနေတွင် တည်ရှိနေသော အဖွဲ့အစည်းများတွင်လည်း တစ်မျိုး တစ်ဘာသာ ထူးခြားနေကြသည်များလည်း ရှိပါသည်။ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု ချဉ်းကပ်ဆောင်ရွက်မှုသည် တစ်ထပ်တည်းကျပုံတူကူး ဖြေရှင်းခြင်းသည် အလုပ်မဖြစ်နိုင်ဟုသုံးသပ်သည်။

ဤကဲ့သို့ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခံယူချက်များသည် ဒေသခံပြည်သူလူထုနှင့် တသားတည်း ဖြစ်စေပြီး လက်နက်ကိုင်အဖွဲ့အစည်းများက လုပ်ဆောင်ပေးနေသော လုံခြုံရေး၊ တရားမျှတမှုများသည် ဒေသခံတိုင်းရင်းသားများအတွက် အရေးပါလှသည်။ ထို့ကြောင့် လုံခြုံရေး ကဏ္ဍပြုပြင်ပြောင်းလဲမှု ပြုလုပ် ရာတွင် ဒေသခံတိုင်းရင်းသားလူထုနှင့် လက်နက်ကိုင်အဖွဲ့အစည်း

များတို့သည် အနာဂတ်လုံခြုံရေး၊ တရားမျှတရေးနှင့် ပတ်သက်၍ အာမခံချက်မမြင်နိုင်သေးသရွေ့ ပြုပြင်ပြောင်းလဲမှု ပေါင်းစည်းခြင်းကို လုပ်ဆောင်နိုင်မည်မဟုတ်ပေ။

## ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

(၁) ကျဆုံးလေပြီးသောတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဝင်အာဇာနည်ရဲဘော်များသည် လည်းကောင်း၊ ထိုရဲဘော်များ၏ ပေးဆပ်မှုသည်လည်းကောင်း သက်ဆိုင်ရာလူမျိုးစု အဖွဲ့အစည်းနှင့် လက်နက်ကိုင် အဖွဲ့အစည်းအတွက် ကြီးမားသော သမိုင်းအစဉ်အလာတစ်ရပ်ကဲ့သို့ ဖြစ်တည်နေ သည့်အတွက် ထိုသို့သော လူမှုတန်ဖိုး၊ သမိုင်းတန်ဖိုးကို အသိအမှတ်ပြုရန် လိုအပ်သည်။

(၂) အကယ်၍ ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု လုပ်ဆောင်မည်ဆိုပါက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ပညာရေးစနစ်၏ အဓိကကျောရိုးဖြစ်သော မိမိတို့၏ကိုယ်ပိုင် ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေနှင့် သမိုင်းတို့ကို သိမ်မွေ့စွာ ပေါင်းစပ်ထည့်သွင်း အကောင် အထည် ဖော်ရမည်။

(၃) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အုပ်ချုပ်နေသောဒေသရှိ လူထုတွင် တရားမျှတမှုနှင့် ပတ်သက်ပြီး အသားကျလက်ခံထားသော စံနှုန်း၊ ဓလေ့များရှိပြီးသားဖြစ်၍၊ ထိုဒေသတွင် တရားမျှတမှုနှင့်ပတ်သက်၍ ပြင်ပစံနှုန်း၊ ဓလေ့များဖြင့် တိုင်းတာဆုံးဖြတ်၍ မရနိုင်သည်ကို သတိပြုရန် လိုအပ်သည်။

(၄) အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ဒေသတစ်ခုအတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းက ပေးနေသော ဝန်ဆောင်မှုလုပ်ငန်းများကို ရုပ်သိမ်းလိုက်မည်ဆိုပါက နိုင်ငံတော်အစိုးရမှ အပြည့်အဝအစားထိုး တာဝန်ယူပေးနိုင်ရမည်။

(၅) လက်နက်ကိုင်အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုဆိုရာတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများသာမက နိုင်ငံတော်အစိုးရနှင့် မြန်မာ့တပ်မတော်တို့သည်လည်း လိုက်လျော ညီထွေစွာပြုပြင်ပြောင်းလဲရန် လိုအပ်သည်။

# ရည်ညွှန်းကိုးကားသည့် စာအုပ်စာရင်း

## မြန်မာဘာသာ

ကင်မ်ဂျိုလီဗ်၊ (The Asia Foundation)၊ မြန်မာနိုင်ငံအတွင်းသဘောထားကွဲလွဲမှုဖြစ်ပွားရာဒေသ များရှိ တိုင်းရင်းသား ပဋိပက္ခများနှင့် အခြေခံလူမှုဝန်ဆောင်မှုများ၊ ဇွန် ၂၀၁၄။

ကင်မ်ဂျိုလီဗ်၊(The Asia Foundation)၊ မြန်မာနိုင်ငံအတွင်းရှိ
တိုင်းရင်းသားလက်နက်ကိုင်ပဋိမက္ခ နှင့် နယ်မြေပိုင်နက် ဆိုင်ရာအုပ်ချုပ်ရေး၊ ဇူလိုင် ၂၀၁၅။

ခူဦးရယ်၊ အမျိုးသားရေးလှုပ်ရှားမှုနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အခန်းကဏ္ဍ တစေ့တစောင်း၊ ၂၀၁၄ခုနှစ်၊ (ပထမအကြိမ်)၊ အေဘောနေဇာပုံနှိပ်တိုက်၊ ရန်ကုန်။

စည်သူကျော်၊ တော်လှန်မှုများထဲကဗမာပြည်၊ ၂၀၁၇ခုနှစ်၊ (ပထမအကြိမ်)၊
ရန်ကုန်လမ်းမများစာပေ။

ဆလိုင်းလျန်မှုန်း။ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှု အတွဲ -၂၊ ၂၀၁၆ခုနှစ်၊ ပထမအကြိမ်။

တပ်မတော်သမိုင်း၊ စတုတ္ထတွဲ၊ ၁၉၄၈-၁၉၆၂၊ ၁၉၉၆ခုနှစ်။

ထွန်းလင်းတောက်ပသောခရီး(June 2019)၊ ရှမ်းအရှေ့ အထူးဒေသ(၄) နှစ်(၃၀) မှတ်တမ်း ဓာတ်ပုံစာအုပ်။

ပင်လုံလက်စွဲ၊ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံစိတ်ဓာတ်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ၂၀၁၈ခုနှစ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ။

ဖူးကီးဒို၊ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး၊၂၀၁၄ခုနှစ်၊ ဂုဏ်သီရိပုံနှိပ်တိုက်။

မင်းအောင်မင်း။ ကချင် ဖြစ်တည်ခြင်းနှင့် ဖြစ်လာခြင်း၊ ၂၀၁၇ခုနှစ်၊ စာ -၁၄၈။

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း၊ ၂၀၁၅ခုနှစ်၊ Burma News International။

ရှယ်လီဆိုင်း။ ကျမနှင့် တော်လှန်ရေးခရီးစဉ်၊ ၂၀၁၄ ခုနှစ်။ ပန်းဝေဝေ စာပေ။

ဘရိုင်ယန်မက်ကာတန်နှင့် ကင်မ်ဂျိုလီမ်၊ (The Asia Foundation)၊ တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများ၏ တရားစီရင်ရေး စနစ်များ၊ အောက်တိုဘာ ၂၀၁၆။

မောင်စင်ကြယ်၊ မာနယ်ပလော ခရီးသည်၊ ၂၀၁၇ခုနှစ်၊ ကရင်အမျိုးသားစာပေတိုက်၊

မောင်မောင်စိုး၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ပြဿနာ ဆောင်းပါးများ၊ ၂၀၁၆ခုနှစ်၊ ရန်အောင်စာပေ။

မောင်မောင်စိုး၊ ရခိုင်ပြည်နယ် လက်တွေ့နိုင်ငံရေးပြဿနာနှင့် တိုင်းရင်းသားပြည်နယ်များ၏ ဖက်ဒရယ်ပြဿနာ၊ ဖက်ဒရယ်ဂျာနယ်၊ အတွဲ၅၊ အမှတ် ၂၀၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလထုတ်။

မောင်မောင်စိုး။ တိုင်းရင်းသားလက်နက်ကိုင်များအကြောင်း တစေ့တစောင်း၊ ၂၀၁၆ခုနှစ်။ ရန်အောင်စာပေ။

မောင်မောင်စိုး။ အသစ်မြင် မြန်မာပြည်ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သုံးသပ်ချက်၊ ၂၀၁၇ခုနှစ်၊ ရွှေနဒီစာပေ။

နောင်ကျော်၊ ချိုးကူးသံကို မလွမ်းဘူးလား အမေ၊ ၂၀၁၆ခုနှစ်၊ သင်းစာပေ။

နိုင်ပန်းသာ၊ မွန်နိုင်ငံရေးလှုပ်ရှားမှု သမိုင်းအတွေ့အကြုံ၊ ၂၀၁၄ခုနှစ်၊ ဒုတိယအကြိမ်၊ ဇင်ရတနာစာပေ။

သန်းဝင်းလှိုင်။ သူတို့တိုက်ခဲ့ရသောစစ်နှင့် သူတို့ရှာနေသော ငြိမ်းချမ်းရေး၊ ၂၀၁၇ခုနှစ်၊ လဝန်းရိပ်စာပေ။

အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းများ၊ ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု အင်စတီကျူနှင့် EBO- Myanmnar။

SAFERWORLD - ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် ၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသမှ လုံခြုံရေး၊ တရားမျှတရေး၊ အုပ်ချုပ်ရေး၊ နိုဝင်ဘာလ၊ ၂၀၁၈။

SAFERWORLD၊ ပဋိပက္ခခံစားခဲ့ရသော ဒေသများအတွင်း လုံခြုံရေးကဏ္ဍပေါင်းစည်းရေး၊ မြန်မာနိုင်ငံအတွက် ဆင်ခြင်သုံးသပ်ခြင်း၊ ဩဂုတ်လ၊ ၂၀၁၈။

## အင်္ဂလိပ်ဘာသာ

Adult Education Perspectives for Judicial Education. (1992). "Chapter 12: Organizational Change and Development," Georgia Center for Continuing Education, University of Georgia.

Aerts, D., Apostel, L., Hellemans, B., Maex, E., Belle, H. V. & Veken, J. V. D. (2017). World Views from ragmentation to integration, Internet Editions.

Bruneau, T & Trinkunas, H. (2008). "Global Politics of Defense Reform", Palgrave Macmillan.

Bultmann, D. (2018). The Social structure of armed groups: Reproduction and change during and after conflict, Vol.29, No.4, Amall Wars & Insergences.

Jary D and Jary J. (1991). " Collins Dictionary of Sociology," Harper Collins Publisher.
Hillary O. Odor. (2018). Organisational Change and Development, European Journal of Business and Management, Vol.10, No.7.

James N. A. (2014)" What in the World is a worldview? Part 2,". Online at: https://www.crossway.org/articles/the-importance-of-worldview-awareness/ (accessed date: Nov 20, 2019)
Kalberg, S. (2004). The past and the present influence of World view: Max Weber on A Neglected Socialolgical Concept, Journal of the Classical Sociology: Vol 4(2).

Mark E. Koltko-Rivera (2004)., The Phychology of worldviews, Vol.8, No.1.

Moerman, M. (2018). ”The Importance of World view,” online at: http://www.murraymoerman.com/home/importance_of_worldview.asp (accessed date: Nov 20, 2019)

Oxford dictionaries, (2019). ”Worldview,” Online at: https://en.oxforddictionaries.com/definition/weltanschauung (accessed date: Nov 20, 2019)

Paul.K. (2012). “By Force of Arms,” Burma Centre for Ethnic Studies, Thailand.

Philips W.G & Brown, W. E. (2008). Making sense of your world, A biblical worldview, Facultt Book 6.

Sire. J. W. (2004). Naming the Elephant: Worldview as a concept.

The American Scientific Affiliation. (2011). “What is Worldview? – Definition and Introduction,”
https://cpworldlithock2012.files.wordpress.com/2012/08/worldview-intro-streamlined.pdf (accessed date: Nov 20, 2019)

The Scots Collage (Sydney Australia). (2017). Educational philosophy: what is it all about? https://www.tsc.nsw.edu.au/tscnews/educational-philosophy-what-is-it-all-about (Accessed date: Nov 20, 2019)

Vidal, C. (2008). What is Worldview? Online at: http://cogprints.org/6094/2/Vidal_2008-what-is-a-worldview.pdf (Accessed date: Nov 20, 2019)

# ကျေးဇူးတင်စကား

ဤသုတေသနစာတမ်း ဖြစ်မြောက်အောင် ပါဝင်ကူညီပေးကြသည့် ပုဂ္ဂိုလ်များအားလုံးကို လေးနက်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါသည်။ တွေ့ဆုံမေးမြန်းရာတွင် လက်ခံဖြေကြားပေးပါသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ခေါင်းဆောင်များ၊ အရာရှိများနှင့် တာဝန်ရှိသူများ အားလုံး၏ စိတ်ရှည်မှု၊ အချိန်ပေးမှုတို့သည် ဤစာတမ်းအတွက် ကြီးမားသော အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ ၎င်းတို့၏ တော်လှန်ရေးဘဝ ဖြတ်သန်းမှု၊ ခံယူချက်၊ သဘောထားနှင့် ရန်သူအပေါ် ခွင့်လွှတ်နားလည်ပေးမှုတို့ကို ကြားသိမှတ်သားခဲ့ရသည့်အတွက် အလွန်ပင်စိတ်ဝင်စားဖွယ်ရာကောင်းခဲ့ပြီး အကျိုးများလှသည့် သုတေသနမေးမြန်းမှု တစ်ရပ်ဖြစ်စေခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ရန်ပုံငွေကူညီပံ့ပိုးပေးသော Joint Peace Fund အဖွဲ့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ သုတေသနမူကြမ်းကို ကနဦး ဝေဖန်ထောက်ပြအကြံပေးခဲ့သည့် ဦးရဲမျိုးဟိန်း (တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့)၊ စာတမ်းကို ပွင့်လင်းစွာ အကြံပြုစိစစ်ပေးခဲ့သည့် ဒေါက်တာမင်းခင်မောင်ရင်၊ စာတမ်းကို အကြံပြုပေးရုံမက အမှာစာ ချီးမြှင့်ပေးပါသော ဆရာမ မိဆူးပွင့်တို့ကိုလည်း အသီးသီးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းအပ်ပါသည်။ သုတေသနစီမံကိန်းအစမှ အဆုံးတိုင်အောင် ရံခါမပြတ် သုတေသနဆိုင်ရာ လမ်းညွှန်မှု၊ အကြံပြုမှုပေးပါသော ဒေါက်တာ စိုင်းဦး၊ မူကြမ်းများကို စိတ်ရှည်စွာ စိစစ်ဖတ်ရှုပေးသည့် မော်သိုးမိုး၊ စလင်းကိုလှိုင်၊ သုတေသန ခရီးစဉ်တိုင်း၏ အုပ်ချုပ်ထောက်ပံ့မှုအတွက် စီစဉ်ပေးသည့် မူပီကေတို့ကိုလည်း ကျေးဇူးတင်ရှိ ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အနာဂတ်လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့်
ပေါင်းစည်းရေးတို့သည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင်
ပါဝင်ပတ်သက်နေကြသည့် အင်အားစုအားလုံးအတွက်
ရှောင်လွှဲရန်ခက်မည့် အကြောင်းအရာတစ်ရပ်ဖြစ်သည်။
တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့ဝင်များနှင့်
ခေါင်းဆောင်တို့၏ လောကအမြင်၊ ယုံကြည်မှု၊ တန်ဖိုးစနစ်
အဖွဲ့အစည်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုတို့ကို လေ့လာပြီး
မဝေးတော့သည့် အနာဂတ်ကာလတစ်ခုတွင် ဖြစ်လာနိုင်မည့်
စစ်မှန်သော ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နဖူးတွေ့ဒူးတွေ့
ကြုံတွေ့လာနိုင်မည့် တုံ့ပြန်မှု၊ ခုခံမှုတို့ကို ချင့်တွက်စဉ်းစား
နိုင်ရန်အတွက် "တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး
အဖွဲ့များနှင့် သူတို့၏လောကအမြင်" စာအုပ်ကို
ပြည်ထောင်စုအင်စတီကျူ့မှ ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုအင်စတီကျူ့သည်
၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းတည်ထောင်သည့်
လွတ်လပ်သော အရပ်ဖက်အဖွဲ့တစ်ခုဖြစ်သည်။
ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ တရားမျှတရေး၊
တိုင်းရင်းသားများအကြား ပြန်လည်ရင်ကြားစေ့ရေး၊
တန်းတူအခွင့်အရေး ရရှိရေးနှင့်
ဖက်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက်
ပါဝင်ပတ်သက်သော အဖွဲ့အစည်းအသီးသီးနှင့်
ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။